# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တပေါင်းလပြည့်ကျော် (၅) ရက် ၊ သောကြာနေ့ ၊ (10-3-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၁၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု၏အရအသုံးခန့်မှန်းခြေငွေစာရင်းများတင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် မတ် ၉**

၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများ တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး၌ ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦး၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင်

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**



ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများတင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။




ရတနာပုံ
၂၀၂၃ ခုနှစ် မတ် ၁၀ ရက်
အယ်ဒီတာ့အာဘော်

# တက္ကသိုလ်ဝင်စာမေးပွဲမှ အဆင့်ဆင့်လှမ်းတက် နိုင်ငံအတွက်

၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ်လ ၈ ရက်နေ့က စတင်ကျင်းပလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ဖြေဆိုနေကြကြောင်း တွေ့ရသည်။

တက္ကသိုလ်ဝင်စာမေးပွဲသည် ပညာအရည်အချင်းကိုစစ်ဆေးသည့်စာမေးပွဲဖြစ်သလို ကျောင်းသားလူငယ်များအတွက် အရေးပါသော ဘဝစာမေးပွဲတစ်ခုဟုလည်း ဆိုနိုင်သည်။ ယခုဖြေဆိုနေကြသော တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်မှု၊ ကျရှုံးမှုသည် ဖြေဆိုသူ ကျောင်းသားလူငယ်တို့၏ ဘဝကို တစ်ဆစ်ချိုးပြောင်းလဲသွားစေနိုင်သောကြောင့် ဘဝစာမေးပွဲပမာ တင်စားဆိုနိုင်ခြင်းဖြစ်သည်။

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်စာစစ်ဌာနနှင့် ဖြေဆိုသူစာရင်းသွင်းအရေအတွက်မှာ ခရိုင် ၁၂၄ ခရိုင်၊ မြို့နယ် ၃၀၉ မြို့နယ်၊ စာစစ်ဌာန ၈၆၃ ဌာနတို့တွင် စာရင်းရှိဦးရေမှာ ၁၇၉၈၄၃ ဦးရှိပြီး စာမေးပွဲပထမနေ့ မြန်မာစာ ဘာသာရပ် လာရောက်ဖြေဆိုသူဦးရေမှာ ၁၆၁၈၅၁ ဦးရှိခဲ့ရာ ဖြေဆိုသူရာခိုင်နှုန်းမှာ ၉၀ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရသည်။

အဆိုပါ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့် အပြင်များတွင် သက်ဆိုင်ရာလုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက စနစ်တကျ စောင့်ကြပ်ကြည့်ရှုပေးလျက်ရှိသည်မှာလည်း ပညာရေးရင်းနှီးမြှုပ်နှံမှုအတွက် ပူးပေါင်းဖြည့်စွက်ကြခြင်းဟုဆိုနိုင်သည်။

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေစဉ်အချိန်အတွင်း စားသောက်နေထိုင်မှု ဂရုပြုရမည်ဖြစ်သလို လေ့ကျင့်ခန်းများ၊ သင်ခန်းစာများ ပြန်လည်ကျက်မှတ်ခြင်း၊ ပုံမှန်အိပ်စက်ချိန်ရယူခြင်းတို့ ဆောင်ရွက်ကာ ကျန်းမာရေးနှင့်ညီညွတ်အောင် နေထိုင်ကျင့်သုံးအပ်ပေသည်။ အခြားမလိုအပ်သည်များကို အချိန်မပေးဘဲ စာမေးပွဲဖြေဆိုနိုင်ရန်ဇောက်ချလျက် ဆောင်ရွက်အပ်ပေသည်။ တက္ကသိုလ်ဝင်စာမေးပွဲသည် ဖြေဆိုသူကျောင်းသား၊ ကျောင်းသူတို့၏ အရည်အချင်းကို ပေါ်လွင်စေသည်သာမက နိုင်ငံအတွက်လည်း လူ့စွမ်းအားအရင်းအမြစ်များကို ထွက်ပေါ်လာစေသည်ဖြစ်ရာ မည်မျှအရေးပါသည်ကို သိရှိနိုင်ပေသည်။

ကျောင်းသား၊ မိဘ၊ ဆရာ ပူးပေါင်းကာ ပညာရေးရည်မှန်းချက်သို့ တက်လှမ်းကြရာတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်း အဆင့်ဆင့်ဖြတ်သန်းခဲ့ကြပြီးနောက် ယခုအခါ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်အောင် မဆုတ်မနစ်သောဇွဲ၊ လုံ့လဖြင့် ဖြေဆိုနေကြသည်ကိုလည်း ဝမ်းမြောက်ဂုဏ်ယူဖွယ် တွေ့ရပေသည်။ စာမေးပွဲအောင်မြင်ရေးသည် ပထမ၊ ကျန်းမာခြင်းသည် အဓိက၊ ကြိုးစားအားထုတ်မှုသည် ပဓာနဟု မှတ်ယူလျက် ကြိုးစားခြင်းဖြင့် ပညာရေးရည်မှန်းချက်ကို ရောက်ရှိနိုင်မည်ဖြစ်ပေသည်။

သို့ဖြစ်ပေရာ တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုလျက်ရှိကြသော ကျောင်းသား၊ ကျောင်းသူလူငယ်များအနေဖြင့် ကြိုးစားအားထုတ်မှုနှင့်အတူ မိမိတို့ရည်မှန်းချက် အောင်မြင်ပြီး မြောက်ကာ မိဘဆရာတို့၏ ဂုဏ်ကျေးဇူးကို ထင်ဟပ်ဖော်ပြနိုင်ကြလျက် ဆက်လက်၍ နိုင်ငံအတွက် အသုံးဝင်တန်ဖိုးရှိသောသူများအဖြစ် မပြတ်သောဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် လှမ်းတက်နိုင်ကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးစျေးကွက်အတွင်း မြစ်သားဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀ ပေါက်စျေးရှိနေ

**မန္တလေး မတ် ၉**

မန္တလေး စျေးကွက်အတွင်း မြစ်သားဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀ ပေါက်စျေးရှိနေကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

မန္တလေး စျေးကွက်အတွင်း မတ်လ ပထမပတ်မှစ၍ မြစ်သားဘက်မှထွက်ရှိသည့် ကြက်သွန်နီများ ဆက်တိုက်အဝယ်လိုက်လျက်ရှိပြီး စျေးကောင်းရရှိခဲ့ကြောင်း၊ ပြည်တွင်းစျေးကွက်အပြင် ပြည်ပကလည်း ကြက်သွန်နီများကို ဝယ်ယူမှု များပြားခဲ့ကြောင်း သိရသည်။

"မန္တလေး စျေးကွက်ထဲမှာ အခုလက်ရှိ မြစ်သားဘက်က ထွက်တဲ့ကြက်သွန်နီတွေကို ကုန်သည်တွေ တော်တော်များများ ဝယ်ယူနေကြတယ်။ မြစ်သားဘက်ကထွက်တဲ့ ကြက်သွန်နီတွေက အရည်အသွေးကောင်းပြီး အလုံးလှတဲ့အတွက် ကုန်သည်တွေ တော်တော်လေး အဝယ်များလာပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး စျေးကွက်အတွင်း မတ်လ ပထမပတ်က မြစ်သားဘက်မှထွက်ရှိသည့် ကြက်သွန်နီစျေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀ သာ ပေါက်စျေးရှိခဲ့သော်လည်း မတ် ၈ ရက် ပေါက်စျေးအရ မြစ်သားဘက်မှ ထွက်ရှိသည့် ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀ ပေါက်စျေးရှိကြောင်း သိရသည်။

"မန္တလေးစျေးကွက်ထဲမှာတော့ အခုလတ်တလော မြစ်သားဘက်ကထွက်ရှိတဲ့ ကြက်သွန်နီက စျေးအကောင်းဆုံးအနေအထားမှာ ရှိနေတယ်။ မြင်းခြံဘက်ကထွက်ရှိတဲ့ ကြက်သွန်နီကတော့ မန္တလေးစျေးကွက်ထဲမှာ အရောင်းအဝယ် ပုံမှန်အတိုင်းပဲ ဖြစ်နေပါတယ်"ဟု ဒေါ်မေသဲဆွေက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ ကျောက်စရစ်သီးသန့်တင်ပို့သည့် သင်္ဘောအစီးရေ များပြားလာ



**မန္တလေး မတ် ၉**

မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ ဆောက်လုပ်ရေး လုပ်ငန်းသုံး ကျောက်စရစ်သီးသန့်တင်ပို့သည့် သင်္ဘောအစီးရေ များပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များစည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

ယခုအခါ ရေဝတီမြစ်အတွင်း ရေနည်းချိန်ကာလဖြစ်သော်လည်း ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ ကျောက်စရစ်သီးသန့်တင်ပို့သည့် သင်္ဘောများ သွားလာရာတွင် အဆင်ပြေစွာ သွားလာလျက်ရှိကြောင်း၊ ရေကြောင်းကောင်းမွန်သည့်အပြင် ကုန်ကြမ်းရရှိမှုလည်း များပြားလာမှုကြောင့် မတ်လ ဒုတိယပတ်မှစ၍ ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ ကျောက်စရစ်သီးသန့်တင်ပို့သည့် သင်္ဘောအစီးရေ ယခင်ကထက် ပိုမိုများပြားလျက်ရှိကြောင်း သိရသည်။

"အခုလတ်တလော ရွှေကြက်ယက်ဆိပ်ကမ်းကနေ ရန်ကုန်ကို တင်ပို့မဲ့ ကျောက်စရစ်တွေ တော်တော်လေး များလာတယ်။ ဒီဆိပ်ကမ်းကနေ ကျောက်စရစ်အပြင် ဘိလပ်မြေနဲ့ ကျောက်မီးသွေးတင်ပို့မှုတွေလဲရှိပါတယ်" ဟု ဦးဝင်းမောင်က ပြောပြသည်။

ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ ကျောက်စရစ်သီးသန့်တင်ပို့သည့် သင်္ဘောအစီးရေမှာ မတ်လ ပထမပတ်အတွင်းက သင်္ဘောအစီးရေ ၃၀ ကျော်သာရှိခဲ့ကြောင်း၊ ယခုအခါ ကုန်ကြမ်းရရှိမှုများပြားလာ၍ မတ်လ ဒုတိယပတ်မှစ၍ ကျောက်စရစ် သီးသန့်တင်ပို့သည့် သင်္ဘောအစီးရေ ၆၀ ကျော်ထိရှိလာပြီး ပိုမိုများပြားလာကြောင်း သိရသည်။

"အခု ရွှေကြက်ယက်ဆိပ်ကမ်းမှာက ကုန်ကြမ်းရရှိမှုက တော်တော်လေး အားကောင်းလာတယ်။ အခုလတ်တလောကတော့ ကျောက်စရစ်က အများဆုံးဖြစ်နေပါတယ်" ဟု ဦးဝင်းမောင်က ပြောပြ၍ သိရသည်။ (၁၈၄)

# အာမခံအလုပ်သမားများ၏ အကျိုးခံစားခွင့်များအတွက် ငွေကျပ် သိန်း ၁၈၀၀ ကျော် ခွင့်ပြုထုတ်ပေးထား

**မန္တလေး မတ် ၉**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် လူမှုဖူလုံရေးရုံးမှ အာမခံအလုပ်သမားများ၏ အကျိုးခံစားခွင့်များအတွက် ငွေကျပ်သိန်း ၁၈၀၀ ကျော်ကို ခွင့်ပြုထုတ်ပေးထားကြောင်း အဆိုပါ လူမှုဖူလုံရေးရုံးမှ သိရသည်။

ထိုသို့ ခွင့်ပြုပေးသည့် လူမှုဖူလုံရေးအာမခံများအတွက် အကျိုးခံစားခွင့်ရှိသည့် ၂၀၂၂ ခုနှစ် ဧပြီလမှ ယနေ့ထိ အလုပ်သမားအမှုတွဲ ပေါင်း ၁၅၉၄ မှုရှိပြီး အများစုမှာ မမာမကျန်းမှုများနှင့် အမျိုးသမီး မီးဖွားမှုများအတွက် အများဆုံး တောင်းခံကြကြောင်း၊ ၎င်းအကျိုးခံစားခွင့်များရှိသည့် အမှုတွဲများအတွက် ငွေကျပ်သိန်း ၁၈၀၀ ကျော်ကို ခွင့်ပြုထုတ်ပေးထားပြီး ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် လူမှုဖူလုံရေးရုံးမှ ဦးစီးအရာရှိ ဒေါ်မိုးမိုးသွယ်က ပြောပြသည်။

"အောင်မြေသာစံမြို့နယ် ရုံးကနေ ၂၀၂၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေအရ မမာမကျန်းတာတွေ၊ မီးဖွားတာတွေ၊ အလုပ်ခွင်ထိခိုက်ဒဏ်ရာရတာတွေ၊ သေဆုံးတာတွေ ဖြစ်တဲ့အခါမှာ အာမခံအလုပ်သမားတွေကို ဆေးကုပေးမယ်၊ ငွေကြေးအကျိုးခံစားခွင့်တွေ ပေးမယ်ဆိုပြီး ထည့်ဝင်ကြေးတွေ ကောက်ခံထားတာဖြစ်တယ်။ သူတို့တွေ ကြုံတွေ့လာတဲ့အခါမှာ အချိန်နဲ့တစ်ပြေးညီ မှန်မှန်ကန်ကန် ပေးပါတယ်။သူတို့ ဖော်ပြထားတဲ့ လစာအတိုင်း အကျိုးခံစားခွင့်တွေကို သတ်မှတ်ထားတဲ့ ရာခိုင်နှုန်းတွေအတိုင်း မှန်မှန်ကန်ကန် သူတို့လာတောင်းခံတာနဲ့ အနည်းဆုံး တစ်လအတွင်းမှာ ခွင့်ပြုထုတ်ပေးနိုင်အောင် ဆောင်ရွက်ပေးနေတာပါ။ နာမကျန်းဖြစ်ရင် ဆေးဝါးကုသမယ်၊ ဆေးခွင့်ယူနေတဲ့ကာလအတွင်းမှာ လုပ်ခလစာ လျော့နည်းသွားတာကို အာမခံထားတဲ့အတိုင်း ပြန်လည်ဖြည့်ဆည်းပေးတာပါ။ ဌာနကနေပြီးတော့ မိသားစု စားဝတ်နေရေးအတွက် အလုပ်လုပ်ကိုင်နေကြတဲ့ အလုပ်သမားတွေကို တစ်ဖက်တစ်လမ်းက အကျိုးခံစားခွင့်ရရှိဖို့အတွက် ကူညီဆောင်ရွက်ပေးနေတာပါ"ဟု ဒေါ်မိုးမိုးသွယ်က ပြောပြသည်။

အလုပ်ဌာနများအနေဖြင့် လူမှုဖူလုံရေးအဖွဲ့နှင့် အကျုံးဝင်မှတ်ပုံတင်ထားပြီး အလုပ်သမားများကို အာမခံထားပေးခြင်းအားဖြင့် အလုပ်သမား၏ မကျန်းမာမှု၊ မီးဖွားမှု၊ ဖခင်ဘဝဖြစ်မှု၊ နာရေးစရိတ်၊ ဆေးဖိုး၊ ခရီးစရိတ်များအပြင် လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုကြောင့် ဖြစ်ပွားသည့် ယာယီမသန်စွမ်းမှု၊ အမြဲတမ်းမသန်စွမ်းမှု၊ ကျန်ရစ်သူ အကျိုးခံစားခွင့်များကိုလည်း ရရှိခံစားနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဘဏ်စာရင်း - ၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တမ်းတမ်းတတ မေ့မရတဲ့ ဆရာကြီးဇေယျ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

"**ပွင့်ဖူးမာလာ၊** ဥယျာဉ်သာဝယ်၊ ဖြာဖြာလက်လင်း၊ ရောင်စုံကျင်းသို့၊ စာခင်းဝတ်ဆံ၊ မျိုးစေ့သန်သည်၊ **မြန်မာ့ချက်ပွင့်**၊ စာရည်တင့်၍၊ တောနှင့်လယ်ပြင်၊ ရွာဝန်းကျင်မှ၊ သန်ရှင်ကြီးမြောက်၊ နွယ်ကာပေါက်သည့်၊ **ကောက်ရိုးရွှေနွယ်**၊ အားမာန်ကြွယ်၏၊ မှုန်ခြယ်သီရေး၊ ဇာတိသွေးနှင့်၊ **မြတ်လေးရွှေဓားဗိုလ်**၊ သည်စာဆိုလျှင်၊ ညွှန်းဆိုကာပြု၊ စာအစုနှင့်၊ ဝတ္ထုကဗျာ၊ ဖွဲ့ဆိုပါ၍၊ **ဆရာဇေယျ၊** စာရည်ပြလျက်၊ ခြယ်သအထူး၊ စာညွှန့်ဖူးသည်၊ **လွှင့်မြူးအာကာ ဝေးသည်ကို**"

**သူရဇော်**

၁၉၀၀ ပြည့်နှစ် ဇူလိုင် ၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့၌ မွေးဖွားခဲ့သော ဆရာကြီးဇေယျသည် ၁၉၈၂ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်၌ ကွယ်လွန်ခဲ့သည်။

အသက် ၈၂ နှစ်တွင် ကွယ်လွန်သွားရှာပြီဖြစ်သော ဆရာကြီးဇေယျသာ သက်ရှိထင်ရှားရှိနေလျှင် ယခုအခါ အသက် ၁၁၂ နှစ်ကျော်သွားခဲ့လေပြီ။ လူသေသော်လည်း နာမည်မသေ၊ သူ့စာများလုံးဝမသေဘဲ ရှင်သန်နေဆဲပင်။

ဆရာကြီးဇေယျ၏ စာစုစာရင်းတွင် ပင်ကိုရေးကဗျာ ၁၆ ပုဒ်၊ စာညွှန့် သုံးပုဒ်၊ ဝတ္ထုဆောင်းပါးအပုဒ် ၂၀၊ ဝတ္ထုတို ၉၆ ပုဒ်၊ ခရီးသွားမှတ်တမ်း ၁၇ ပုဒ်၊ စာပေဆိုင်ရာဆောင်းပါး ၁၈၉ ပုဒ်၊ သမိုင်းဆိုင်ရာဆောင်းပါး ၆၈ ပုဒ်၊ အနုပညာဆောင်းပါး ၃၇ ပုဒ်၊ အတ္ထုပ္ပတ္တိဆိုင်ရာဆောင်းပါး ၃၉ ပုဒ်၊ အထွေထွေဆိုင်ရာဆောင်းပါး ၂၈၅ ပုဒ်ရှိကြောင်း သိရသည်။

လုံးချင်းစာအုပ်ပေါင်း ၂၀ ရှိရာ ဆောင်းပါး၊ စာတမ်း၊ ဝတ္ထုတိုပေါင်းချုပ်၊ ဝတ္ထုရှည်ဘာသာပြန်၊ ဝတ္ထုဆောင်းပါးလုံးချင်းများဖြစ်ကြသည်။

ဆရာကြီးဇေယျသည် စာမျိုးစုံရေးသားခဲ့ရာ ယနေ့ခေတ်စားနေသောတက်ကျမ်းများနှင့် ဇာတိသွေး၊ ဇာတိမာန်တက်ကြွစေသော စာများလည်းပါဝင်သည်။

၁၉၉၉ ခုနှစ်တွင် **ရာပြည့်အကြိုဆရာကြီးဇေယျ (၁၉၀၀-၁၉၈၂)အထိမ်းအမှတ် ပထမအကြိမ် ဝါမိုးအောင်ဝတ္ထုတိုပြိုင်ပွဲ**ကျင်းပခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင် **ဆရာကြီးဇေယျ၊ ဆရာကြီးမဟာဆွေ ရာပြည့် အထိမ်းအမှတ်စာတမ်းဖတ်ပွဲနှင့် ဒုတိယအကြိမ် ဝါမိုးအောင်ဝတ္ထုတိုဆုပေးပွဲ**ကိုကျင်းပခဲ့သည်။

ကျွန်တော်တို့ ဆယ်တန်းကျောင်းသားဘဝက ဆရာကြီးဇေယျရေးသားခဲ့သော **မြန်မာ့ချက်ပွင့်(ရွာဓလေ့၊ လူ့ဓလေ့)**စာအုပ်ကို ပြဋ္ဌာန်းခဲ့ရာ **ကောက်ရိုးနွယ်၊ ကန်စွန်းနွယ်၊ သစွတ်ပွင့်ချိန်**တို့ကို ခံစားချက်နှင့် ထပ်တူထပ်မျှ ခံစားကြရသောကြောင့် ဆရာကြီးဇေယျကို ကြည်ညိုလေးစားနေခဲ့သည်။ အထင်လည်းကြီးပြီး တွေ့ချင်မြင်ချင်နေခဲ့သည်။

ကျွန်တော့်အသက် ၃၃ နှစ်နားနီးမှသာ ဇီးကုန်းနှင့် ကြို့ပင်ကောက်ဒေသခံချင်း စမ်းချောင်းမြို့နယ်တွင် တွေ့ဆုံခဲ့ရသောအခါ ရေငတ်တုန်းရေတွင်းထဲကျသလို ဖော်ပြနိုင်စွမ်းမရှိအောင် ဝမ်းသာပီတိဖြစ်ခဲ့ရသည်။

ကျောင်းသားဘဝတွင် မြင်ဆရာဖြစ်ခဲ့သော ဆရာကြီး ဇေယျသည် ကျွန်တော်လူရွယ်ဘဝတွင် သင်ဆရာဖြစ်ခဲ့ရသည်။ ဆရာကြီးဇေယျက ခပ်တည်တည်ဖြင့် အရွှန်းအနောက်စကားများပြောကြားရင်း ဂုဏ်သိက္ခာရှိသော စာရေးဆရာဖြစ်စေရန် လမ်းညွှန်ဩဝါဒစကားများကို အမြဲတမ်းပြောကြားခဲ့သည်။

ဆရာကြီးဇေယျက သူရေးသားခဲ့သော ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုများ၏အနှစ်ချုပ်ကို ပမာထုတ်ကာ ရိုးရိုးရှင်းရှင်းနှင့်စာဖတ်သူ နားလည်ခံစားခံယူတတ်အောင် ရေးသားရန် နည်းလမ်းပြခဲ့သည်။ ဘဝမမေ့၊ ဓလေ့ကိုမပစ်ပယ်ရန်လည်း ကျွန်တော့်ကိုသတိပေးခဲ့သည်။ ပိုင်နိုင်ကျွမ်းကျင်မှုမရှိသည့်အကြောင်းခြင်းရာများကို ဘယ်သောအခါမျှမရေးမိစေရန်လည်း တားမြစ်ခဲ့သည်။ စားသွားထက် ကလောင်သွားထက်သည်မှန်သော်လည်း ပုဂ္ဂိုလ်ရေးအာဃာတ အယူအဆမတူမှုကြောင့် ငြူစူပုတ်ခတ်သည့် စာဖျင်းစာညံ့များကိုလည်း လုံးဝမရေးသားရန် တဖွဖွမှာကြားခဲ့သည်။

ကျွန်တော့်အနေဖြင့် မြင်ဆရာ၊ သင်ဆရာဖြစ်ခဲ့သော ဆရာကြီးဇေယျ၏ ဩဝါဒများကို ယနေ့တိုင်မမေ့နိုင်ဘဲ သတိရတမ်းတနေမြဲပါ။ လွမ်းဆွတ်နေဆဲပါ။

ဘဝကိုမမေ့၊ ဓလေ့ကိုမပစ်ပယ်ခဲ့သော ဆရာကြီးဇေယျသည် သူကိုယ်တိုင်ရေးသားခဲ့သော **ကောက်ပင်ဝါဝင်း**ကဗျာ၊ **မိုးဦးကျတွင် လွမ်းရကြောင်း**ဘွဲ့လေးချိုး၊ **နွေရာသီတောတောင်ဘွဲ့ ရတုပိုဒ်ရံ** မိုးဘွဲ့ကဗျာများ၊ **ကောက်ရိုးနွယ်**စာညွှန့်ဆောင်းပါး၊ **ကန်စွန်းနွယ်**ဝတ္ထုဆောင်းပါး၊ **တောကအလုပ်**ဝတ္ထုဆောင်းပါး၊ **ဒို့ရွာဒို့ကျောင်း၊ ပျော်စရာပေါတဲ့ ဒို့တောရွာ၊ မြစက်ကလေး၏မျက်နှာ**ဝတ္ထုဆောင်းပါးများ၊ **တောလားသစ်**ဝတ္ထုတို၊

> ❖ ဆရာကြီးဇေယျက သူရေးသားခဲ့သော ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုများ၏ အနှစ်ချုပ်ကိုပမာထုတ်ကာ ရိုးရိုးရှင်းရှင်းနှင့် စာဖတ်သူ နားလည်ခံစားခံယူတတ်အောင်ရေးသားရန် နည်းလမ်းပြခဲ့သည်။ ဘဝမမေ့၊ ဓလေ့ကိုမပစ်ပယ်ရန်လည်း ကျွန်တော့်ကိုသတိပေးခဲ့သည်။ ပိုင်နိုင်ကျွမ်းကျင်မှုမရှိသည့်အကြောင်းခြင်းရာများကို ဘယ်သောအခါမျှမရေးမိစေရန်လည်း တားမြစ်ခဲ့သည်။ စားသွားထက် ကလောင်သွားထက်သည်မှန်သော်လည်း ပုဂ္ဂိုလ်ရေးအာဃာတ အယူအဆမတူမှုကြောင့် ငြူစူပုတ်ခတ်သည့် စာဖျင်းစာညံ့များကိုလည်း လုံးဝမရေးသားရန် တဖွဖွမှာကြားခဲ့သည်။ ❖

**မြန်မာ့ချက်ပွင့်(စာဓလေ့)၊ မြန်မာ့ချက်ပွင့်(ရွာဓလေ့၊ လူ့ဓလေ့)**လုံးချင်းစာအုပ်များက ရိုးရာယဉ်ကျေးမှုနှင့် မြန်မာ့စိတ်ရင်းကိုဖော်ပြကာ ဘဝကိုမမေ့ကြောင်း၊ ဓလေ့ကိုမပစ်ပယ်ကြောင်း သက်သေပြနိုင်ခဲ့သည်။

ကျွန်တော်က စမ်းချောင်းမြို့နယ် စာပေလုပ်သားအဖွဲ့ကထုတ်ဝေခဲ့သည့် **စမ်းမြသီတာစာစောင်**(မဂ္ဂဇင်း) ကို ဆရာကြီးဇေယျမကွယ်လွန်မီ ၁၉၈၂ ခုနှစ်ဆန်းတွင် တာဝန်ယူထုတ်ဝေခဲ့ရာ ဆရာကြီးဇေယျထံမှ စာမူတောင်းခံခဲ့သည်။ ဆရာကြီးကလည်း ဒေသခံချင်းပမာ ကြင်နာစွာဖြင့် လိုလိုလားလားပင် စာမူတစ်ပုဒ် ချီးမြှင့်ခဲ့သည်။

ဆောင်းပါး၏ ခေါင်းစီးက **ဖတ်လည်းဖတ်၊ မှတ်လည်းမှတ်**ဟု ပေးထားသည်။ ဆရာကြီးဇေယျက သူပေးထားသော ခေါင်းစီးနှင့်အညီ ရေးသားထားရာ၌ "လောက၌ ဆင်းရဲသည်၊ အောက်ကျနောက်ကျဖြစ်ရသည်များမှာ ဗဟုသုတမရှိကြသောကြောင့်ဖြစ်ကြောင်း၊ ရန်သူအမျိုးမျိုးဝိုင်းရံလျက်ရှိသော လူ့ဘဝအတွက် ဗဟုသုတသည် အကောင်းဆုံး အကာအကွယ်ဖြစ်ကြောင်း၊ ဗဟုသုတဆိုသည်မှာ တစ်ဆင့်စကားကြောင့်သိရသော **သုတ**၊ မျက်မြင်ကြုံတွေ့ရသော **ဒိဋ္ဌ**၊ ကိုယ်တွေ့ခံစားရသော **မုတ**ဟူ၍ သုံးမျိုးရှိကြောင်း၊ ထိုသုံးမျိုးအနက် တစ်ဆင့်စကားကြားရသော **သုတ**ထက်၊ ကိုယ်တိုင်မြင်တွေ့ရသော **ဒိဋ္ဌ**ကပို၍ ကောင်းကြောင်း၊ **ဒိဋ္ဌ**ထက်ကိုယ်တိုင်ခံစားရသောကိုယ်တွေ့**မုတ**ကပို၍ ကောင်းကြောင်း၊ သို့သော် ဗဟုသုတရလိုကြသူများ အနေဖြင့် ကိုယ်တွေ့မျက်မြင်မျှလောက်ဖြင့် မပြည့်စုံနိုင်။ တစ်ဆင့်စကားများကိုသာ အများဆုံးအားကိုးကြရမည်ဖြစ်ရာ တစ်ဆင့်စကားများပါရှိသော စာအုပ်များကိုပင် ဖတ်ရှုမှတ်ယူကြရမည်ဖြစ်ကြောင်း ဘယ်လောက်ပင်ဗာဟီရအလုပ်ကိစ္စများသောသူဖြစ်စေကာမူ အားလပ်သောအချိန်ကလေးများ ရနိုင်ကြသည်ဖြစ်ရာ ထိုအချိန်ကလေးမှာ အတင်းအဖျင်းစကားပြောကြားနေကြမည့်အစား၊ အလကားငေးမောနေကြမည့်အစား စာကိုတစ်ပိုဒ်စ၊ တစ်ခန်းစဖတ်နိုင်ကြောင်း၊ ခေါင်းထဲကို အတင်းထိုးထည့်စရာမလိုကြောင်း၊ အရေးကြီးသည်မှာ နည်းသည်၊ များသည် မဟုတ်ဘဲ ဖတ်မိသမျှ မှတ်မိရန်လိုကြောင်း၊ နားလည်ရန်လိုကြောင်း၊ ဖတ်မိသော်လည်းမမှတ်မိ၊ မှတ်မိသော်လည်းနားမလည်လျှင် ကြက်တူရွေးစကားတတ်၍ မျောက်ဘိုးစိန်ကသကဲ့သို့သာရှိချေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဗဟုသုတလိုချင်လျှင် စာဖတ်ရမည်ကိုမကြောက်နှင့်။ ဖတ်နိုင်သလောက်သာဖတ် မှတ်မိနိုင်သလောက်မှတ်ပါ။ တစ်နေ့လျှင် တစ်ခုပဲမှတ်မိပါက ၃၆၅ ရက် တစ်နှစ်ကြာလျှင် ၃၆၅ ခုမှတ်မိကာ ၁၀ နှစ်ကြာလျှင် ပညာရှင်ကြီးတစ်ဦးဖြစ်နိုင်ကြောင်း" သာဓကများဖြင့် ရေးသားထားရာ စာပေတက်ကျမ်းတစ်ပုဒ်ဟု သတ်မှတ်နိုင်သည်။ အလွန်ပင်မှတ်သားနာယူဖွယ်ကောင်းလှသည်။

ဆရာကြီးဇေယျ ၁၉၈၂ ခုနှစ်က ရေးခဲ့သော အဆိုပါဆောင်းပါးမှာ ယနေ့ကျွန်တော်တို့ စဉ်ဆက်မပြတ်ဆောင်ရွက်နေသော **စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး** လုပ်ငန်းစဉ်၏ ရှေ့ပြေးလှုံ့ဆော်ရေးသားချက်ဆိုလျှင် မမှားပေ။ **စာမဖတ်သူ ပပျောက်ရေး**ဆောင်ပုဒ်က ဆရာကြီးဇေယျက ကြိုတင်၍ ဟောကိန်းထုတ်ခဲ့သည့်နှယ်၊ မှန်ကန်ထိရောက် တန်ဖိုးရှိလှပါပေသည်။

ရှေးပညာရှင်ကြီးများကား အမြော်အမြင်ကြီးမားလှပေစွတကား။

စာပေလောကတွင် တက်ကျမ်းများနှင့် နိုင်ငံရေးစာပေများ ရောင်းအားကောင်း၊ ဖတ်အားကောင်း မျက်နှာပန်းပွင့်ခဲ့ကြသည်။ သို့သော် တချို့က ပြည်ပမှ သန်းကြွယ်သူဌေးကြီးများ၊ လုပ်ငန်းရှင်ကြီးများ ကြီးပွားတိုးတက်လာကြပုံကို ဘာသာပြန်၍ ထုတ်ဝေနေကြခြင်းဖြစ်သည်။

အင်္ဂလိပ်စာကျွမ်းကျင်ပြီး ဘာသာပြန်တော်သော ဆရာကြီးဇေယျကမူ တောဓလေ့၊ ရွာဓလေ့၊ လူ့ဓလေ့များကို ရေးသားရင်းဖြင့် မြန်မာ့လူ့ဘောင်လောကထဲမှ တက်ကျမ်းဆန်သောစာပေများကို ကြိုတင်၍ ရေးသားခဲ့သည်။ မည်သူငြင်းဆန်ဝံ့မည်နည်း။

ပမာတင်ပြရလျှင် ကျွန်တော်တို့ အထက်တန်းကျောင်းသားဘဝက သင်ကြားခဲ့ကြရသော **မြန်မာ့ချက်ပွင့်(ရွာဓလေ့၊ လူ့ဓလေ့)**စာအုပ်ထဲမှ **ကန်စွန်းနွယ်**ကို ဖတ်ရှုကြည့်နိုင်သည်။

"နှင်းဆီသည် ကောင်းပါ၏။ လှပါ၏။ သို့သော် လူတို့က စိုက်နိုင်၊ ပျိုးနိုင်၊ ရေလောင်းနိုင်၊ ပြုစုနိုင်မှ ပေါက်သည်။ လူကပြုစုမပေးနိုင်သည်နှင့် ပျောက်ကွယ်ကုန်၏။ လယ်ကန်သင်းရေစပ်မှ ကန်စွန်းနွယ်ကလေးကား မည်သူမျှမပြုရဘဲ သေသည်ပျောက်သည်မရှိ။ အမြဲထာဝရရှင်လန်းပေါက်ရောက်လျက်ရှိ၏"ဟု ဆရာကြီးဇေယျက ရိုးရှင်းစွာ ရေးသားထားသော်လည်း အလွန်ပင်လေးနက်တာသွားလှပါပေသည်။

ဆရာကြီးဇေယျ၏ တက်ကျမ်းစာညွှန့်တစ်ပုဒ်ကို ကောက်နုတ်ဖော်ပြရလျှင် **မြန်မာ့ချက်ပွင့်(ရွာဓလေ့၊ လူ့ဓလေ့)**စာအုပ်ထဲမှ **ကောက်ရိုးနွယ်**ကိုလည်း ဖတ်ရှုအတုယူသင့်ကြသည်။

"ရိုးပြတ်များကိုလိမ်၍၊ ပင်ကြားအက်များကို ကျော်လျက်၊ ပေါက်သွားသော ကောက်ရိုးနွယ်ကလေး၊ အတော်သန့်ပုံရ၏။ အရင်းဘက်တွင် အရွက်များရင့်လျက် လက်ခွကြားမှ အပွင့်ကလေးတစ်ပွင့်ထွက်နေ၏။ လက်သန်းဖျားလောက်ရှိ၏။ အနားဖြူ၍ အလယ်တွင် ခရမ်းရောင်လိုလိုရှိ၏။ အနွယ်ကလေးကလည်း ရိုးရိုးဖြစ်၏။ အရွက်ရောအပွင့်ပါ ရိုးရိုးကလေးဖြစ်၏။ မြေကြီးကိုတွား၍ပေါက်ရ၏။ ပင်ကြားအက်များကြားတွင်ပျော်ရ၏။ တော်တော်ရိုး၏။ တော်တော်အောက်တန်းကျ၏။ သို့သော် အနွယ်ကလေးများမှာ အားလျော့ပုံမရ။ အညွှန့်ကလေးတစ်ညွှန့်သည် တစ်ထွာကျော်မျှရှိသော ရိုးပြတ်ကလေးကိုလိမ်တက်၍ ခေါင်းကလေးမော်ကာ ဟိတ်ဟန်ထုတ်နေပုံရ၏။ နွေခေါင်ခေါင်၊ မြေခြောက်ခြောက်တွင် ခေါင်းထောင်နိုင်သူ ဖြစ်၏။ စာဆိုတော်ကြီးများ ချီးကျူးကြသော နှင်းဆီ၊ စံပယ်တို့ အဘယ်သို့ရောက်ကုန်ကြပြီနည်း။ ကံ့ကော်၊ စွယ်တော်၊ သဇင်၊ ကြက်ရုန်းတို့သည် အဘယ်သို့ ရောက်ကုန်ကြပြီနည်း။ ပျောက်ကုန်ကြပြီ။ ကောက်ရိုးနွယ်လေးကား ကျန်နေ၏။ အားယူနေ၏။ လယ်ကန်သင်းဘေး ပင်ကြားအက်ကြားတွင် ပျော်ပျော်ပါးပါးကြီး တည်၍ သွားကြမည်ဖြစ်သတည်း။"

ကျွန်တော်သည် ကောက်ရိုးနွယ်ထဲမှ လိုရင်းကိုသာ ကောက်နုတ်ဖော်ပြခြင်းဖြစ်သည်။ ဆရာကြီးဇေယျက ကောက်ရိုးနွယ်လေးနှင့်အတူ ကောက်သင်းကောက်သည့် အပျိုစင်လေးကိုပါ ထပ်တူထပ်မျှဖွဲ့ဆိုထားသည့်အပြင် လူကုံထံများ၊ လူချမ်းသာများ၊ စာဆိုတော်ကြီးငယ်များကိုလည်း ချစ်စဖွယ်ကျီစယ်ထားပါသေးသည်။

"ရာသီကောင်းကိုခိုကာ ခေါင်းတထောင်ထောင်နှင့် မော်တတ်ကြွားတတ်၍ ရာသီဆိုးသည်နှင့် ပြိုလဲပျောက်ပျက်ကုန်သောပန်းတို့ကို စာဆိုတော်ကြီး၊ စာဆိုတော်ငယ်အသီးသီးတို့သည် ကကြီးမှ အအဆုံး သင်ပုန်းကြီးတစ်ခုလုံးအတွင်းရှိ အက္ခရာတို့ဖြင့် အမျိုးမျိုးအဖုံဖုံ၊ အထပ်ထပ်အဖန်ဖန်၊ ဖွဲ့နွဲ့သီဆိုကြွေးကြော်ချီးကျူးခဲ့ကြသော်လည်း မြန်မာစာပေဟူသမျှတို့၌၊ ကောက်ရိုးနွယ်ဘွဲ့၊ ဒွေးချိုးလေးတစ်ပုဒ်၊ တေးထပ်ကလေးတစ်ပုဒ်ရှိဖို့ မဆိုထားဘိ၊ အမည်ကလေးမျှဖြင့်၊ စပ်ကာဟပ်ကာရှာမရခဲ့။"

မည်သူ့ကိုမျှ မထိခိုက်စေဘဲ ချစ်စရာကောင်း၊ ပြုံးရယ်ချင်စရာကောင်းအောင် ကလိထားရိထားသည့်အပြင် ကောက်ရိုးနွယ်ကလေးဘက်မှ ရပ်တည်ပြီး လောကဓံကို ကြံ့ကြံ့ခံနိုင်ကြစေရန်လည်း တင်စားညွှန်းဆိုထားသည်။

တကယ်တော့ ဆရာကြီးဇေယျ၏ **ကောက်ရိုးနွယ်** စာညွှန့်ဆောင်းပါးသည် ရသပါသော ရှေးခေတ်**တက်ကျမ်း**လေးပင်မဟုတ်ပါလား။

ဆရာကြီးဇေယျက **သစွတ်ပွင့်ချိန်**ဆောင်းပါးထဲတွင် "သခွတ်ပွင့်ကို ကောင်းကောင်းပြုတ်၊ ငါးပိရည်ကို မန်ကျည်းမှည့်ကလေး၊ ငရုတ်သီးကလေး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူကလေးနဲ့ထောင်းပြီးဖျော်၊ ပုစွန်ခြောက်၊ ငါးကျည်းခြောက်ကလေးရှိရင်လည်း ထောင်းပြီးထည့်၊ မရှိလည်းကိစ္စမရှိဘူး။ လယ်တော၊ ထင်းတောကအပြန် မောမောနဲ့သခွတ်ပွင့်ပြုတ်နဲ့ တို့စားလိုက်ရရင်ကွာ၊ မင်းတို့ဒိပေါက်တို့၊ ကြက်သားတို့ဆိုတာတွေနဲ့၊ ဘယ်မှာလဲလိမ့်မလဲ။ ထမင်းစားပြီး ရေကလေးသောက်လိုက်ရင်တောင် ချိုဆင်းပြီးခံတွင်းရှင်းသွားတယ်။ လယ်ကြားထဲက သခွတ်ပွင့်ကိုကောက်စားတယ်ဆိုတာ ပိုက်ဆံလည်း မကုန်ဘူးကွ။ ပြီးတော့သခွတ်ပွင့်မှာ အခါးဓာတ်ကလေးပါတဲ့အတွက် နှုတ်ကိုလည်း မြိန်စေတယ်။ သွေးသားကိုလည်း စင်ကြယ်စေတယ်။ အေး . . . **မစားတတ်တော့ခါးသတဲ့။ မလုပ်တတ်တော့ဖားသတဲ့။** တော်ရုံလျော်ရုံလုပ်စားတော့ ခါးတာပေါ့ကွ"ဟု ရေးသားထားရာ သခွတ်ပွင့်နှင့်မြန်မာ့ရိုးရာအစားအစာသဘာဝကို ပေါ်လွင်လှသည်။

စာမျက်နှာ ၅ သို့ ➤

# ၂၀၂၃ ခုနှစ် (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

**(က) ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။**

**(ခ) ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။**

**(ဂ) နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။**

**(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။**

➤ **စာမျက်နှာ ၄ မှအဆက်**

ထို့ပြင် တောပန်းတောင်ပန်း၊ ခတ္တာပန်းကလေးများကိုပင် မြို့သုံးပန်းများ ရှားပါးနေချိန်တွင် အသုံးဝင်ပုံကိုလည်း ရေးဖွဲ့ထားပါသေးသည်။ တောသူတောင်သားတိုင်းမြင်ယောင်မိကြပေလိမ့်မည်။

ယခုလို ခေတ်မီလာချိန်တွင် သခွတ်ပွင့်ကိုအခြောက်လှန်းပြီး ကြာရှည်ခံအောင်ထားကာ သုပ်စား၍ရနေသည်ကို ဆရာကြီးဇေယျက သိသွားပါက ပို၍ပင်ဇာချဲ့စာဖွဲ့ပေဦးမည်။ ကောက်ရိုးနွယ်နှင့်ငါးခူချက်စားပါက ဆီးကျောက်တည်သူများ လုံးဝပျောက်ကင်းသွားသည်ကို ဆရာကြီး ဇေယျသိသွားပါလျှင် ဆရာကြီး၏ စာပေစွမ်းအားကြောင့် ကျန်းမာရေးအတွက်ပို၍ အကျိုးပွားပေမည်။

"တောင်ကတစ်ဝိုက်၊ မြောက်ကတစ်ပြန်၊ လေရူးကလေးထန်လျက်၊ အိမ်ခေါင်းရင်းက ရင်းတိုက်ပင်ကလေးတွင် စိမ်းလဲ့လဲ့၊ နုမျစ်မျစ်နှင့် ရွက်သစ်ကလေးများ တက်နေသည်ကိုမြင်လျှင် အမေ့မောင်ဦးလေးရဲ့ စကားများကို ပြန်လည်ကြားယောင်နေမိတယ်။ ကိုယ့်မိရွာဖရွာဆိုတာ မမေ့ကောင်းဘူးကွဲ့။ မသေမပျောက်ခင် တစ်ခါတစ်ခေါက်လောက် ဆိုသလို ရောက်ကောင်းတယ်"ဟု **ရင်းတိုက်နရိုန်** ဆောင်းပါးတွင် ဆရာကြီးဇေယျက ရေးသားထားရာ ကျေးလက်တောရွာမှ မြို့ကြီးပြကြီးပေါ်တက်ပြီး အလုပ်လုပ်ကြရင်းက အခြေချနေထိုင်ကြသူများ မွေးရပ်မြေ မိရွာဖရွာကို မမေ့ကောင်းကြောင်း မီးမောင်းထိုးပြထားသည်။

ဆရာကြီးဇေယျသည် စာမျိုးစုံရေးသားခဲ့ရာတွင် ကျွန်တော်တို့စာရေးဆရာ၊ ဆရာမများကိုလည်း **မြန်မာ့မျက်ပွင့်(စာစလေ့)** စာအုပ်ထဲ၌ **ကလောင်သွားနှင့် မုန့်ဟင်းခါး**ဟူသော ဆောင်းပါးဖြင့် သတိပေးခဲ့ပါသေးသည်။ ထိုစာအုပ်ကို တက္ကသိုလ်အတွက် ပြဋ္ဌာန်းခဲ့သည်။

"စားရလျှင်ပြီးရော၊ ငွေရလျှင်ပြီးရော၊ အမည်ရလျှင်ပြီးရော၊ စာရေးရလျှင်ပြီးရောဆိုသော သဘောမျိုးနှင့် အမှုမဲ့အမှတ်မဲ့ရေးသားနေကြလျှင် ကလောင်တုံးသွားရုံသာရှိကြမည်။ လူ့ဘဝကို တစ်နည်းကောင်းအောင်ပြုပြင်မည်၊ အရုပ်ဆိုးဘဝကြီးကနေပြီး လှပသောဘဝကြီးသို့ ပို့ဆောင်မည်ဟူသော ရည်ရွယ်ချက် ကြွေးကြော်သံပါရှိလေသည်။ လူ့ဘဝကို ကောင်းအောင်မဖန်တီးနိုင်လျှင် ကျွန်တော်တို့တာဝန်မကင်းချေ။ ကိုယ့်တာဝန်ကိုယ်မသိ၊ ရေးရလျှင်ပြီးရော၊ ပိုက်ဆံရလျှင်ပြီးရော၊ နာမည်ကြီးလျှင်ပြီးရော တာဝန်ကင်းသဘောထားကြလျှင် လက်ထဲက ကလောင်ကလေးကို လမ်းဘေးက အမှိုက်ပုံထဲပစ်ထည့်၍ ဈေးတောင်း ခေါင်းရွက်၊ မုန့်ဟင်းခါးတစ်ထမ်းနှင့် လမ်းတကာလည်ပြီး ရောင်းခြင်းက ပို၍ သင့်မြတ်ပေလိမ့်မည်"ဟု ရေးသားခဲ့လေရာ ယနေ့မျက်မှောက်ကာလတွင် မသမာသောနည်းလမ်းများဖြင့် လုပ်စားနေကြသော၊ နာမည်ကြီးပြီးရော သဘောထားနေကြသည့် ကလောင်အရေခြုံ အတုအယောင်များ၏ရင်ဝကို လှံခသွားသည့်ပမာ ခံစားနေကြရမည်မှာ သေချာလှသည်။

ဆရာကြီးဇေယျသည် ဝတ္ထုအရေးအသားလည်း အလွန်ကောင်းသူဖြစ်သည်။ BARONESS OREZY ၏ THE SCARLET PIMPERMEL ကိုမှီး၍ ရေးသားထားသော **မြတ်လေးရွှေစားဗိုလ်** ရာဇဝင်စွန့်စားခန်းဝတ္ထုရှည်ကြီးဆိုလျှင် ကျွန်တော်တို့ငယ်စဉ် ကလေးဘဝကတည်းက အသည်းစွဲဝတ္ထုကြီးဖြစ်ခဲ့သည်။ ဇာတိမာန်တက်ကြွစေခဲ့သောကြောင့်ပင်တည်း။

**မြတ်လေးရွှေစားဗိုလ်**ဝတ္ထုကြီးအပြီးတွင် ဒဂုံမဂ္ဂဇင်း၌ လျှို့ဝှက်သည်းဖိုစွန့်စားခန်း **သိန်းလေးဆယ်**အခန်းဆက်ဝတ္ထုကြီးကို ရေးသားထုတ်ဝေခဲ့ရာတွင်လည်း အောင်မြင်ကျော်ကြားလူကြိုက်များခဲ့သည်။

ဆရာကြီးဇေယျသည် **မြနှင်းနွယ်၊ မြန်မာစာ၊ မြန်မာ့စိတ်၊ မြန်မာ့မာန်** စာအုပ်များဖြင့် ဇာတိမာန်၊ အမျိုးသားစိတ်၊ အမျိုးသားအရေးများကိုလည်း နှိုးဆွပေးခဲ့သည်။

ထို့ကြောင့် **ဆရာထိလာစခိုင်သူ** ၏ **စာပေပညာရှင်စာရေးဆရာကြီးဇေယျ၏စာကဗျာ** စာတမ်း၊ **ဆရာတိုက်စိုး**၏ **ဇေယျ**စာတမ်း၊ **ဆရာမြဝင်း(ဒဿန)**၏ **ဇေယျ၏ရသပညာ**စာတမ်းများကို နားရည်ဝခဲ့သလို ဆက်လက်လေ့လာစူးစမ်းချင်စိတ်လည်း ပြင်းပြလာခဲ့သည်။ အားကျအတုယူချင်သော ဆန္ဒကလည်း လှုံ့ဆော်လာသည်။

အထူးသဖြင့် ဘဝမေ့ ဓလေ့ကိုမတော်လှန်ဘဲ ရိုးရာယဉ်ကျေးမှုကိုအစဉ်ရှေးရှုရေးသားခဲ့သော ဆရာကြီးဇေယျ၏ မွန်မြတ်သည့် စာပေစိတ်ဓာတ်နှင့် ကလောင်လက်နက်၊ ကလောင်စွမ်းရည်ကို အလေးအနက်ထားကာ လေးစားကြည်ညိုနေခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့သား၊ မြစ်ဝကျွန်းပေါ်ဒေသခံ **အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီက အယက်အကန်စံလို့ ဇေဒါပျံ့အံ့ကိုစဲ၊ ပန်းပန်လျက်ပဲ**ဟု အနင်းခံဗေဒါကို စာကဗျာဖွဲ့ပြီး တင်စားခဲ့သည်။

ထိုနည်းတူပင် ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့သား၊ မြေလတ်သားဒေသခံ **ဆရာကြီးဇေယျ**ကလည်း မည်သူမျှသတိမထားမိကြသော **အညတရကောက်ရိုးနွယ်**ကို စာစကားပြေသီကုံးပြီး ဂုဏ်တင့်ဂုဏ်ဝင့်စေခဲ့သည်။

ဆရာကြီးဇေယျက ကန်စွန်းနွယ်၊ သခွတ်ပွင့်၊ ခတ္တာပန်း၊ တောပန်းတောင်ပန်းနှင့် ရင်းတိုက်နုများကိုပင် တင်စားခဲ့ပါသေးသည်။ တောသားစစ်မှ တောသဘာဝအရသာကို ခံစားနားလည်နိုင်သည်။

မြန်မာစာပေလောကနှင့် စာပေသမိုင်းတွင် **အမှုကွန်း**တင်၍ ကျန်ရစ်ခဲ့ကြခြင်းမှာ အများနှင့်မတူကြဘဲ စာပေစွမ်းဆောင်ရည် တစ်မူထူးခြားနေကြသောကြောင့်ပင်တည်း။

**လူသေပေမဲ့ နာမည်မသေ၊ စာမသေသော ဆရာကြီးဇေယျကို တမ်းတနေကြဆဲပါ။**

**ကိုးကား**

- **ဆရာကြီးဇေယျ၏ မြန်မာ့မျက်ပွင့်(စာစလေ့)၊ (ရွာစလေ့၊ လူစလေ့) စာအုပ်နှစ်အုပ်၊**
- **ဝါ၊ ရိုးအောင်စာပေတိုက်ထုတ်၊ ရာပြည့်အကြိုဆရာကြီးဇေယျ၊ ဆရာကြီးဇေယျရာပြည့်အထိမ်းအမှတ်၊ ဝါမိုးအောင်ဝတ္ထုတိုပြိုင်ပွဲ စာအုပ်နှစ်အုပ်၊**
- **မြန်မာကဗျာနှင့် ပင်ရင်းမြန်မာစကားပြေ(နဝမတန်း)စာအုပ်၊**

## တိုင်းပြည်အေးချမ်းဖို့

\- တိုင်းပြည်ရဲ့ရန်
တွန်းလှန်နိုင်စေဖို့၊
သွေးချင်းတွေ အစဉ်မပျက်
လက်တွဲပါစို့။

\- တိုင်းပြည်ရဲ့အမှောင်
အလင်းဆောင် နိုင်စေရေး၊
အဖျက်ကို ရှောင်ဖယ်ရှင်းမှ
လင်းမယ်မနွေး။

\- မုန်တိုင်းက ထန်ထန်
ရန်စွယ်က များသနဲ့၊
ပြည်ဖျက်ရန် အစဉ်ဝေးမှ
အေးချမ်းမယ်ကွဲ့။

\- တိုင်းပြည်ရဲ့ဂုဏ်အင်
အပြဲပင် မြင့်စေဖို့၊
စိတ်ဓာတ်တွေ မိုးသို့ဆင့်
မြှင့်တင်ပါစို့။

\- တိုင်းပြည်ရဲ့ ကွက်လပ်များ
တတ်အားသရွေ့ တူညီစွာ
ဖြည့်ကြစို့ကွာ၊
သို့မှသာ
တို့ပြည်ရွာ သာယာအေး၊
တစ်ဦးရဲ့ လိုအပ်ချက်ကိုလ
ဖြည့်စွက်လို့ တစ်ဦးမှာ
ထိုအခါ ပြည်တစ်ဝှမ်း(ဝန်း)မှာဖြင့်
အေးချမ်းမယ်လေး။ ။

**ကိုကျော်စွာ(ကျိုက်ဗိ)**

## နမ့်စန်မြို့နယ် ဟိုင်းနားလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နမ့်စန် မတ် ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဟိုင်းနားလေးကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုရားကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်စန်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက်မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက ဟိုင်းနားလေးကျေးရွာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၃ ဦးကို ဆဋ္ဌမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၂ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

## နိုင်ငံတကာ သတင်းများ

# တောင်ကိုရီးယားသမ္မတ ယွန်ဆွတ်ယိုး မတ် ၁၆ ရက်မှ ၁၇ ရက်ထိ ဂျပန်သို့သွားရောက်မည်

**ဆိုးလ် မတ် ၉**

ဂျပန်အစိုးရ၏ ဖိတ်ကြားချက်အရ တောင်ကိုရီးယားသမ္မတ ယွန်ဆွတ်ယိုးနှင့် ဇနီးဖြစ်သူတို့သည် မတ် ၁၆ ရက်မှ ၁၇ ရက်ထိ ဂျပန်နိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်ကိုရီးယား သမ္မတ ယွန်ဆွတ်ယိုးသည် နှစ်ရက်ကြာ ဂျပန်ခရီးစဉ်အတွင်း ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါနှင့် ထိပ်သီးဆွေးနွေးပွဲ ကျင်းပရန် စီစဉ်ထားသည်။

ကိုရီးယားကျွန်းဆွယ်ကို ဂျပန်တပ်များ သိမ်းပိုက်ထားစဉ် ချွေးတပ်သားအဖြစ် အဓမ္မခိုင်းစေခံခဲ့သူများအတွက် လျော်ကြေးငွေပေးအပ်ရေး အစီအစဉ်တစ်ရပ်ကို ဂျပန်အစိုးရက မတ် ၆ ရက်တွင် ကြေညာပြီးနောက် သမ္မတ ယွန်ဆွတ်ယိုး၏ ဂျပန်ခရီးစဉ် သတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

ဂျပန်ကိုလိုနီခေတ် ကိုရီးယားချွေးတပ်သားများ ပြဿနာသည် ဂျပန်နှင့်တောင်ကိုရီးယားနှစ်နိုင်ငံဆက်ဆံရေးတင်းမာနေရမှု၏အဓိကနောက်ခံအကြောင်းရင်း တစ်ရပ်ဖြစ်သည်။

အဆိုပါပြဿနာကို အဆုံးသတ်ရန် ရည်ရွယ်၍ ၁၉၁၀-၁၉၄၅ ခုနှစ် ဂျပန်ကိုလိုနီခေတ် ကိုရီးယားချွေးတပ်သားများအတွက်လျော်ကြေးကို ဂျပန်ကုမ္ပဏီများက ပေးချေမည်ဖြစ်ကြောင်း ဂျပန်အစိုးရ၏ မတ် ၆ ရက် ကြေညာချက်၌ ဖော်ပြထားသည်။

သမ္မတ ယွန်ဆွတ်ယိုး၏ ဂျပန်ခရီးစဉ်သည် ဂျပန်နှင့်တောင်ကိုရီးယား နှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးရေးအတွက် အရေးပါသည့် ခြေလှမ်းတစ်ရပ်ဖြစ်သည်ဟု တောင်ကိုရီးယားသမ္မတရုံးက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

KKO

# နီပေါနိုင်ငံ၌ ခရီးသည်တင်လေယာဉ်တစ်စင်း အင်ဂျင်မီးလောင်မှုကြောင့် အရေးပေါ်ဆင်းသက်ခဲ့ရ

**ခတ္တမန္ဒူ မတ် ၉**

နီပေါနိုင်ငံအခြေစိုက် ရှရီးလေကြောင်းလိုင်းအမည်ရှိ လေကြောင်းလိုင်းတစ်ခုက ပိုင်ဆိုင်သော ခရီးသည်တင်လေယာဉ်တစ်စင်းသည် ပျံသန်းနေစဉ် အင်ဂျင်မီးလောင်မှုကြောင့် ယနေ့တွင် အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ခတ္တမန္ဒူမြို့မှ ဘိုင်ရာဟာဝါမြို့သို့ ပျံသန်းနေစဉ် အရေးပေါ်ဆင်းသက်ခဲ့ရသော အဆိုပါ ခရီးသည်တင်လေယာဉ်ပေါ်၌ ခရီးသည်နှင့် လေယာဉ်အမှုထမ်း ၇၈ ဦး လိုက်ပါလာကြောင်း သိရသည်။

လေယာဉ် လက်ယာဘက်အင်ဂျင်၌ မီးလောင်နေသည့် လက္ခဏာကို လေယာဉ်မှူးများက တွေ့ရှိခဲ့ပြီးနောက် လေယာဉ်ကို ခတ္တမန္ဒူမြို့ဆီသို့ ချက်ချင်းပြန်လှည့်ခဲ့ရကြောင်း ရှရီးလေကြောင်းလိုင်းက သတင်းထုတ်ပြန်ထားသည်။

ယခုနှစ် ဇန်နဝါရီလအတွင်း အေတီအာရ်-၇၂ အမျိုးအစားခရီးသည်တင် လေယာဉ်တစ်စင်း ပျက်ကျခဲ့ပြီးနောက်ပိုင်း လေကြောင်းဘေးကင်းလုံခြုံရေးအတွက် နီပေါနိုင်ငံက အထူးသတိထားနေစဉ် ရှရီးလေကြောင်းလိုင်း ခရီးသည်တင်လေယာဉ် အရေးပေါ်ဆင်းသက်ခဲ့ရခြင်းဖြစ်သည်။

ယခုနှစ် ဇန်နဝါရီလအတွင်း ယီတီအမည်ရှိ လေကြောင်းလိုင်းက ပိုင်ဆိုင်သော အေတီအာရ်-၇၂ အမျိုးအစားခရီးသည်တင်လေယာဉ် ပျက်ကျမှုကြောင့် လိုက်ပါသွားသူ ၇၂ ဦးအနက် ၇၁ ဦးသေဆုံးခဲ့ပြီး တစ်ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။ KKO



# အငြိမ်းစားယူနိုင်သည့်အသက်အရွယ်မြှင့်တင်ရေး ဥပဒေပုဒ်မ ပြင်သစ်အထက်လွှတ်တော်အတည်ပြု



**ပဲရစ် မတ် ၉**

တရားဝင်အငြိမ်းစား ယူခွင့်ရှိသည့်အသက်အရွယ်အား ၆၂ နှစ်မှ ၆၄ နှစ်သို့ တိုးမြှင့်ထားသော ဥပဒေကြမ်းပုဒ်မတစ်ရပ်ကိုပြင်သစ်အထက်လွှတ်တော်အမတ်များက ယနေ့တွင် အတည်ပြုထောက်ခံခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပြင်သစ် အထက်လွှတ်တော် မဲခွဲပွဲရလဒ်သည် သမ္မတ မက်ခရွန်၏ အငြိမ်းစားယူမှုပြုပြင်ပြောင်းလဲရေးအစီအစဉ်များ၏ ပထမဆုံး နိုင်ပွဲဖြစ်သည်။

ယနေ့မဲခွဲပွဲတွင် ပြင်သစ်အထက်လွှတ်တော် အမတ်များအနက် ၂၀၁ ဦးတို့က အငြိမ်းစားယူမှုပြုပြင်ပြောင်းလဲရေးဥပဒေကြမ်းပါ အငြိမ်းစားယူမှုဆိုင်ရာ ပုဒ်မ-၇ ကိုထောက်ခံမဲပေးခဲ့ကြပြီး ၁၁၅ ဦးတို့က ကန့်ကွက်မဲပေးခဲ့ကြကြောင်း သိရသည်။

အငြိမ်းစားယူမှုပြုပြင်ပြောင်းလဲရေးဥပဒေကြမ်း၏ ကျန်ပုဒ်မများကိုလည်း ပြင်သစ်အထက်လွှတ်တော်က ဆက်လက်အတည်ပြုပေးနိုင်ဖွယ်ရှိသည်။

သို့သော် ပြင်သစ်အောက်လွှတ်တော်ကမူ အငြိမ်းစားယူမှုပြုပြင်ပြောင်းလဲရေး ဥပဒေကြမ်းပုဒ်မ-၇ကို အတည်ပြုနိုင်မှုမရှိသေးကြောင်း သိရသည်။

သို့ရာတွင် အငြိမ်းစားယူမှုပြုပြင်ပြောင်းလဲရေး ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်စလုံးက ယခုလကုန်ပိုင်းတွင် အတည်ပြုပေးနိုင်ရန် ပြင်သစ်အစိုးရက မျှော်လင့်ထားကြောင်း သိရသည်။

KKO

# မလေးရှားဝန်ကြီးချုပ်ဟောင်း မူယစ်ဒင် အဂတိလိုက်စားမှုဖြင့် ဖမ်းဆီးခံထားရ

**ကွာလာလမ်ပူ မတ် ၉**

မလေးရှားဝန်ကြီးချုပ်ဟောင်း မူယစ်ဒင်သည် အဂတိလိုက်စားမှုစွဲချက်ဖြင့် ဖမ်းဆီးထိန်းသိမ်းခံထားရကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



ဝန်ကြီးချုပ်ဟောင်း မူယစ်ဒင်ကို ၎င်းဦးဆောင်သည့် အစိုးရအဖွဲ့လက်ထက်စတင်ခဲ့သော စီးပွားရေးပြန်လည်ဦးမော့ရေး စီမံကိန်းတစ်ခုနှင့်ပတ်သက်၍ စစ်ဆေးမေးမြန်းမှုပြုလုပ်ပြီးနောက် အဂတိလိုက်စားမှုဖြင့် ယနေ့တွင် ဖမ်းဆီးထိန်းသိမ်းထားကြောင်း မလေးရှားအဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က သတင်းထုတ်ပြန်ထားသည်။

ဝန်ကြီးချုပ်ဟောင်း မူယစ်ဒင်ကို အာဏာအလွဲသုံးစားပြုလုပ်မှု၊ ငွေကြေးခဝါချမှုများနှင့် ဆက်စပ်နေသော ဥပဒေများဖြင့် တရားစွဲရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စီစဉ်ထားသည်။

မူယစ်ဒင်သည် ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်ကြားကာလအတွင်း မလေးရှားဝန်ကြီးချုပ်အဖြစ် ၁၇ လကြာ တာဝန်ယူခဲ့သူဖြစ်သည်။

သို့သော် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သော ရွေးကောက်ပွဲများ၌ လက်ရှိဝန်ကြီးချုပ် အန်ဝါအက်ဘရာဟမ်ကို ရှုံးနိမ့်ခဲ့ရပြီးနောက်ပိုင်း မူယစ်ဒင်နှင့် ၎င်းဦးဆောင်သည့် ပါတီတို့မှာ အဂတိလိုက်စားမှုကြောင့် စုံစမ်းစစ်ဆေးမှုများနှင့် ရင်ဆိုင်ခဲ့ရသည်။

ဝန်ကြီးချုပ်ဟောင်း မူယစ်ဒင် အတည်ပြုပေးခဲ့သော အမေရိကန်ဒေါ်လာ ဘီလီယံနှင့်ချီတန်ဖိုးရှိသည့် အစိုးရစီမံကိန်းများကို ပြန်လည်စိစစ်ရန် လက်ရှိဝန်ကြီးချုပ် အန်ဝါအက်ဘရာဟမ်က ညွှန်ကြားထားကြောင်း သိရသည်။ KKO

# ချီလီလေဆိပ်၌ ဒေါ်လာ ၃၂ သန်း လုယက်ရန်ကြိုးစားသည့် ဓားပြအဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကြား ပစ်ခတ်မှုဖြစ်ပွား နှစ်ဦးသေဆုံး

**ဆန်တီယာဂို မတ် ၉**

ချီလီနိုင်ငံ ဆန်တီယာဂိုမြို့ အာတူရိုမီရီနိုဘင်နီတက်ဇ် နိုင်ငံတကာလေဆိပ်၌ မတ် ၈ ရက်က ပစ်ခတ်မှုတစ်ခုဖြစ်ပွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးနှင့်ဓားပြအဖြစ်ယူဆရသူတစ်ဦးတို့ သေဆုံးခဲ့ရကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံ မိုင်ယာမီမြို့မှ ရောက်ရှိလာသော လေယာဉ်တစ်စင်းပေါ်တွင် တင်ဆောင်ထားသည့် အမေရိကန်ဒေါ်လာ ၃၂ သန်းကို ဓားပြအဖွဲ့တစ်ဖွဲ့က လုယက်ရန်ကြိုးပမ်းစဉ် ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ချီလီတာဝန်ရှိသူများက မတ် ၈ ရက်တွင် ပြောကြားခဲ့သည်။

လက်နက်အပြည့်အစုံကိုင်ဆောင်ထားသည့်ဓားပြ ၁၀ ဦးခန့်သည် လေဆိပ်လုံခြုံရေးအတားအဆီးများကို ဖြတ်သန်း၍ ငွေများတင်ဆောင်ထားသော လေယာဉ်ရပ်တန့်ထားသည့် ပြေးလမ်းအထိ ရောက်ရှိခဲ့ကြကြောင်း ချီလီတာဝန်ရှိသူများက ပြောကြားခဲ့သည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် ဓားပြများကြား ပစ်ခတ်မှုအတွင်း ဓားပြတစ်ဦးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးတို့ သေဆုံးခဲ့ပြီး ကျန်ဓားပြများမှာ ထွက်ပြေးသွားသည်ဟု ချီလီ ပြည်ထဲရေးဝန်ကြီးဌာနက သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

ဓားပြများပစ်မှတ်ထားခဲ့သည့် လေယာဉ်ပေါ်တွင် သံချပ်ကာယာဉ်ဖြင့်တင်ဆောင်၍ ချီလီနိုင်ငံတစ်ဝန်းရှိဘဏ်များသို့ ဖြန့်ဝေပေးမည့် အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၅ သန်း သယ်ဆောင်ထားကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ်ကလည်း ချီလီနိုင်ငံ၌ သူခိုးများသည် အာတူရိုမီရီနိုဘင်နီတက်ဇ်လေဆိပ်ကုန်လှောင်ရုံအတွင်းရှိ အမေရိကန်ဒေါ်လာ ၁၅ သန်းကို ခိုးယူခဲ့ဖူးကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီ၏ Crew Dragon အာကာသလူသယ်ယာဉ် ကမ္ဘာမြေအပြန်အခရီးအတွက် နိုင်ငံတကာအာကာသစခန်းမှ ခွာထွက်မည်



**ဝါရှင်တန် မတ် ၉**

နိုင်ငံတကာ အာကာသစခန်းယာဉ် အာကာသယာဉ်မှူးလေးဦး၏ ကမ္ဘာမြေအပြန်ခရီးအတွက် Space-X အာကာသနည်းပညာကုမ္ပဏီ၏ Crew Dragon အာကာသ လူသယ်ယာဉ်သည် ယနေ့တွင် နိုင်ငံတကာအာကာသစခန်းမှ ခွာထွက်မည်ဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မတ် ၈ ရက်က ရေးသားတင်ပြထားသည်။

နိုင်ငံတကာ အာကာသစခန်းမှ ပြန်လည် ခွာထွက်လာပြီးနောက် အဆိုပါအာကာသ လူသယ်ယာဉ်သည် မတ် ၁၀ ရက်တွင် ကမ္ဘာမြေပေါ်သို့ ပြန်လည်ဆင်းသက်မည်ဖြစ်ကြောင်း Space-X အာကာသနည်းပညာကုမ္ပဏီ တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

လက်ရှိအချိန်တွင် Crew Dragon အာကာသလူသယ်ယာဉ်သည် ရာသီဥတုအခြေအနေပေါ်မူတည်၍ ယနေ့ညနေပိုင်းထက်နောက်မကျဘဲ နိုင်ငံတကာအာကာသစခန်းမှ ခွာထွက်ရန်စီစဉ်ထားကြောင်း Space-X အာကာသနည်းပညာကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

Space-X ကုမ္ပဏီနှင့် နာဆာတို့သည် အဆိုပါCrew Dragon အာကာသလူသယ်ယာဉ်ကို Crew-5 မစ်ရှင်အရ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၅ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါမစ်ရှင်သည် Space-X ကုမ္ပဏီနှင့် နာဆာတို့ကြား ရယူထားသည့် သဘောတူညီချက်အရ Space-X ကုမ္ပဏီကလွှတ်တင်ပေးခဲ့သော ပဉ္စမမြောက် နိုင်ငံတကာ အာကာသစခန်း သယ်ယူပို့ဆောင်ရေးမစ်ရှင်ဖြစ်သည်။

Crew-6 မစ်ရှင်ဖြင့် လွှတ်တင်ခဲ့သည့် အာကာသယာဉ်မှူးလေးဦး နိုင်ငံတကာ အာကာသစခန်းသို့ ရောက်ရှိလာခဲ့ပြီးနောက် Crew-5 အာကာသယာဉ်မှူးများ ကမ္ဘာပေါ်သို့ ပြန်လည်ဆင်းသက်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။ KKO

## တရုတ်အမျိုးသားအာကာသအေဂျင်စီက အကြီးစားဝန်သယ်ဒုံးပျံယာဉ်များတွင် အသုံးပြုနိုင်မည့် အချင်း ၁၁ ဒသမ ၁ ပေရှိ လောင်စာရည်သိုလှောင်ကန် တည်ဆောက်ထား

**ပေကျင်း မတ် ၉**

တရုတ်အမျိုးသား အာကာသအေဂျင်စီက အကြီးစားဝန်သယ် ဒုံးပျံယာဉ်များတွင် အသုံးပြုနိုင်မည့် အချင်း ၃၁ ဒသမ ၁ ပေရှိ လောင်စာရည်သိုလှောင်ကန်ကို တည်ဆောက်ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မတ် ၈ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါ ဒုံးပျံလောင်စာရည်သိုလှောင်ကန်ကို လောင်းမတ်ချ်-၉ ဒုံးပျံပုံစံသစ်အတွက် ရည်ရွယ်တည်ဆောက်ထားခြင်းဖြစ်ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ လောင်စာရည်သိုလှောင်ကန်ကိုတည်ဆောက်နိုင်ခဲ့မှုကြောင့် တရုတ်နိုင်ငံအနေဖြင့် အကြီးစားဝန်သယ် ဒုံးပျံယာဉ်သစ်ဖြစ်သည့် လောင်းမတ်ချ်-၉ ဒုံးပျံကိုတည်ဆောက်နိုင်ရေးအတွက် လမ်းပွင့်ခဲ့ပြီဖြစ်သည်။



တရုတ်နိုင်ငံသည် လောင်းမတ်ချ်-၉ ဒုံးပျံများကို လကမ္ဘာပေါ်၌ အမြဲတမ်းအခြေစိုက်စခန်းတည်ဆောက်ရေး မစ်ရှင်များအတွက် အသုံးပြုရန် ရည်ရွယ်ထားကြောင်း သိရသည်။

လောင်းမတ်ချ်-၉ ဒုံးပျံများသည် အလေးချိန် ကီလိုဂရမ် ၁၄၀၀၀၀ နှင့် ၁၅၀၀၀၀ ကြားရှိ ဂြိုဟ်တုနှင့် အာကာသယာဉ်များကို ကမ္ဘာပတ်လမ်းကြောင်း အနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်မည်ဖြစ်သည်။

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် လောင်းမတ်ချ်-၉ ဒုံးပျံများကို ၂၀၃၀ ပြည့်နှစ်တွင် စတင်အသုံးပြုရန် ရည်ရွယ်ထားကြောင်း သိရသည်။ KKO

## ကမ္ဘာမြေလေ့လာရေးဂြိုဟ်တုတစ်စင်းကို ရှောင်ရှားရေးအတွက် နိုင်ငံတကာအာကာသစခန်းယာဉ် ပတ်လမ်းနေရာပြောင်းရွှေ့မှုပြုလုပ်ခဲ့ရ

**ဝါရှင်တန် မတ် ၉**

ကမ္ဘာမြေလေ့လာရေးဂြိုဟ်တုတစ်စင်းကို ရှောင်ရှားရေးအတွက် နိုင်ငံတကာ အာကာသစခန်းယာဉ်သည် မတ် ၇ ရက်က ပတ်လမ်းနေရာ ပြောင်းရွှေ့မှုပြုလုပ်ခဲ့ရကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မတ် ၈ ရက်က ရေးသားတင်ပြထားသည်။

ဂြိုဟ်တုနှင့်ဝင်တိုက်မည့်အရေးကို ရှောင်ရှားရေးအတွက် ရုရှားနိုင်ငံ၏ ပရိုဂရက်စ်-၈၃ အာကာသကုန်တင်ယာဉ်သည် ဒုံးကန်အားစနစ်ကို ခြောက်မိနစ်ဖွင့်၍ အာကာသစခန်း၏ ပတ်လမ်းအမြင့်ကို မြှင့်တင်ပေးခဲ့ရကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

နိုင်ငံတကာ အာကာသစခန်းယာဉ် ရှောင်ရှားခဲ့ရသည့်ဂြိုဟ်တုမှာ အာဂျင်တီးနားနိုင်ငံက ၂၀၂၀ ပြည့်နှစ်အတွင်း လွှတ်တင်ခဲ့သည့် Nusat-17 အမည်ရှိ ဂြိုဟ်တုဖြစ်ကြောင်း သိရသည်။

ဂြိုဟ်တုစင်းရေ ၁၀ စင်းပါဝင်သည့် Nusat ဂြိုဟ်တုအုပ်စုသည် နိုင်ငံတကာအာကာသစခန်း၏ ပတ်လမ်းအတွင်း နယ်ကျော်ဝင်ရောက်လာသော ဂြိုဟ်တုအုပ်စုဖြစ်သည်။

နာဆာ၏အဆိုအရ ၁၉၉၉ ခုနှစ် နောက်ပိုင်းမှစ၍ နိုင်ငံတကာ အာကာသစခန်းယာဉ်သည် ဂြိုဟ်တုနှင့် အာကာသအမှိုက်များကို ရှောင်ရှားရေးအတွက် ပတ်လမ်းအမြင့် ထိန်းညှိမှုပေါင်း ၃၂ ကြိမ် ပြုလုပ်ခဲ့ရကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် တစ်နှစ်တည်းမှာပင် နိုင်ငံတကာ အာကာသစခန်းယာဉ်သည် ဂြိုဟ်တုအစအနတစ်ခုကိုရှောင်ရှားရေးအတွက် ပတ်လမ်းအမြင့်ထိန်းညှိမှု နှစ်ကြိမ်ပြုလုပ်ခဲ့ရကြောင်း သိရသည်။ KKO

# HEALTH

## ကိုဗစ်လူနာများ၌ ရောဂါကူးစက်ခံရပြီး တစ်နှစ်အတွင်း အစာအိမ်နှင့်အူလမ်းကြောင်းပြဿနာပေါ် နိုင်ခြေမြင့်မား

**နယူးယောက် မတ် ၉**

ကိုဗစ်ရောဂါ လူနာများသည် ရောဂါကူးစက်ခံရပြီး တစ်နှစ်အတွင်း အစာအိမ်နှင့် အူလမ်းကြောင်းစနစ် ကျန်းမာရေးပြဿနာများပေါ်လာနိုင်ခြေ မြင့်မားလာနိုင်ကြောင်း Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က မတ် ၈ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ဝါရှင်တန်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ ပန်ကရိယရောင်ရမ်းမှုနှင့်အူမကြီးကျန်းမာရေးပြဿနာများအပါအဝင် အစာအိမ်နှင့်အူလမ်းကြောင်းပြဿနာများပေါ်လာနိုင်ခြေသည် ကိုဗစ်လူနာများ၌ ရောဂါကူးစက်ခံခဲ့ရပြီး တစ်နှစ်အတွင်း မြင့်မားနေတတ်ကြောင်း သိရသည်။

ထို့ပြင် ကိုဗစ်လူနာများ၌ ရောဂါကူးစက်ခံခဲ့ရပြီး တစ်နှစ်အတွင်း ဝမ်းချုပ်ခြင်း၊ ဝမ်းလျှောခြင်း၊ ဗိုက်နာခြင်း၊ ဝမ်းဖောရောင်ခြင်းနှင့် အော့အန်ခြင်းကဲ့သို့ အစာခြေလမ်းကြောင်းစနစ် ကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ခြေမြင့်မားကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ကိုဗစ်ရောဂါနှင့် အစာအိမ် အူလမ်းကြောင်းစနစ် ကျန်းမာရေး ပြဿနာများကြား ဆက်စပ်မှုကို ဖော်ထုတ်ရေးအတွက် ဆေးမှတ်တမ်းပေါင်း ၁၄ သန်းခန့်ကို စိစစ်လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ ကိုဗစ်လူနာများသည် အဆိုပါရောဂါ မဖြစ်ဖူးသူများနှင့်နှိုင်းယှဉ်ပါက အစာအိမ်နှင့်အူလမ်းကြောင်းစနစ် ကျန်းမာရေးပြဿနာများ တစ်နှစ်အတွင်းပေါ်လာနိုင်ခြေ ၃၆ ရာခိုင်နှုန်းပိုများသည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။ KKO

## အစိမ်းရောင်ဟင်းရွက်များပါသော ဓာတ်စာစားခြင်းဖြင့် အယ်ဇိုင်းမားရောဂါလက္ခဏာများကို လျှော့ချနိုင်

**နယူးယောက် မတ် ၉**

အခြား သစ်သီးဝလံဟင်းသီးဟင်းရွက်များနှင့်အတူ အစိမ်းရောင် ဟင်းရွက်ပါဝင်မှုမြင့်မားသည့် အစားအစာများစားခြင်းသည် အယ်ဇိုင်းမားရောဂါ လက္ခဏာများကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း ယူပီအိုင်သတင်းဌာနက မတ် ၈ ရက်က ရေးသားတင်ပြထားသည်။

အစိမ်းရောင်ဟင်းရွက်ပါဝင်မှုများသည့် ဓာတ်စာများကို အခြား သစ်သီးဝလံ ဟင်းသီးဟင်းရွက်များနှင့်အတူ စားသုံးသူများ၌ ဦးနှောက်အတွင်း အဆိပ်အတောက်ရှိ ပရိုတင်းများစုစည်းမှုကို လျှော့ချပေးနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ဘီတာအမိုင်လွိုက်ခေါ် ပရိုတင်းတစ်မျိုးနှင့် Tau ခေါ် ပရိုတင်းတစ်မျိုး ဦးနှောက်အတွင်းစုစည်းမှုသည် အယ်ဇိုင်းမားရောဂါ၏ လက္ခဏာများဖြစ်သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အစိမ်းရောင်အရွက်ပါဝင်မှုမြင့်မားသည့်ဓာတ်စာများ စားသုံးမှုသည် အယ်ဇိုင်းမားရောဂါလက္ခဏာများ ကျဆင်းမှုနှင့်ဆက်စပ်နေကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

သက်ကြီးပိုင်းများ အနေဖြင့် အယ်ဇိုင်းမားရောဂါလက္ခဏာများကို လျှော့ချရေးအတွက် ရက်သတ္တတစ်ပတ်လျှင် အစိမ်းရောင်ဟင်းရွက်၊ ဟင်းလျာခြောက်ပွဲနှင့်အထက် စားသင့်ကြောင်း သုတေသနပညာရှင်များက အကြံပြုထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အသက်ပျမ်းမျှ ၈၄ နှစ်အရွယ် သက်ကြီးပိုင်းဦးရေ ၅၈၀ ကျော်ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။ KKO



နိုင်ငံတကာ
# အားကစားသတင်းများ

## အီတလီစီးရီးအေ ပွဲစဉ် (၂၆) ပွဲကြိုသုံးသပ်ချက်

ML

**အမ်ပိုလီ Vs အူဒီးနီးစ်**

**ကစားမည့်ရက်/အချိန် ၁၁-၃-၂၀၂၃ (ည ၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အူဒီးနီးစ် ၁ - ၁ အမ်ပိုလီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အမ်ပိုလီ** | – | **ဝေး(သရေ)** | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** |
| **အူဒီးနီးစ်** | – | **ဝေး(ရှုံး)** | **အိမ်(သရေ)** | **ဝေး(သရေ)** |

အမ်ပိုလီအသင်းဟာ ခြေစွမ်းပိုင်းကျဆင်းလာတာကြောင့် နောက်ဆုံးသုံးပွဲမှာ ပွဲတိုင်းပေးဂိုးရှိခဲ့သလို တိုက်စစ်ပိုင်းကလဲ နှစ်ဂိုးသာသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ အူဒီးနီးစ်အသင်းကတော့ ခံစစ်ကစားပုံတည်ငြိမ်လာတာကြောင့် နောက်ပိုင်းပွဲစဉ်တွေမှာ ရမှတ်မဆုံးရှုံးဖို့ အဓိက ကစားနေတာကို တွေ့ရမှာပါ။ ဒါကြောင့် အူဒီးနီးစ်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – အမ်ပိုလီ ၁ – ၂ အူဒီးနီးစ်**

## ပရီးမီးယားလိဂ် ပွဲစဉ် (၂၇) ပွဲကြိုသုံးသပ်ချက်များ

ML

**အဲဗာတန် Vs ဘရန့်ဖို့ဒ်**

**ကစားမည့်ရက်/အချိန် ၁၁-၃-၂၀၂၃ (ည ၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘရန့်ဖို့ဒ် ၁ - ၁ အဲဗာတန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အဲဗာတန်** | – | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** | **ဝေး(သရေ)** |
| **ဘရန့်ဖို့ဒ်** | – | **ဝေး(သရေ)** | **အိမ်(သရေ)** | **အိမ်(နိုင်)** |

အိမ်ကွင်းကစားပုံမာကျောတဲ့ အဲဗာတန်ဟာ နောက်ဆုံးသုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့လို့ အခုအိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲရဖို့ကြိုးပမ်းရမှာပါ။ ဘရန့်ဖို့ဒ်အသင်းကတော့ ခြေစွမ်းပိုင်းတည်ငြိမ်နေပြီး အသင်းကြီးတွေကို တောင် ယှဉ်ကစားနိုင်ပေမဲ့ အဝေးကွင်းပွဲစဉ်တွေမှာတော့ တိုက်စစ်ပိုင်းက ဂိုးရဖို့ ရုန်းကန်ရလေ့ရှိပါတယ်။ ဒါကြောင့် အဲဗာတန်ကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – အဲဗာတန် ၁ – ၀ ဘရန့်ဖို့ဒ်**

**စပါး Vs နော့တင်ဟမ်**

**ကစားမည့်ရက်/အချိန် ၁၁-၃-၂၀၂၃ (ည ၀၉း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**နော့တင်ဟမ် ၂ – ၀ စပါး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **စပါး** | – | **ဝေး(ရှုံး)** | **ဝေး(ရှုံး)** | **အိမ်(သရေ)** |
| **နော့တင်ဟမ်** | – | **အိမ်(သရေ)** | **ဝေး(ရှုံး)** | **အိမ်(သရေ)** |

အိမ်ကွင်းသုံးပွဲဆက် ရှုံးပွဲမရှိသေးတဲ့ စပါးဟာ ချန်ပီယံလိဂ်က ထွက်ခွာခဲ့ရပြီး အမှတ်ပေးပွဲသာ အာရုံစိုက်ရမှာဖြစ်လို့ အခုပွဲစဉ်မှာ တိုက်စစ်မြှင့်ပြီး နိုင်ပွဲရှာဖွေမှာပါ။ နော့တင်ဟမ်ကတော့ အဝေးကွင်းကစားပုံ ဆိုးရွားနေတဲ့အပြင် ခံစစ်ပိုင်းပေးဂိုးများနေတာကြောင့် စပါးအသင်းတိုက်စစ်ကို ထိန်းချုပ်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် ဂိုးပြတ်နိုင်ပွဲရယူမဲ့ စပါးအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – စပါး ၃ – ၁ နော့တင်ဟမ်**

## အားကစားသတင်း အတိုအထွာများ

- စပါးအသင်းက စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် နည်းပြကွန်တီ၏နေရာတွင် အစားထိုးရန် နည်းပြသစ်တစ်ဦး ရှာဖွေနေကြောင်း သိရသည်။
- နာပိုလီအသင်းနှင့် ၂၀၂၄ ခုနှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည့် တိုက်စစ်မှူး လိုဇာနိုကို ပရီးမီးယားလိဂ်ကလပ် ချဲလ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့က ခေါ်ယူရန် အပြိုင်ကမ်းလှမ်းလျက်ရှိသည်။
- ပြင်သစ်အမျိုးသမီးအသင်းက ကစားသမားများနှင့် ဆက်ဆံရေးအဆင်မပြေဖြစ်နေသည့် နည်းပြ ကိုရင်နီဒီယာ့ခ်ကို ရာထူးမှထုတ်ပယ်ခဲ့ကြောင်း သိရသည်။ ML

## ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ပွဲထွက်ခွင့်မပေးသည့် နည်းပြကွန်တီကို စပါးအသင်းတိုက်စစ်မှူး ရစ်ချာလီဆန်ဝေဖန်



**လန်ဒန် မတ် ၉**

စပါးအသင်း တိုက်စစ်ကစားသမား ရစ်ချာလီဆန်က အေစီမီလန်အသင်းနှင့် စပါးအသင်းတို့ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်အပြီးတွင် ပွဲထွက်ခွင့်မပေးခဲ့ခြင်းနှင့် ပတ်သက်ပြီး နည်းပြကွန်တီကို ဝေဖန်ပြောကြားခဲ့သည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရစ်ချာလီဆန်သည် ပြီးခဲ့သည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက အဲဗာတန်အသင်းမှ စပါးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီ အစပိုင်းက အသင်းတွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့သော်လည်း နောက်ပိုင်းပွဲစဉ်များ၌ ပွဲထွက်ခွင့်ပျောက်ဆုံးခဲ့ပြီး လူစားဝင် ကစားသမားအဖြစ်သာ ပါဝင်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

ရစ်ချာလီဆန်က "ဒီရာသီက ကျွန်တော့်အတွက် စိတ်ပျက်စရာ ရာသီပါ။ဝက်စ်ဟမ်းအသင်း၊ ချဲလ်ဆီးအသင်းတို့နဲ့ ကစားခဲ့တဲ့ပွဲစဉ်တွေမှာ ကျွန်တော်လူစားလဲခံခဲ့ရပါတယ်။ နည်းပြကွန်တီက ကျွန်တော့်ကို အရန်ခုံမှာပဲ ထိုင်ခိုင်းခဲ့ပါတယ်။ အေစီမီလန်အသင်းနဲ့ ကစားခဲ့တဲ့ပွဲစဉ်မတိုင်မီကလဲ ကျွန်တော့်ကို ကြံ့ခိုင်မှုအကြောင်းပြပြီး ချန်လှပ်ခဲ့ပါတယ်။ လက်ရှိကျွန်တော့်ကြံ့ခိုင်မှုက အားလုံးရာနှုန်းပြည့်ကောင်းမွန်ပါတယ်။ နေ့တိုင်းအကောင်းဆုံး လေ့ကျင့်တယ်ဆိုတာ ကျွန်တော် ပွဲထွက်ကစားချင်လို့ပါ။ ကွန်တီ ဘာပြောမလဲဆိုတာတော့ ကျွန်တော် စောင့်ကြည့်ပါမယ်" ဟု ဝေဖန်ပြောကြားခဲ့သည်။

ရစ်ချာလီဆန်သည် ယခုနှစ်ဘောလုံးရာသီတွင် စပါးအသင်းနှင့်အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၁၇ ပွဲထိ ပါဝင်ကစားထားသော်လည်း တစ်ဂိုးမှသွင်းယူနိုင်ခြင်းမရှိသေးကြောင်း သိရသည်။

STA

## ကွင်းလယ်ကစားသမား ကာမာဗင်ဂါကို ခေါ်ယူရန် မန်ယူအသင်းကြိုးပမ်းနေ

**မန်ချက်စတာ မတ် ၉**

မန်ယူအသင်းသည် ရီးရဲလ်မက်ဒရစ်အသင်းတွင် ပုံမှန်ပွဲကစားခွင့်ပျောက်ဆုံးနေသည့် ကွင်းလယ်ကစားသမား ကာမာဗင်ဂါကို ခေါ်ယူရန် ကြိုးပမ်းနေသည်ဟု Goal.com က ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

အသက် ၂၀ ရှိ ကာဗာဗင်ဂါသည် ရင်းနက်အသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ပြီးခဲ့သည့်နှစ်ဘောလုံးရာသီက ရီးရဲလ်မက်ဒရစ်အသင်းကို ချန်ပီယံလိဂ် ဆုဖလားရရှိအောင် ကွင်းလယ်ပိုင်းတွင် အကောင်းဆုံး စွမ်းဆောင်နိုင်ခဲ့သော်လည်း ယခုနှစ်တွင် အမှတ်ပေးပြိုင်ပွဲ ၂၄ ပွဲတွင် ၁၂ ပွဲသာ ပွဲထွက်ခွင့်ရရှိခဲ့ကာ ပွဲကစားချိန် လျော့နည်းလာသောကြောင့် အသင်းမှထွက်ခွာရန် ဆန္ဒရှိနေခြင်း ဖြစ်ကြောင်း သိရသည်။

မန်ယူအသင်းသည် ကမ္ဘာ့အဆင့်ခြေစွမ်းရှိသည့် ကွင်းလယ်ကစားသမား ကာမာဗင်ဂါ၏ စွမ်းဆောင်ရည်ပိုင်းကို နှစ်သက်နေကာ အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးဖြစ်သောကြောင့် လာမည့်နွေရာသီတွင် စတာလင်ပေါင် ၁၁၅ သန်းဖြင့် ခေါ်ယူရန် ကြိုးပမ်းနေပြီး ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်၊ အဲရစ်ဆင်၊ ကက်စမဲရိုးတို့ကို ပံ့ပိုးပေးနိုင်ရန် စီစဉ်နေကြောင်း သိရသည်။

ထို့ပြင် မန်ယူအသင်းနည်းပြ တန်ဟတ်က အသင်း၏ပုံစံကောင်းကို ဆက်လက်ထိန်းသိမ်းနိုင်ရန်အတွက် လာမည့်ရာသီတွင် အဓိကကစားသမားသုံးဦးခေါ်သွားမည်ဟု ပြောကြားခဲ့ပြီး ကွင်းလယ်ကစားသမားကာမာဗင်ဂါသည် နည်းပြတန်ဟတ်ခေါ်ယူမည့် ဦးစားပေးပစ်မှတ်ဖြစ်နေသော်လည်း ရီးရဲလ်မက်ဒရစ်အသင်းက ၎င်းတို့ကစားသမားကို ရောင်းချရန်ချင့်ချိန်စဉ်းစားလျက်ရှိကြောင်း သိရသည်။

ML

## ဘရုဂျက်အသင်းက နည်းပြစကော့ပါကားကို ရာထူးမှထုတ်ပယ်ကြောင်း ကြေညာ

**ဘရပ်ဆဲလ် မတ် ၉**

ဘရူဂျက်အသင်းသည် ပြီးခဲ့သည့် အင်္ဂါနေ့က ကစားခဲ့သည့် ဘင်ဖီကာအသင်းနှင့် ပွဲစဉ်တွင် ငါးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသဖြင့် နည်းပြစကော့ပါကားကို ရာထူးမှ ထုတ်ပယ်ခဲ့သည်ဟု Goal.com က ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။





နည်းပြစကော့ပါကား၏ဘရူဂျက်အသင်းသည် ချန်ပီယံလိဂ် ပထမအကျော့ အိမ်ကွင်းပွဲစဉ်၌ ဘင်ဖီကာအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်အပြင် ဒုတိယအကျော့ အဝေးကွင်းပွဲစဉ်တွင် ငါးဂိုး တစ်ဂိုးဖြင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့ရာ နှစ်ကျော့ပေါင်းရလဒ်ခုနစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်၍ ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသောကြောင့် အသင်းတာဝန်ရှိသူများက နည်းပြစကော့ပါကားကို ရာထူးမှထုတ်ပယ်ခဲ့ကြောင်း သိရသည်။

နည်းပြ စကော့ပါကားသည် ဘရူဂျက်အသင်းအား ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလက စတင်တာဝန်ယူကိုင်တွယ်ခဲ့ရာ ပြိုင်ပွဲစုံ ၁၂ ပွဲတွင် နှစ်ပွဲသာ အနိုင်ရရှိအောင် စွမ်းဆောင်နိုင်သောကြောင့် အသင်းဘုတ်အဖွဲ့က ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခွာခဲ့ရချိန်တွင် နည်းပြစကော့ပါကားကို ရာထူးမှထုတ်ပယ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဘယ်လ်ဂျီယံအမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံဆု ၁၈ ကြိမ်ထိ ရယူနိုင်ခဲ့သည့် ဘရူဂျက်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် အမှတ်ပေးပြိုင်ပွဲ ၂၈ ပွဲတွင် ၁၂ ပွဲနိုင်၊ ၁၀ ပွဲသရေ၊ ခြောက်ပွဲရှုံးရလဒ်ဖြင့် ရမှတ် ၄၆ မှတ်သာရရှိခဲ့ပြီး အမှတ်ပေးဇယားကို ဦးဆောင်နေသည့် ဂျန့်အသင်းနှင့် ရမှတ် ၂၁ မှတ် ကွာဟနေသောကြောင့် ချန်ပီယံဆုကို စိန်ခေါ်နိုင်မည့်အခြေအနေတွင် မရှိတော့ကြောင်း သိရသည်။

ML

# ဝက်စ်ဟမ်းအသင်းက နည်းပြမိုယက်စ်နေရာတွင် ကာရစ်နှင့်အစားထိုးရန်ပြင်ဆင်

**လန်ဒန် မတ် ၉**

ဝက်စ်ဟမ်းအသင်း တာဝန်ရှိသူများက နည်းပြဒေးဗစ်မိုယက်စ်ကို ထောက်ခံမှုများပြုလုပ်ထားသော်လည်း ရလဒ်များဆက်လက်ဆိုးရွားလာပါက နည်းပြအပြောင်းအလဲပြုလုပ်ရန် ပြင်ဆင်နေပြီး မစ်ဒယ်ဘရော့အသင်း နည်းပြ ကာရစ်ကို ပစ်မှတ်ထားနေသည်ဟု Telegraph သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြမိုယက်စ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက အသင်းကို ရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ယူရိုပါလိဂ် ဝင်ခွင့်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်များ ဆက်တိုက်ဆိုးရွားနေသည့်အတွက် အနာဂတ်မရေမရာဖြစ်နေသည်။

နည်းပြ မိုယက်စ်သည် နောက်ဆုံးကစားခဲ့သည့် ပရီးမီးယားလိဂ် ၁၁ ပွဲနိုင်ပွဲပျောက်ဆုံးခဲ့ပြီး ပြီးခဲ့သည့် ဘရိုက်တန်အသင်းနှင့် ပွဲစဉ်တွင် လေးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် အသင်းပရိသတ်များက ကွင်းအတွင်း နည်းပြမိုယက်စ်ကို အော်ဟစ် လှောင်ပြောင်မှုများ ပြုလုပ်ခဲ့သကဲ့သို့ အသင်းမှ ထုတ်ပယ်ရန်အတွက်လည်း တောင်းဆိုမှုများပြုလုပ်ခဲ့သည်။



သို့သော် အသင်းတာဝန်ရှိသူများက နည်းပြမိုယက်စ်ကို ဆက်လက်စောင့်ကြည့်ရန် ဆုံးဖြတ်ခဲ့ကြသော်လည်း လာမည့်ပွဲစဉ်များတွင် ရလဒ်များဆိုးရွားခဲ့ပါက တန်းဆင်းဇုန်အတွက် ကျရောက်မည့် အခြေအနေကြောင့် နည်းပြအပြောင်းအလဲ ပြုလုပ်လာဖွယ်ရှိနေကြောင်း သိရသည်။ STA

# အလက်ဇန္ဒားအူဆက်ခ်နှင့်ထိုးသတ်ရန်ကမ်းလှမ်းမှုကို တိုင်ဆန်ဖျူရီ ငြင်းဆန်

**လန်ဒန် မတ် ၉**

WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံ တိုင်ဆန်ဖျူရီသည် WBA (Super)၊ IBF၊ WBO၊ IBO ကမ္ဘာ့ဟဲဗီးဝိတ်တန်း လက်ဝှေ့ချန်ပီယံအလက်ဇန္ဒားအူဆက်ခ်နှင့် ထိုးသတ်သွားရန် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

ဗြိတိန်လက်ဝှေ့သမားတိုင်ဆန်ဖျူရီသည် ယူကရိန်းလက်ဝှေ့သမား အလက်ဇန္ဒားအူဆက်ခ်နှင့်ထိုးသတ်သွားရန် ဆန္ဒရှိသော်လည်းထိုးသတ်ကြေး လျော့နည်းသည့်အတွက် တိုင်ဆန်ဖျူရီက စိန်ခေါ်ပွဲထိုးသတ်ရန် ငြင်းဆန်လိုက်ကြောင်း Guardian NG သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တိုင်ဆန်ဖျူရီသည် ထိုးသတ်ကြေးခွဲဝေမှုကို ပြင်ဆင်ပေးမှသာ စိန်ခေါ်ပွဲကို လက်ခံသွားဖွယ်ရှိနေသည်။

အလက်ဇန္ဒားအူဆက်ခ် အနေဖြင့် တိုင်ဆန်ဖျူရီကို အနိုင်ရရှိခဲ့ပါက ကမ္ဘာ့ဟဲဗီးဝိတ်တန်း လောက၏ ဖြိုင်ဘက်ကင်း ချန်ပီယံဆုကို ရရှိမည်ဖြစ်သည့်အတွက် တိုင်ဆန်ဖျူရီဖြင့် ထိုးသတ်ရန်ဆွေးနွေးမှုပြန်လည်ပြုလုပ်သွားဖွယ်ရှိနေသည်။


ဆွေးနွေးမှုများအရ တိုင်ဆန်ဖျူရီ၏ Promoter ဖြစ်သူ ဖရန့်ဝါရင်က စိန်ခေါ်ပွဲကို ဧပြီ ၂၉ ရက်တွင် ကျင်းပသွားရန် စီစဉ်ထားသော်လည်း ဆွေးနွေးချက်များ အားလုံးသဘောတူညီချက်မရသေးကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အလက်ဇန္ဒား အူဆက်ခ်၏ Promoter ဖြစ်သူ ကရက်ယူခ်က ထိုးသတ်ကြေး သဘောတူညီချက်မရခဲ့သည့်အတွက်ကြောင့် ဆွေးနွေးမှုပျက်ပြယ်ခဲ့ရကြောင်း အတည်ပြုပြောကြားခဲ့သည်။

ကရက်ယူခ်က "အစကတော့ ထိုးသတ်ကြေးကို ၅၀-၅၀ အချိုးနဲ့ သွားဖို့အတွက် ဆွေးနွေးခဲ့ကြပေမဲ့လဲ တိုင်ဆန်ဖျူရီက ထိုးသတ်ကြေး အချိုးပိုလိုချင်နေတယ်။ အဲ့ဒါနဲ့ ကျွန်တော်တို့လဲ ၆၀-၄၀ အချိုးနဲ့ သွားမယ်ဆိုပြီး တောင်းဆိုခဲ့တယ်။ ကျွန်တော်တို့ဘက်က လျှော့ပေးနိုင်တာကတော့ အနိုင်ရသူက ၆၀ ရာခိုင်နှုန်းယူလိုက်ဖို့ပါပဲ။ ဒါက ကျွန်တော်တို့ဘက်က လျှော့ပေးနိုင်တဲ့ နောက်ဆုံးကမ်းလှမ်းမှုပဲဖြစ်ပါတယ်။ အဲလိုမှမဟုတ်ဘူးဆိုရင်တော့ ဒီစိန်ခေါ်ပွဲ ဖြစ်မြောက်လာမှာမဟုတ်ပါဘူး" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL





# ရုရှားနှင့်ဘီလာရုစ်တင်းနစ်ကစားသမားများအား ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ပြုကြောင်း ဗြိတိန်တင်းနစ်အဖွဲ့ချုပ် ထုတ်ပြန်

**လန်ဒန် မတ် ၉**

ဗြိတိန် တင်းနစ်အဖွဲ့ချုပ်သည် ရုရှား-ယူကရိန်း အရေးကြောင့် ၂၀၂၂ ခုနှစ်တွင် ရုရှားနိုင်ငံနှင့် ဘီလာရုစ်နိုင်ငံမှ တင်းနစ်ကစားသမားများအား ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့် ပိတ်ပင်ခဲ့သည်။

အဆိုပါ ဆုံးဖြတ်ချက်ကြောင့် အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ်က ဗြိတိန်တင်းနစ်အဖွဲ့ချုပ်ကို ဒဏ်ငွေပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်ခဲ့သလို ကမ္ဘာ့နိုင်ငံတချို့မှ တင်းနစ်အဖွဲ့ချုပ်များကလည်း ဗြိတိန်တင်းနစ်အဖွဲ့ချုပ်ကို ဝေဖန်အပြစ်တင်ခဲ့ကြသည်။

၂၀၂၃ ခုနှစ် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ကျင်းပမည့်အချိန် နီးကပ်လာပြီ ဖြစ်သည့်အတွက်ကြောင့် ဗြိတိန်တင်းနစ်အဖွဲ့ချုပ်က ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲနှင့် ပတ်သက်ပြီး ရုရှားနှင့်ဘီလာရုစ်တင်းနစ်ကစားသမားများ အရေးအားဆုံးဖြတ်ခဲ့ရာတွင် ၂၀၂၃ ခုနှစ် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု Express သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

သို့ရာတွင် တင်းနစ်ကွင်းအတွင်း ရုရှားနိုင်ငံနှင့် ဘီလာရုစ်နိုင်ငံတို့အား ကိုယ်စားပြုသည့် အလံနှင့်အခြားသောအမှတ်တံဆိပ်များအား ယူဆောင်ခွင့်ပြုမည်မဟုတ်ဟု ဗြိတိန်တင်းနစ်အဖွဲ့ချုပ်က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါ နိုင်ငံများအတွက် လာရောက်အားပေးမည့် ပရိသတ်များကိုလည်း နိုင်ငံတော်အလံများနှင့် နိုင်ငံကိုယ်စားပြုအမှတ်တံဆိပ်များ ယူဆောင်ခွင့် ပြုမည်မဟုတ်ကြောင်းလည်း ဗြိတိန်တင်းနစ်အဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည်။

ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည့် ရုရှားနိုင်ငံနှင့်ဘီလာရုစ်နိုင်ငံမှ တင်းနစ်ကစားသမားများကို နိုင်ငံမဲ့ကစားသမားအနေဖြင့်သာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။

လက်ရှိ အမျိုးသားတင်းနစ်လောကတွင် ကမ္ဘာ့အဆင့် (၅၀) အတွင်းရပ်တည်နေသည့် ရုရှားတင်းနစ်ကစားသမား ငါးဦးရှိနေပြီး အမျိုးသမီး တင်းနစ်လောကတွင် ကမ္ဘာ့အဆင့် (၁၀၀) အတွင်း ရပ်တည်နေသည့် ရုရှား၊ ဘီလာရုစ် တင်းနစ်မယ် ၁၃ ဦးထိ ရှိနေသောကြောင့် အဆိုပါ ကစားသမားများအားလုံးကို ၂၀၂၃ ခုနှစ် ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့် ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

AZL

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂၄) ပွဲကြိုသုံးသပ်ချက်များ

STA

**ဘိုင်ယန်မြူးနစ် Vs အော့စ်ဘတ်**

**ကစားမည့်ရက်/အချိန် ၁၁-၃-၂၀၂၃ (ည ၀၉:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အော့စ်ဘတ် ၂ - ၅ ဘိုင်ယန်မြူးနစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘိုင်ယန်မြူးနစ် | - | အိမ်(နိုင်) | ဝေး(နိုင်) | အိမ်(နိုင်) |
| အော့စ်ဘတ် | - | အိမ်(နိုင်) | ဝေး(ရှုံး) | အိမ်(နိုင်) |

အော့စ်ဘတ်အသင်းဟာ အသင်းလိုက်ကစားပုံကောင်းမွန်တယ်ဆိုပေမဲ့ အဝေးကွင်းဆိုရင် ခြေစွမ်းပိုင်းကတည်ငြိမ်မှုမရှိပါဘူး။ လက်ရှိ ဘိုင်ယန်မြူးနစ်အသင်းကလဲ အကောင်းဆုံးပုံစံရရှိနေလို့ အိမ်ကွင်းမှာ ခြေစွမ်းပိုင်းအသာနဲ့ဖိအားပေးကစားနိုင်မှာပါ။ ဒါကြောင့် ဒီပွဲမှာ ဘိုင်ယန်မြူးနစ်အသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - ဘိုင်ယန်မြူးနစ် ၃ - ၀ အော့စ်ဘတ်**

**ရှော်လ်ကေး Vs ဒေါ့မွန်**

**ကစားမည့်ရက်/အချိန် ၁၁-၃-၂၀၂၃ (ည ၁၂:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဒေါ့မွန် ၁ - ၀ ရှော်လ်ကေး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ရှော်လ်ကေး | - | ဝေး(သရေ) | အိမ်(နိုင်) | ဝေး(နိုင်) |
| ဒေါ့မွန် | - | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(ရှုံး) |

ရှော်လ်ကေးအသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ပိုင်းပြန်လည်ကောင်းမွန်လာတယ်ဆိုပေမဲ့ ဒေါ့မွန်အသင်းကိုတော့ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ ခက်ခဲမှာပါ။ လက်ရှိ ဒေါ့မွန်အသင်းရဲ့ခြေစွမ်းပိုင်းကလဲ အကောင်းဆုံးပုံစံမှာရှိနေလို့ အဝေးကွင်းဆိုပေမဲ့ ရှော်လ်ကေးအသင်းကို ဖိအားပေးကစားနိုင်မှာပါ။ ဒါကြောင့် ဒေါ့မွန်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ရှော်လ်ကေး ၁ - ၂ ဒေါ့မွန်**

# စပိန်လာလီဂါ ပွဲစဉ် (၂၅) ပွဲကြိုသုံးသပ်ချက်များ

STA

**ရီးရဲလ်မက်ဒရစ် Vs အက်စပန်ညို**

**ကစားမည့်ရက်/အချိန် ၁၁-၃-၂၀၂၃ (ည ၀၇:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အက်စပန်ညို ၁ - ၃ ရီးရဲလ်မက်ဒရစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ရီးရဲလ်မက်ဒရစ် | - | အိမ်(သရေ) | အိမ်(ရှုံး) | ဝေး(သရေ) |
| အက်စပန်ညို | - | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(ရှုံး) |

နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့တာကြောင့် ရီးရဲလ်မက်ဒရစ်အသင်းဟာ အခုအိမ်ကွင်းပွဲစဉ်မှာတော့ မဖြစ်မနေ အနိုင်ရရှိအောင် ပြင်ဆင်လာမှာပါ။ လက်ရှိ အက်စပန်ညိုအသင်းရဲ့ အဝေးကွင်းခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိလို့ မဖြစ်မနေနိုင်ပွဲပြန်လည်ရှာဖွေမဲ့ ရီးရဲလ်မက်ဒရစ်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ရီးရဲလ်မက်ဒရစ် ၂ - ၀ အက်စပန်ညို**

**ဗလင်စီယာ Vs အိုဆာဆူနာ**

**ကစားမည့်ရက်/အချိန် ၁၂-၃-၂၀၂၃ (နံနက် ၀၂:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အိုဆာဆူနာ ၁ - ၂ ဗလင်စီယာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဗလင်စီယာ | - | ဝေး(ရှုံး) | အိမ်(နိုင်) | ဝေး(ရှုံး) |
| အိုဆာဆူနာ | - | ဝေး(နိုင်) | အိမ်(နိုင်) | အိမ်(သရေ) |

တန်းဆင်းဇုန်ထဲရောက်နေတဲ့ ဗလင်စီယာအသင်းဟာ အိမ်ကွင်းမှာ ရမှတ်ပြည့်ရရှိဖို့ ကြိုးစားလာမှာပါ။ အိုဆာဆူနာအသင်းကလဲနောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ပိုင်းပြန်လည် ကောင်းမွန်နေတယ်ဆိုပေမဲ့ ဗလင်စီယာအသင်းနဲ့တွေ့ဆုံတိုင်း ရှုံးကန်ရလေ့ရှိနေပါတယ်။ ဒါကြောင့် ဒီပွဲမှာ ဗလင်စီယာအသင်းနဲ့ပဲ လက်တွဲထားရမှာပါ။

**အင်တာနက်ခန့်မှန်း - ဗလင်စီယာ ၁ - ၀ အိုဆာဆူနာ**

# ဖိလစ်ပိုင်နှင့် Quad နိုင်ငံများ ဆက်ဆံရေးအလားအလာ



ဩစတြေးလျ၊ အိန္ဒိယ၊ ဂျပန်နှင့် အမေရိကန်နိုင်ငံတို့ပါဝင်သော လေးနိုင်ငံ လုံခြုံရေးဆွေးနွေးမှုအဖွဲ့သည် Quad ဟု လူသိများလျက်ရှိသည်။ Quad အဖွဲ့သည် မိတ်ဖက်နိုင်ငံများတိုးချဲ့ရေးအပြင် အကျိုးစီးပွားနှင့်တန်ဖိုးထားမှုများ မျှဝေနိုင်ရေးအလေးထားဖော်ဆောင်လျက်ရှိသည်။ နိုင်ငံရေးသဘောတရားရပ်တည်ချက်များကိုက်ညီပြီး မဟာဗျူဟာအရင်းအမြစ်များပေါင်းစပ်ထားသော Quad သည် တရုတ်နှင့်ရုရှားတို့ကို ဟန်ချက်ထိန်းညှိနိုင်ရေးအတွက် အာရှ၏ NATO အဖြစ် တည်ဆောက်လျက်ရှိသည်ဟု ယူဆရပေသည်။

သို့သော် အိန္ဒိယ၏ရုရှားအပေါ် မဟာဗျူဟာမြောက်မှီခိုနေမှုကြောင့် Quad အနေဖြင့် အာရှ၏ NATO အဖြစ် ရပ်တည်နိုင်စွမ်းရှိမည်မဟုတ်ချေ။ အိန္ဒိယသည် ယူကရိန်းအရေးနှင့်စပ်လျဉ်း၍ ရုရှားနိုင်ငံအပေါ် ပိတ်ဆို့မှုများချမှတ်လျက်ရှိသော Quad အဖွဲ့ဝင် မိတ်ဖက်သုံးနိုင်ငံကို တစိုက်မတ်မတ်ဆန့်ကျင်ကန့်ကွက်လျက်ရှိသည်။ အိန္ဒိယနိုင်ငံသည် အနောက်နိုင်ငံများဦးဆောင်ကာ ရုရှားနိုင်ငံ၏စွမ်းအင်အပေါ် ပိတ်ဆို့မှုများချမှတ်နေမှုကို ငြင်းဆန်လျက်ရှိသည့်အပြင် ရုရှားနိုင်ငံ၏ဈေးနှုန်းချိုသောရေနံများကို တိုးမြှင့်တင်သွင်းလျက်ရှိသောကြောင့် Quad ၏ ရပ်တည်ချက်နှင့် စည်းလုံးညီညွတ်မှုတို့ကို ချည့်နဲ့အားနည်းစေလျက်ရှိသည်။

အိန္ဒိယပြည်ပရေးရာဝန်ကြီး ဂျိုင်ရှန်ကာက အနောက်အုပ်စုသည် ၎င်းတို့အဖွဲ့ဝင်မဟုတ်သောနိုင်ငံများကို သီးခြားမူဝါဒများ၊ ဦးစားပေးလုပ်ငန်းများနှင့်အကျိုးစီးပွားများ အကောင်အထည်ဖော်ဆောင်နိုင်မည့် နိုင်ငံပေါင်းစုံပါဝင်သော အခင်းအကျင်းသစ်တစ်ရပ်ကို သူတော်ကောင်းယောင်ဆောင်ကာ အပြိုင်အဆိုင်တည်ဆောက်ပေးလျက်ရှိကြောင်း ပွင့်ပွင့်လင်းလင်းပင် စွပ်စွဲပြောဆိုခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံသည် မကြာမီ Quad အဖွဲ့တွင် အိန္ဒိယ၏အခန်းကဏ္ဍကို ဖြည့်ဆည်းသွားနိုင်ပေသည်။ သမ္မတဖာဒီနန်မားကို့စ်ဂျူနီယာသည် Quad အဖွဲ့ဝင် ဒီမိုကရက်တစ်အဖွဲ့ဝင်များဖြစ်သော အမေရိကန်၊ ဂျပန်၊ ဩစတြေးလျတို့နှင့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

တာဝန်ထမ်းဆောင်မှု တစ်နှစ်ခန့်သာရှိသေးသည့် ဖိလစ်ပိုင်သမ္မတအသစ်သည် ယခင် သမ္မတဟောင်း ဒူတာတေ၏ တရုတ်နှင့်ရုရှားလိုလားသော မဟာဗျူဟာမြောက်ရပ်တည်ချက်ကို လျစ်လျူရှုကာ အစဉ်အလာမိတ်ဖက်နိုင်ငံများနှင့် ဆက်ဆံရေးကိုတိုးချဲ့ဆောင်ရွက်လာခဲ့သည်။ လွန်ခဲ့သော တစ်လအတွင်း၌ပင်လျှင် မားကို့စ်ဂျူနီယာသည် တိုးချဲ့ထားသော ကာကွယ်ရေးဆိုင်ရာပူးဆောင်ရွက်မှု သဘောတူညီချက် (EDCA)အရ ဖိလစ်ပိုင်စစ်အခြေစိုက်စခန်းများတွင် အမေရိကန်တပ်ဖွဲ့ဝင်များ တိုးချဲ့တပ်ဖြန့်ချထားခွင့်ပြုခဲ့သည်။ ဂျပန်နိုင်ငံနှင့်ကာကွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးနိုင်ရေး ဆွေးနွေးလျက်ရှိသည့်အပြင် အမေရိကန်-ဂျပန်-ဖိလစ်ပိုင် သုံးနိုင်ငံလုံခြုံရေးသဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ရေးကိုလည်း စူးစမ်းလေ့လာသုံးသပ်ဆောင်ရွက်လျက်ရှိသည်။

ဩစတြေးလျနိုင်ငံအနေဖြင့်လည်း တပ်ဖွဲ့ဝင်များလာရောက်လည်ပတ်ရန် ဖိလစ်ပိုင်နှင့်သဘောတူညီချက်လက်မှတ်ရေးထိုးထားသော အမေရိကန်ကိုထောက်ခံသည့် အခြားမဟာမိတ်နိုင်ငံများနည်းတူ တောင်တရုတ်ပင်လယ်ပြင်တွင် အမေရိကန်၊ ဖိလစ်ပိုင်တို့နှင့် ပူးတွဲပင်လယ်ရေကြောင်း ကင်းလှည့်ရန်ကမ်းလှမ်းထားရှိသည်။ အဆိုပါ ကင်းလှည့်ခြင်းသည် တရုတ်ကို ဒေါသူပုန်ထစေမည်မှာ အသေအချာပင်ဖြစ်သည်။ ဩစတြေးလျနှင့်ဖိလစ်ပိုင်တို့သည် စစ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု နက်ရှိုင်းစေရန် ကာကွယ်ရေးဆိုင်ရာ အဆင့်မြင့်ဆွေးနွေးမှုများပြုလုပ်သွားရန်လည်း သဘောတူညီလျက်ရှိသည်။

မားကို့စ်ဂျူနီယာသည် တရုတ်နိုင်ငံကိုဆန့်ကျင်သည့် အမေရိကန်ပင်တဂွန်၏ ပေါင်းစပ်ကာကွယ်ရေးမဟာဗျူဟာ၌ ဖိလစ်ပိုင်၏အရေးပါသောအခန်းကဏ္ဍကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောဆိုလျက်ရှိသည်။ ဖိလစ်ပိုင်အနေဖြင့် Quad ၌အဓိကကျသော အဖွဲ့ဝင်အဖြစ်ပါဝင်လာပြီး အမေရိကန်၊ ဂျပန်နှင့် ဩစတြေးလျတို့သည် အိန္ဒိယ၏အခန်းကဏ္ဍကို လျှော့ချသွားဖွယ်ရာရှိကြောင်း လေ့လာသုံးသပ်သူများက ယုံကြည်ယူဆထားကြသည်။ ဖိလစ်ပိုင်သို့ အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်း သွားရောက်လည်ပတ်ပြီး သီတင်းပတ်အနည်းငယ်အကြာတွင် ဩစတြေးလျ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ရစ်ချတ်မားလက်စ်လည်း ဖိလစ်ပိုင်သို့ သွားရောက်လည်ပတ်ခဲ့သည်။ မားလက်စ်သည် ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီးဌာန ဝါရင့်အတွင်းဝန်နှင့်တွေ့ဆုံဆွေးနွေးစဉ် လက်ရှိအချိန်တွင် နှစ်နိုင်ငံစလုံးသည် သမိုင်းတစ်လျှောက် တွေ့ကြုံခဲ့ရသည့် ဆက်ဆံရေးထက်ပိုမိုသော မဟာဗျူဟာမြောက်ပေါင်းစည်းမှုကို တည်ဆောက်နိုင်ပြီဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

သမိုင်းကြောင်းအရ ဩစတြေးလျသည် ဖိလစ်ပိုင်၏ ကာကွယ်ရေးဆိုင်ရာ ဒုတိယမြောက် အနီးကပ်ဆုံး မိတ်ဖက်နိုင်ငံဖြစ်သည်။ လွန်ခဲ့သော ဆယ်စုနှစ်သုံးခုကျော်ကာလအတွင်း နှစ်ဖက်စလုံးသည် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာ (MoU)၊ တပ်ဖွဲ့များလာရောက်လည်ပတ်ရေးသဘောတူစာချုပ် (Sovfa)၊ ဩစတြေးလျ-ဖိလစ်ပိုင် ဘက်စုံမိတ်ဖက်ဆက်ဆံရေး (DCP) ကဲ့သို့သော ကာကွယ်ရေးဆိုင်ရာသဘောတူညီချက်များစွာကို လက်မှတ်ရေးထိုးခဲ့ကြသည်။

နှစ်နိုင်ငံနှင့် နိုင်ငံပေါင်းစုံစစ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများသည် တိုးတက်အောင်မြင်လျက်ရှိသည်။ ဩစတြေးလျနိုင်ငံသည် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးတွင် အဓိကမိတ်ဖက်အဖြစ်ပါဝင်ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် ၂၀၁၇ ခုနှစ်တွင် ဖိလစ်ပိုင်၏ မွတ်ဆလင်အများဆုံးနေထိုင်သော မာရာဝီပြည်နယ်ကို အစ္စလမ္မစ်အုပ်စုမှ စီးနင်းသိမ်းပိုက်ထားစဉ် လေ့ကျင့်ရေးနှင့်ထောက်လှမ်းရေးသတင်းအချက်အလက်များ ကူညီပေးခဲ့သည်။ ၂၀၁၄ ခုနှစ်အတွင်းကလည်း ဩစတြေးလျနိုင်ငံအနေဖြင့် အမေရိကန်၊ ဗြိတိန်တို့နှင့်အတူ Yolanda တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်ခဲ့စဉ်က ဖိလစ်ပိုင်ကို အကူအညီပေးအပ်ခဲ့သည်။ အဆိုပါမုန်တိုင်းသည် ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းကို ပျက်စီးဆုံးရှုံးမှုများစွာဖြစ်စေခဲ့သည်။ ထိုစဉ်က အမေရိကန်နှင့် ဗြိတိန်တို့သည် လူသားချင်းစာနာထောက်ထားမှုနှင့် ဘေးအန္တရာယ်လျှော့ပါးသက်သာရေး (HADR)လုပ်ငန်းများတွင် အကူအညီပေးရန် တပ်ဖွဲ့ဝင်များစွာ စေလွှတ်ခဲ့သည်။

ဂျပန်နိုင်ငံနှင့်အတူ ဩစတြေးလျနိုင်ငံအနေဖြင့်လည်း မကြာသေးမီအချိန်အတွင်းကပင် ဖိလစ်ပိုင်-အမေရိကန် စစ်ရေးလေ့ကျင့်မှုများ၌ ပုံမှန်လေ့ကျင့်လျက်ရှိသည်။ ဖိလစ်ပိုင်နိုင်ငံ အနောက်မြောက်ပိုင်းပြည်နယ် Ilocos Norte ပြည်နယ်၌ ယခုနှစ်နှစ်ကုန်ပိုင်းတွင်ပြုလုပ်သွားမည့် စစ်ရေးလေ့ကျင့်မှု၌ တပ်ဖွဲ့ဝင် ၁၆၀၀၀ ခန့် ပါဝင်လေ့ကျင့်သွားမည်ဟု မျှော်မှန်းထားရှိပြီး တောင်တရုတ်ပင်လယ်နှင့် တရုတ်(ထိုင်ဝမ်)တို့၌ဖြစ်ပေါ်လာနိုင်သည့် အရေးပေါ်အခြေအနေအပေါ် အလေးထားပြုလုပ်သွားမည်ဖြစ်သည်။ မားလက်စ်၏အဆိုအရ ဩစတြေးလျသည် ယခုနှစ်နှစ်ကုန်ပိုင်းတွင်ပြုလုပ်မည့် Balikatan စစ်ရေးလေ့ကျင့်မှုတွင် ပါဝင်လေ့ကျင့်ရန် အကြီးမားဆုံးတပ်ဖွဲ့စေလွှတ်သွားရန် စီစဉ်ထားရှိသည်။ ဖိလစ်ပိုင်အနေဖြင့်လည်း အမေရိကန်၊ ဂျပန်၊ ဩစတြေးလျတို့နှင့်အတူ အကြီးစားစစ်ရေးလေ့ကျင့်မှုများကို လက်ခံကျင်းပလျက်ရာရှိရာ ယခင်နှစ်က Kaman-dag စစ်ရေးလေ့ကျင့်မှုကို လက်ခံကျင်းပခဲ့သည်။

Quad အဖွဲ့ဝင်သစ်တိုးချဲ့နိုင်ရေးအတွက် အခြားအစီစဉ်များကိုလည်း ဆောင်ရွက်ထားရှိသည်။ မားကို့စ်ဂျူနီယာသည် ဖိလစ်ပိုင်နိုင်ငံ Isabela နှင့် Cagayan ပြည်နယ်တို့တွင် အမေရိကန်စစ်အခြေစိုက်စခန်းများထားရှိခွင့်ကို ယခုလအစောပိုင်းကပင် သဘောတူညီခဲ့သည်။ ထို့ပြင် ဖိလစ်ပိုင်သည် Ma-vulis နှင့် Fuga ကျွန်းတို့ရှိ ၎င်း၏စစ်အခြေစိုက်စခန်းများကို အမေရိကန်တပ်ဖွဲ့ဝင်များအား အသုံးပြုခွင့်ပေးရန် စူးစမ်းလေ့လာလျက်ရှိသည်။ အဆိုပါ စစ်အခြေစိုက်စခန်းများသည် ထိုင်ဝမ်ကမ်းခြေနှင့် ရေမိုင် ၁၀၀ ခန့်သာ ကွာဝေးသည်။ အမေရိကန်၏ မဟာမိတ်ဖြစ်သော ဩစတြေးလျနိုင်ငံသည် တရုတ်(ထိုင်ဝမ်)အရေးတွင် အမေရိကန်၏စစ်ရေးဆိုင်ရာတုံ့ပြန်မှု၌ ပါဝင်ဆောင်ရွက်သွားမည်ဟု မျှော်မှန်းရသည်။ တောင်တရုတ်ပင်လယ်ပြင်ရှိ ဆက်စပ်နယ်မြေများတွင် တရုတ်နိုင်ငံနှင့် လက်နက်ကိုင်ပဋိပက္ခဖြစ်လာသည့်အချိန်တွင် အမေရိကန်၏ဝင်ရောက်ကူညီမှု၌ အလားတူပူးပေါင်းဆောင်ရွက်သွားဖွယ်ရာရှိနေသည်။

ဖိလစ်ပိုင်သည် ဂျပန်နိုင်ငံမှ လုံခြုံရေးဆိုင်ရာ အကူအညီများရရှိသည့် ပထမဆုံးနိုင်ငံဖြစ်လာမည်ဟု မျှော်မှန်းရသည်။ ဂျပန်နိုင်ငံအနေဖြင့် အရှေ့တောင်အာရှနိုင်ငံများနှင့်လက်နက်ဝယ်ယူရေး၊ တပ်ဖွဲ့များ အမြန်အလှန် သွားရောက်လည်ပတ်ရေးသဘောတူညီချက်များ (ACSAs)အပြင် တပ်ဖွဲ့ဝင်များသွားရောက်လည်ပတ်ရေးစာချုပ် (VFA)များ လက်မှတ်ရေးထိုးရန် စူးစမ်းလေ့လာလျက်ရှိသည်။ လက်ရှိအချိန်တွင် သုံးနိုင်ငံကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုကျစ်လျစ်ခိုင်မာစေရန်အတွက် အမေရိကန်-ဖိလစ်ပိုင်-ဂျပန် ကာကွယ်ရေးစာချုပ်ကို စဉ်းစားသုံးသပ်ဆောင်ရွက်လျက်ရှိသည်။ ဩစတြေးလျနိုင်ငံအနေဖြင့်လည်း တရုတ်နိုင်ငံဆန့်ကျင်ရေးဆိုင်ရာ ပေါင်းစပ်ဟန့်တားမှု မဟာဗျူဟာတွင် ဖိလစ်ပိုင်နှင့်စစ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ဆောင်ရွက်သွားရန် လုပ်ဆောင်လျက်ရှိသည်။

ယခင်နှစ် နိုဝင်ဘာလတွင် ဩစတြေးလျဝန်ကြီးချုပ် အယ်ဘန်နီစ်နှင့် ဖိလစ်ပိုင်သမ္မတ မားကို့စ်တို့တွေ့ဆုံဆွေးနွေးစဉ် နှစ်နိုင်ငံကြားမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ထူထောင်သွားရန် သဘောတူညီခဲ့ကြသဖြင့် ယခုနှစ် နှစ်ကုန်ပိုင်းတွင် လက်မှတ်ထိုးနိုင်မည်ဟု မျှော်မှန်းထားကြောင်း မားလက်စ်က ဖိလစ်ပိုင်ခရီးစဉ်အတွင်း သတင်းထောက်များကို ပြောကြားခဲ့သည်။ နှစ်နိုင်ငံအနေဖြင့် တောင်တရုတ်ပင်လယ်ပြင် ပင်လယ်ရေကြောင်းလုံခြုံရေးအပါအဝင် နှစ်နိုင်ငံတပ်မတော်များကြား ကာကွယ်ရေးဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲများ တိုးချဲ့လုပ်ဆောင်နိုင်ရေး အခိုင်အမာဆုံးဖြတ်ထားကြောင်း ပြောကြားခဲ့သည်။

ဖိလစ်ပိုင်သည် အမေရိကန်ကို ဒေသတွင်း၌ တရုတ်နိုင်ငံကို ဟန်ချက်ထိန်းညှိနိုင်သည့်နိုင်ငံအဖြစ် သဘောထားလျက်ရှိပြီး အကယ်၍ ဆက်စပ်ရေပိုင်နက်နယ်မြေများအတွင်း ဖိလစ်ပိုင်တပ်ဖွဲ့များ၊ သင်္ဘောများ၊ လေယာဉ်များတိုက်ခိုက်ခံရလျှင် ဖိလစ်ပိုင်ကို အကာအကွယ်ပေးသွားမည်ဟု အမေရိကန်က ကတိပြုထားသည်။ အင်ဒို-ပစိဖိတ်ဒေသတွင် အမေရိကန်၏ မဟာမိတ် ငါးနိုင်ငံဖြစ်သည့် ဩစတြေးလျ၊ တောင်ကိုရီးယား၊ ဂျပန်၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့ရှိသည့်အနက် ဖိလစ်ပိုင်သည် တရုတ်(ထိုင်ဝမ်)နှင့်အနီးကပ်ဆုံးပင်ဖြစ်သည်။ ဆိုရလျှင် ဖိလစ်ပိုင်နိုင်ငံသည် အမေရိကန်၏ အင်ဒို-ပစိဖိတ်မဟာဗျူဟာတွင်အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် ပင်လယ်ရေကြောင်းလုံခြုံရေးတွင် ထောက်ပံ့ရေးကွင်းဆက်အဖြစ် အထောက်အကူပြုလျက်ရှိသည်။ လက်ရှိအချိန်တွင်လည်း Quad အဖွဲ့ဝင်နိုင်ငံများနှင့်စစ်ဘက်ဆိုင်ရာ ဆက်ဆံရေးတိုးချဲ့ဆောင်ရွက်ခြင်းအားဖြင့် ဒေသတွင်း၌ တရုတ်နိုင်ငံကို ဟန်ချက်ထိန်းညှိနိုင်ရန်ခြေလှမ်းပြင်ဆင်လာကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

- **Philippines paving the way toward a new Quad by Asia Times.**

**ဝင်းဇင်(သုတေသန)**

# မြောက်ဦးမြို့နယ် ကိုးသောင်းပုထိုးတော်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်



**မြောက်ဦး မတ် ၉**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်ရှိ ကိုးသောင်းပုထိုးတော်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ကိုးသောင်းပုထိုးတော်ကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ညွန့်က ပြောပြ၍ သိရသည်။

ကိုးသောင်းပုထိုးတော်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ကိုးသောင်းပုထိုးတော်ကြီး၏ အရှေ့ဘက်နှင့် တောင်ဘက်တို့တွင် မတ် ၁၈ ရက်မှ ၂၀ ရက်ထိ သုံးရက်ကြာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ပထမဆုံးအကြိမ်မြောက် ကိုးသောင်းပုထိုးတော်ကြီးရဲ့ ဗုဒ္ဓပူဇနိယပွဲတော်ကို ကျင်းပလိုက်ခြင်းအားဖြင့် ကိုးသောင်းပုထိုးတော်ကြီးလဲ ရောင်တော်ပွင့်ပြီး ပြည်သူ၊ ပြည်သားအားလုံး၊ နယ်သူ၊ နယ်သားတွေပါ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာနဲ့နေနိုင်ဖို့ကို ရည်ရွယ်ပြီးတော့ အခုလိုကျင်းပရတာဖြစ်ပါတယ်"ဟု ဦးမောင်ညွန့်က ပြောပြသည်။

ကိုးသောင်းပုထိုးတော်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် စတင်ကျင်းပမည့် မတ် ၁၈ ရက် နံနက် ၉ နာရီတွင် ကိုးသောင်းပုထိုးတော်ကြီး၏ ပရိဝုဏ်အတွင်း စံပယ်တော်မူကြသည့် ဘုရားဆင်းတုတော်များကို အနေကဇာတင်ခြင်း၊ ပင့်ဖိတ်ထားသည့် သံဃာတော်ကိုးပါးက ပရိတ်၊ ပဋ္ဌာန်းရွတ်ဖတ်ခြင်း၊ နေ့ဆွမ်းဆက်ကပ်ခြင်း၊ ကြွရောက်လာသည့် ဧည့်ပရိသတ်များကို နံနက်စာ ကျွေးမွေးခြင်း စသည့်အစီအစဉ်များ ပါရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဗုဒ္ဓပူဇနိယပွဲတော်တွင် ပျော်ပွဲရွှင်ပွဲများအဖြစ် ရခိုင်ရိုးရာကျင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အမျိုးသမီးများအတွက် လွန်ဆွဲပွဲတို့ကို ကျင်းပမည်ဖြစ်ပြီး ညပိုင်းတွင် အောင်ပွဲစံအမည်ရှိ ဇာတ်သဘင်ဖြင့် သုံးညတိုင်တိုင် ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# ယခုနှစ်သင်္ကြန်ကာလအတွင်း ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်၌ ယိမ်းအကပြိုင်ပွဲများ ကျင်းပမည်

**ရန်ကုန် မတ် ၉**

ယခုနှစ် သင်္ကြန်ကာလအတွင်း ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်၌ ယိမ်းအကပြိုင်ပွဲများကို ယခင်နှစ်များအတိုင်း အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (ရေဆိုးရေလာစီမံခန့်ခွဲမှုဌာန)မှ လက်ထောက်အင်ဂျင်နီယာ ဒေါ်ဆွေဆွေမော်က ပြောပြ၍ သိရသည်။

အဆိုပါပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်မည့် အသင်းများအနေဖြင့် မတ် ၁၃ ရက်မှစ၍ မတ် ၃၁ ရက်ထိ ဗိုလ်တထောင်မြို့နယ်၊ (၄၆)လမ်း (၁၂)ထပ်ရုံး (၁၀)လွှာရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အင်ဂျင်နီယာဌာန (ရေဆိုးရေလာစီမံခန့်ခွဲမှု) တွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

"နှစ်စဉ်ကျင်းပနေကျ ပြိုင်ပွဲတွေဖြစ်တဲ့ ယိမ်းအကပြိုင်ပွဲတွေမှာဆိုရင် ၁၂ ယောက်ယိမ်း မူကြိုကျောင်း၊ အခြေခံပညာကျောင်းတွေနဲ့ ရုံး၊ အခြားဌာနတွေ၊ ၁၆ ယောက်ယိမ်း (အခြေခံပညာကျောင်းတွေနဲ့ ရုံး၊ ဌာနတွေ)၊ အယောက် ၂၀ ယိမ်း (အလွတ်တန်း)၊ အမျိုးသား ၁၂ ယောက်ယိမ်းအလွတ်တန်းနဲ့ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့တွေရဲ့ အကပြိုင်ပွဲတွေလဲ ပါဝင်ပါတယ်။ တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့တွေကတော့ နှစ်စဉ်ယှဉ်ပြိုင်နေကျဖြစ်တဲ့ ကရင်၊ ကချင်၊ မွန်၊ ရခိုင်၊ ရှမ်းနဲ့ ချင်းတိုင်းရင်းသားအကအဖွဲ့တွေလဲ ဒီနှစ်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်"ဟု ဒေါ်ဆွေဆွေမော်က ပြောပြသည်။



ယခုနှစ် ရန်ကုန်တိုင်းဒေသကြီး မဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့ရှိ မြို့တော်ခန်းမ၌ ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်ကို တည်ဆောက်သွားမည့်အပြင် ခရိုင်အလိုက် ရေကစားမဏ္ဍပ်များ၊ ယိမ်းအကဖျော်ဖြေမှုများကိုလည်း ထည့်သွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# ပိုင်ရှင်ရှိသည် မကျူးကျော်ရ ဇာတ်လမ်းတွဲ Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်ဟု ဒါရိုက်တာ သရုပ်ဆောင် သားညီ ပြော

**ရန်ကုန် မတ် ၉**

ပိုင်ရှင်ရှိသည် မကျူးကျော်ရ ရုပ်သံဇာတ်လမ်းတွဲကို မတ်လ တတိယပတ်တွင် Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း ဒါရိုက်တာ သရုပ်ဆောင် သားညီက ပြောပြ၍ သိရသည်။




ပိုင်ရှင်ရှိသည် မကျူးကျော်ရ ရုပ်သံဇာတ်လမ်းတွဲကို ဇာတ်လမ်း ဇာတ်ညွှန်း ဆုးခက်မင်းက ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ သရုပ်ဆောင် သားညီက ပုံဖော်ရိုက်ကူးထားကြောင်း၊ Mee Mee Mway ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်ခြင်းဖြစ်ပြီး အဆိုပါဇာတ်လမ်းတွဲတွင် အပိုင်း (၂၀) ပါဝင်မည်ဖြစ်သည်။

"Mee Mee Mway ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ရိုက်ကူးထားတဲ့ ဇာတ်လမ်းတွဲဖြစ်ပါတယ်။ အားလုံး အပိုင်း (၂၀) ပါဝင်ပါမယ်။ ရိုက်ကွင်းအားလုံးကတော့ ရန်ကုန်မှာပဲ ဇာတ်အိမ်တည်ပြီး ရိုက်ကူးထားတာဖြစ်ပါတယ်။ အိမ်ထောင်ရေး ဒရာမာဇာတ်လမ်းတွဲပါ"ဟု ဒါရိုက်တာ သရုပ်ဆောင် သားညီက ပြောပြသည်။

အဆိုပါ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ဘုန်းမင်းနေလ၊ စွမ်းထက်အောင်၊ နေရှိုင်း၊ မှူးထိပ်ထား၊ အမ်မလီဘို စသည့် သရုပ်ဆောင်များအပြင် ဝါရင့်သရုပ်ဆောင်များဖြစ်သည့် မင်းဦး၊ ခင်ဇာခြည်ကျော်တို့က အားဖြည့်ပါဝင် သရုပ်ဆောင်ပေးထားကြောင်း သိရသည်။

ASH

# My Ex-Friend's Wedding ၌ မင်းသမီး အာရီယာနာဒီဘို့ ပါဝင်မည်

**နယူးယောက် မတ် ၉**

My Ex-Friend's Wedding အမည်ရှိ ဟာသဇာတ်ကားတွင် အော်စကာဆုရှင် မင်းသမီး အာရီယာနာဒီဘို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Variety သတင်းဝက်ဘ်ဆိုက်က မတ် ၈ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားတွင် မင်းသမီး အာရီယာနာဒီဘို့သည် မင်းသမီး အမန်ဒါဆေးဖရိုက်၊ ခလိုးဗိုင်းမင်း၊ မီဂန်းစတယ်လာတို့နှင့်အတူ ပါဝင်သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါ မင်းသမီးလေးဦးသည် My Ex-Friend's Wedding ဇာတ်ကား၌ အချစ်ဆုံးသူငယ်ချင်းများအဖြစ် ပါဝင်သရုပ်ဆောင်ကြရမည်ဖြစ်သည်။

My Ex-Friend's Wedding ဇာတ်ကားကို အမေရိကန်အမျိုးသမီးဒါရိုက်တာ ကေးကင်ဒွန်က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

မင်းသမီး အာရီယာနာဒီဘို့သည် ဒါရိုက်တာ စတီဗင်စပီးဘာ့၏ Westside Story ဇာတ်ကားဖြင့် ၂၀၂၀ ပြည့်နှစ် အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုကို ရရှိထားသူဖြစ်သည်။

My Ex-Friend's Wedding ဇာတ်ကားထုတ်လုပ်မှုကို ယခုနှစ်အတွင်း စတင်မည်ဖြစ်ကြောင်း သိရသည်။

KKO



# Cocaine Bear ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေ ကန်ဒေါ်လာ ၅၂ သန်းကျော်ရှိ

**နယူးယောက် မတ် ၉**

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ Cocaine Bear ရုပ်ရှင်ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေသည် ရုံတင်ပြီး ဒုတိယသီတင်းပတ်ကုန်တွင် အမေရိကန်ဒေါ်လာ ၅၂ သန်းကျော်ထိရှိလာကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မတ် ၈ ရက်တွင် ရေးသားတင်ပြထားသည်။

ယူနီဗာဆယ်ကုမ္ပဏီသည် Cocaine Bear ဇာတ်ကားကို လက်ရှိအချိန်တွင် နိုင်ငံတကာ ရုပ်ရှင်ဈေးကွက် ၅၂ ခုတို့၌ ရုံတင်ပြသနေခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားသည် ကိုးကင်းမူးယစ်ဆေးဝါးများ မတော်တဆမျိုမိခဲ့ပြီးနောက် သောင်းကျန်းနေသော ဝက်ဝံတစ်ကောင်၏ အန္တရာယ်ကို ပုံဖော်ရိုက်ကူးထားသည့် ဟာသထိတ်လန့်သည်းဖို ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားသည် Cocaine Bear အမည်ရှိ ဝက်ဝံတစ်ကောင်၏ဖြစ်ရပ်မှန်ကို အခြေခံရိုက်ကူးထားသော ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Cocaine Bear အတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျင်မီဝါဒန်က ရေးသားပေးထားပြီး အမေရိကန်အမျိုးသမီးဒါရိုက်တာ အဲလစ်ဇဘတ်ဘန့်က ရိုက်ကူးပေးထားကြောင်း သိရသည်။ KKO



# Vice-Chairman of Financial Commission Vice-Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win addresses coordination meeting on presenting Union budget for the fiscal year of 2023-2024


Vice-Senior General Soe Win delivers address at the meeting.

**Nay Pyi Taw March 9**

The coordination meeting on presenting budget of Union for the fiscal year of 2023-2024 was held Office of Chairman of State Administration Council in Nay Pyi Taw this afternoon with an address by Vice-Chairman of Financial Commission Vice-Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win.

The meeting was also attended by Union Minister for Planning and Finance U Win Shein, Union Auditor-General U Tin Oo, Deputy Minister U Maung Maung Win and officials. Union level officials, union ministers, the Chairman of Nay Pyi Taw Council and officials attended it through video conferencing.

In his address at the meeting, Vice-Chairman of SAC and Deputy Prime Minister Vice-Senior General Soe Win said the meeting was to scrutinize the Union budget submitted by the Ministry of Planning and Finance for the fiscal year of 2023-2024. At the meeting, based on the Five-point Roadmap and the 12 Objectives of SAC, plans to be implemented with priority on sector-wise basis and the Union budget submitted by the Ministry of Planning and Finance in accordance with financial rules and protocol would be coordinated and discussed with Union level organizations, ministries and the Nay Pyi Taw Council.

As today, the COVID-19 pandemic is under control well and domestic businesses are back to normal, it is expected that the income in 2023-2024 fiscal year could be more than that in the year earlier. Regarding the expenditure, it will be planned depending on the expected income within the 2023-2024 fiscal year, and the budget deficit is to be managed appropriately. Therefore, the expenditure must be scrutinized properly.

The State will spend on ordinary expenditure including salary and expenses of civil servants, wages, maintenance, and social securities, and capital expenditure on a priority basis for economic development of the nation including infrastructure. Therefore, expenditure for education and health sectors that will promote human resources, the sectors of agriculture, livestock and transport and commutations, electricity and energy will be allowed on a priority basis.

Regarding consumption of fuel oil, fuel oil prices has risen around the world. As fuel oil is imported, fuel oil consumption is to be reduced to save spending of foreign exchange earnings and to avoid high spending. This fiscal year, scrutiny measures are to be taken to allow any consumption of fuel oil on administration front or operational front. With regard to construction of new offices, staff housing, expenditure for them will not be allowed in the ordinary way but depending on regional situation and security situation. In respect of purchasing office equipment and furniture, luxury items are not allowed to buy but be allowed upon requirement for departments concerned and through scrutinizing the previous purchase.

At the meeting, according to current directives and duties assigned by the leaders concerned to be carried out compulsorily, matters to be submitted by some ministries will be openly discussed and coordinated.

It is learnt that when the Ministry of Planning and Finance is scrutinizing the Union budget, estimation by departments and organizations has been coordinated well. If the departments and organizations have to submit some adjustments over the estimates, it is to submit them to be discussed at this meeting. If the departments and organizations have matters to be truly carried out upon the operational requirements, they can proceed with submitting them to this meeting.

Afterwards, Union Minister U Win Shein briefed on the Union budget for the fiscal year of 2023-2024 submitted by Union level departments and organizations and Deputy Minister U Maung Maung Win the Union budget already scrutinized by the Ministry of Planning and Finance.

Then, Union Auditor-General U Tin Oo briefed on auditing measures on the Union budget.

Afterwards, officials of Union level organizations, union ministers and the Chairman of Nay Pyi Taw Council reported on budgets of departments and organizations concerned with the additional discussion by the Secretary of Financial Commission.

Later, the Vice-Senior General gave concluding remarks on the meeting. 100

# Plan to sell teak logs, hardwood logs, sawn timber in open auction in March

**Yangon March 9**

The industrial raw materials such as teak logs, hardwood logs and sawn teak timber will be sold through open tender in March, according to the press release issued by the Myanmar Timber Enterprise on 5 March 2023.

Myanmar's forests are being managed not to cause deforestation and to thrive the forest plantations as part of effort for ensuring long term existence of forest resources across the nation.

Timber from the forests is extracted with the least volume under the restrictions by prioritizing the conservation of forests.

After extracting the timber, these materials are being used in production of value-added products to be exported so as to earn incomes at home and abroad, creating job opportunities for the local people.

The Local Trade and Sawmill Branch of the Myanma Timber Enterprise of the Ministry of Natural Resources and Environmental Conservation decided to sell 2,343 tons of teak logs, hardwood logs and sawn teak timber in line with the Covid-19 prevention protocols of the Ministry of Health.

These timbers will be sold at Tawwin Hall of Gyogon timber yard of Myanma Timber Enterprise in Insein Township through open tender at 8.30 am on 15 March 2023.

For further information, anyone may contact Myanma Timber Enterprise (Head Office) and browse www.mte.com.mm and dial 01-372023, 372688, 02-4070371 and 01-377269. 336


Piles of teak logs.

# Myawady border trade camp handles more than US$1,800 million worth of trade value till 24 February


The warehouse of Myawady border trade camp.

**Nay Pyi Taw March 9**

The Ministry of Commerce on 3 February stated that Myawady trade zone handled more than US$1,800 million worth of trade value till 24 February 2023.

The zone resumed its trade route with Thailand as from 5 January 2023.

Moreover, the zone arranges timely exportation of marine products, green groceries such as onion, chilli and cabbage to Thailand.

Now, the zone handles boosting export of maize to Thailand after the Chinese New Year period. So, its trade volume increased.

During the period from 1 April 2022 to 24 February 2023, the zone handled export value worth US$569.367 million and import value worth US$1,213.164 million, totalling US$1,872.531 million.

Myawady trade zone stands third among other trade camps due to border trade. The zone arranges export of agricultural produce such as tapioca, cabbage, broken rice, onion, rice flour, tamarind, maize, chilli, giner, groundnut and turmeric and marine products as well as CMP products.

So also, the camp handles import of animal feeds, bicycle, stationery, car parts, textile, construction materials, cosmetics, electronic products, lift parts, foodstuffs and others. 336

# More than 6,200 students to sit for matriculation examination in Mon State in March 2023

**Mawlamyine March 9**

More than 6,200 students from Mon State will take the matriculation examination to be held in March 2023, according to the press release issued by Mon State government on 3 March 2023.

The exam will take place across the nation from 8 to 18 March. In this regard, Mon State will open 23 exam centres for the examination.

According to the statistics, a total of 6,220 students from Mon State will sit for the exam. Exam ID is being issued to the students at relevant basic education high schools and township education offices to take part in the exam as from 20 February 2023.

Currently, Mon State government is implementing the comprehensive education system in Mon State. In so doing, special priority is being given to improvement of basic education sector of the state.

On 28 February, the chief minister of Mon State met with students who will take the matriculation examination for 2023 at the hall of No 9 Basic Education High School.

At the ceremony, the chief minister explained that an emphasis is being placed on promotion of basic education sector in Mon State as the state secures the high pass rate in the exam on a yearly basis. The authorities will carry out necessary measures for ensuring peace and stability of the exam with health care services for the students to peacefully take the exam.

Then, the chief minister together with state ministers presented nutritious meals, eggs and cereal meals to students.

Also present at the ceremony were Chief Minister U Aung Kyi Thein, state ministers, departmental officials, teachers and students.

336

# Plan to auction off more than 930 confiscated bales (industrial raw bales)

**Yangon March 9**

The Ministry of Planning and Finance stated that more than 930 bales (industrial raw bales) will be auctioned off at the office of Yangon Region Customs Department.

These are 932 bales (industrial raw bales). Those wishing to buy thee bales through auction may buy auction disciplines and list of bales at the region office on Strand Road in Kyauktada Township of Yangon during office hours from 8 to 10 March.

Auction will take place at the Customs Department on Ahlon Thittaw Street in Ahlon Township at 10 am on 16 March.

Auction materials can be viewed at the warehouse 20/21 of Consumer Affairs Department on Thazinyon Street in Ward 5 of Mayangon Township in Yangon from 10 am to 3 pm on 15 March.

For further information, dial 09-766667707 and 09-398231 of the produrement committee.

336

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# US-China chip war: Netherlands moves to restrict some tech exports



**Washington March 9**

The Dutch government is to put restrictions on the country's "most advanced" microchip technology exports to protect national security, following a similar move by the US.

It will include products by chip equipment maker ASML, a key firm in the global microchip supply chain.

In response, China has launched a formal complaint against the move.

It said it hoped the Netherlands would not "follow the abuse of export control measures by certain countries".

China has frequently called the US a "tech hegemony" in response to export controls imposed by Washington.

Semiconductors, which power everything from mobile phones to military hardware, are at the centre of a bitter dispute between the US and China.

A spokeswoman for the Chinese Foreign Ministry, Mao Ning, said the Dutch move aimed to deprive China of its right to develop.

Dexter Roberts, a senior fellow at the Washington-based Atlantic Council think tank, told the BBC that the decision by the Netherlands was "a real step forward, a real victory for the US and also very bad news for China".

"US-China relations are already in a pretty bad place. This clearly will make things even worse." BBC

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ယူကရိန်း HIMARS MLRS ဒုံးကျည်လေးစင်းနှင့် UAV ငါးစင်းကို ရုရှားက ပစ်ချခဲ့



ရုရှားလေကြောင်းရန် ကာကွယ်ရေး စနစ်များသည် ယူကရိန်းတပ်မတော်၏ HIMARS MLRS ဒုံးကျည်လေးစင်း နှင့် UAV ဒရုန်းငါးစင်းတို့ကို ပစ်ချနိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်ချုပ်ကြီး Igor Konashenkov က မတ် ၈ ရက်တွင် ပြောကြားခဲ့သည်။

လေကြောင်းရန်ကာကွယ်ရေးစနစ်များသည် Kherson ဒေသရှိ Nova-ya Kakhovka၊ Nikolaevka၊ Zaporozhye ဒေသရှိ Chervonoar-meyskoye၊ Donetsk ပြည်သူ့သမ္မတနိုင်ငံရှိ Nikolskoye နှင့် Lugansk ပြည်သူ့သမ္မတနိုင်ငံရှိ Shipilovka အခြေချနေထိုင်ရာ ဒေသများအနီး HI-MARS ဒုံးကျည်လေးစင်းနှင့် UAV ဒရုန်း ငါးစင်းကို ပစ်ချဖျက်ဆီးနိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

Konashenkov ၏အဆိုအရ အထူး စစ်ဆင်ရေးဆောင်ရွက်မှု စတင်ချိန်မှစ၍ လေယာဉ် ၃၉၈ စင်း၊ ရဟတ်ယာဉ် ၂၁၇ စင်း၊ ဒရုန်း ၃၃၆၁ စင်း၊ လေယာဉ်ပစ်ဒုံးကျည်စနစ်အစီးရေ ၄၁၀၊ တင့်ကားနှင့် အခြားသံချပ်ကာတိုက်ခိုက်ရေးယာဉ် ၈၂၂၂ စီး၊ ဒုံးကျည်မျိုးစုံပစ်လွှတ်မှုစနစ် တိုက်ခိုက်ရေးယာဉ် ၁၀၅၅ စီး၊ စစ်မြေပြင်သုံးအမြောက်နှင့် မော်တာစနစ် ၄၃၀၀၊ အထူးစစ်သုံးယာဉ် ၈၇၉၈ စီး တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

ရုရှားတပ်ဖွဲ့များသည် ယူကရိန်းရေဒါစခန်း (RLS) နှင့် Donetsk ပြည်သူ့သမ္မတနိုင်ငံရှိ ယူကရိန်းတပ်မတော် အမှတ်(၅၉)ယန္တရားတင်ခြေလျင်တပ်မဟာ ဌာနချုပ်တို့ကိုလည်း တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း Konashenkov က ပြောကြားခဲ့သည်။

Kupyansk ထိုးစစ်လမ်းကြောင်းတွင် ယူကရိန်းတပ်မတော်၏ အဖျက်အမှောင့်နှင့် ကင်းထောက်အဖွဲ့ ၁၀ ဖွဲ့၏လှုပ်ရှားမှုများကို တားဆီးနိုင်ခဲ့ပြီး ယူကရိန်းစစ်သည် ဦးရေ ၆၀ ခန့်၊ သံချပ်ကာယာဉ် နှစ်စီး၊ ကားသုံးစီးနှင့် Akatsiya ဟောင်ဝစ်ဇာ အမြောက်တစ်စီးတို့ကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ယူကရိန်းစစ်ဘက်သည် ပြီးခဲ့သည့် ၂၄ နာရီအတွင်း Krasnolymansk ထိုးစစ်လမ်းကြောင်း၌ စစ်မှုထမ်းဦးရေ ၁၃၀ နှင့် စက်ပစ္စည်းကိုးခု ဆုံးရှုံးခဲ့သည်။ ရုရှားနိုင်ငံ တောင်ပိုင်းစစ်ဒေသခရိုင် တိုက်ခိုက်ရေးတပ်ဖွဲ့များနှင့် လက်အောက်ခံအဖွဲ့ခွဲများသည် Donetsk စစ်ဆင်ရေးနယ်မြေထိုး စစ်ဆင်တိုက်ခိုက်မှုများအတွင်း ယူကရိန်း တပ်ဖွဲ့ဝင်ဦးရေ ၁၈၀ ကျော်ကို ဖယ်ရှားရှင်းလင်းနိုင်ခဲ့သည်။ တစ်ချိန်တည်းတွင် Yuzhno-Donetsk နှင့် Zaporozhye ထိုးစစ်လမ်းကြောင်းများတွင် ရုရှားစစ်ဘက်၏ Vostok တိုက်ခိုက်ရေးအဖွဲ့များက ယူကရိန်းတပ်ဖွဲ့ဝင်အင်အား ၆၅ ဦးနှင့် Msta-B ဟောင်ဝစ်ဇာအမြောက် တစ်စီးတို့ကို ဖယ်ရှားရှင်းလင်းနိုင်ခဲ့သည်ဟု သတင်းထုတ်ပြန်ထားသည်။

**Russian air defense systems shot down 4 Ukrainian HIMARS MLRS shells, 5 UAVs ကို ဘာသာပြန်ဆိုထားပါသည်။**

## Artyomovsk မြို့အတွက် ယူကရိန်းတပ်ဖွဲ့များ နောက်ဆုံးအချိန်ထိ တိုက်ပွဲဝင်နိုင်ဖွယ်ရှိ

ယူကရိန်းတပ်ဖွဲ့များသည် Artyomo-vsk မြို့(ယူကရိန်းအမည်-Bakhmut) အတွက် နောက်ဆုံးအချိန်ထိ တိုက်ပွဲဝင်နိုင်ဖွယ်ရှိပြီး ရုရှားတပ်များကို ပိတ်ဆို့ရန်အတွက် တပ်ဖွဲ့လေးဖွဲ့ကိုဖွဲ့စည်းခဲ့ကြောင်း Wagner PMC (ပုဂ္ဂလိကစစ်ဘက်ကုမ္ပဏီ) တည်ထောင်သူ Yevgeny Prigozhin က ပြောကြားခဲ့ကြောင်း မတ် ၆ ရက်က TASS သတင်းဌာနတွင် ဖော်ပြထားသည်။

ယူကရိန်းလက်နက်ကိုင်တပ်ဖွဲ့များသည် အဖွဲ့များစွာကို ဖြန့်ခွဲဖွဲ့စည်းခဲ့သည်။ Slav-yansk မြို့တွင်အဖွဲ့တစ်ဖွဲ့ အမှတ်(၆၇) တပ်မဟာ၊ Seversk မြို့တွင် ဒုတိယတစ်ဖွဲ့ အမှတ်(၈၁)နှင့် (၆၆) တပ်မဟာတို့မှ လက်အောက်ခံတပ်ရင်း၊တပ်ဖွဲ့များ၊ Chasov Yar မြို့နှင့် Konstantinovka မြို့တို့တွင် တစ်ဖွဲ့စီဖွဲ့စည်းထားကြောင်း Prigozhin ၏သတင်းထုတ်ပြန်ရေးအဖွဲ့က Telegram ချန်နယ်တွင် ရေးသားဖော်ပြထားသည်။

"ယူကရိန်း လက်နက်ကိုင်တပ်ဖွဲ့တွေဟာ Artyomovsk မြို့အတွက် နောက်ဆုံးထိ တိုက်ပွဲဝင်သွားပါလိမ့်မယ်။ ဒါက သိသာထင်ရှားပြီး ကျွန်တော်တို့ဘက်ကလဲ လုပ်စရာရှိတာ ဆက်တိုက်လုပ်ဆောင်ရပါလိမ့်မယ်"ဟု Prigozhin က အလေးပေး ပြောကြားခဲ့သည်။

ပုဂ္ဂလိကစစ်ဘက်ကုမ္ပဏီတည်ထောင်သူ Prigozhin က ရုရှားတပ်ဖွဲ့များသည် Artyomovsk မြို့ကိုပိတ်ဆို့ထားကြောင်း၊ ၎င်း၏အမြင်အရ ယူကရိန်းစစ်ဘက်သည် မြို့တော်ကို ဖောက်ထွက်ရန်အတွက် စေတနာ့ဝန်ထမ်းတပ်ဖွဲ့များကို ရှေ့ဆက်မတိုးနိုင်ရေးပိတ်ဆို့ထားရန် လိုအပ်ကြောင်း၊ သို့သော် ရုရှားတပ်များကို အနီးကပ်စိုးမိုးထားနိုင်လျှင် ယခုကဲ့သို့ဖြစ်လာမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

မတ် ၁ ရက်တွင် Prigozhin က ယူကရိန်းတပ်ဖွဲ့ဝင် ထောင်ပေါင်းများစွာသည် Artyomovsk မြို့တွင် အပြင်းအထန်ခုခံတိုက်ခိုက်နေကြောင်း သတင်းပို့ခဲ့သည်။

Artyomovsk မြို့သည် Donetsk ပြည်သူ့သမ္မတနိုင်ငံ၏ ယူကရိန်းထိန်းချုပ်ရာ နယ်မြေအပိုင်းတွင် တည်ရှိပြီး Don-bass ဒေသတွင် ယူကရိန်းတပ်များကို ပံ့ပိုးရန်အတွက် အရေးကြီးသောသယ်ယူပို့ဆောင်ရေးအချက်အချာနေရာလည်းဖြစ်သည်။ မြို့အတွက် တိုက်ပွဲများ ပြင်းပြင်းထန်ထန်ဖြစ်ပွားနေကြောင်း သိရသည်။ ဖေဖော်ဝါရီ ၁၆ ရက်က DPR ယာယီခေါင်းဆောင် Denis Pushilin က ရုရှားတပ်ဖွဲ့များသည် Artyomovsk မြို့အနီးရှိ



အဓိကနေရာအများအပြားကို သိမ်းပိုက်နိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

**Kiev troops to fight to the last for Artyomovsk, says Wagner PMC founder ကို ဘာသာပြန်ဆိုထားပါသည်။**

## ဥရောပမဟာမိတ်နိုင်ငံများအတွက် HIMARS လက်နက်စနစ်အပြန်အလှန်လုပ်ဆောင်နိုင်မှုအစီအစဉ်ကို အမေရိကန်ကြေညာ



အမေရိကန်နိုင်ငံကြည်းတပ်အမှတ်(၅)သည် ဥရောပရှိမိတ်ဖက်နိုင်ငံများ၏ High Mobility Artillery Rocket System (HIMARS) လက်နက်စနစ်အပြန်အလှန် လုပ်ဆောင်နိုင်မှုအစီအစဉ်ကို စတင်တော့မည်ဖြစ်ကြောင်း မတ် ၆ ရက်က Defense Post တွင် ရေးသားထားသည်။

ဥရောပနိုင်ငံများကြား European HIMARS Initiative (EHI) ဟုခေါ်သော အဆိုပါကြိုးပမ်းမှုသည် မဟာမိတ်နိုင်ငံများ အဖျက်စွမ်းအား၊ အပြန်အလှန်လုပ်ဆောင်နိုင်မှုနှင့် စစ်မြေပြင်အမြောက်လက်နက် ကျွမ်းကျင်မှုတို့ကို တည်ဆောက်ရန် ဘက်စုံချဉ်းကပ်မှုကို အာရုံစိုက်လုပ်ဆောင်လာကြသည်။ စီမံကိန်းလုပ်ဆောင်ရာတွင် HIMARS အတွဲလိုက် ဒုံးပစ်လောင်ချာစနစ်များ ပိုင်ဆိုင်သော သို့မဟုတ် ဝယ်ယူရန် စိတ်ဝင်စားသော မဟာမိတ်နိုင်ငံများကို ကမ်းလှမ်းမည်ဖြစ်သည်။

EHI ရွေ့ပြောင်းလုပ်ဆောင်မှုများအောက်တွင် နိုင်ငံများသည် HIMARS ဒုံးပစ်လောင်ချာများ၏ထိရောက်မှု၊ လေ့ကျင့်မှုနှင့် ဖြန့်ကြက်မှုတို့ကိုဆွေးနွေးရန် ထိပ်တန်းခေါင်းဆောင် ထိပ်သီးအစည်းအဝေးတစ်ရပ်ကို ကျင်းပမည်ဖြစ်သည်။

ထိပ်သီးအစည်းအဝေးပြီးနောက် လက်နက်စနစ်၏အသုံးချမှုနှင့် ရေရှည်တည်တံ့မှု၊ အမေရိကန်နှင့် ပြည်ပစစ်တိုက်လေယာဉ်များ ပေါင်းစပ်လေ့ကျင့်ရေးအစီအစဉ်၊ HIMARS လေ့ကျင့်မှုနှင့် လွှဲပြောင်းပို့ဆောင်မှုများအကြောင်း ပိုမိုနားလည်သဘောပေါက်ရန် ခေါင်းဆောင်များအချင်းချင်းတွေ့ဆုံဆွေးနွေးမှုများ ဆက်တိုက်ပြုလုပ်သွားမည်ဖြစ်သည်။

EHI ထိပ်သီးအစည်းအဝေးများနှင့် ဆွေးနွေးပွဲများအားလုံးကို အရှေ့ဥရောပနှင့် အလယ်ပိုင်းတွင် ကျင်းပမည်ဖြစ်သည်။ စက်ပစ္စည်းများကို လက်ခံရရှိသည့် မိတ်ဖက်နိုင်ငံများအနေဖြင့် လက်တွေ့လုပ်ဆောင်မည့်နေရာများ ရွေးချယ်ပေးသွားရမည်ဖြစ်သည်။ EHI ထိပ်သီးအစည်းအဝေးကို ယခုနွေဦးရာသီတွင် စတင်ရန်စီစဉ်ထားသည်။

HIMARS သည် NATO မဟာမိတ်များနှင့် မိတ်ဖက်နိုင်ငံများကို အဝေးမှ လျင်မြန်စွာအစုလိုက်အပြုံလိုက်ပစ်ခတ်ရန်၊ ဆုံးဖြတ်ချက်ချနိုင်သောနေရာ၊ ပြောင်းလွယ်ပြင်လွယ်ရှိနိုင်စွမ်း၊ မြေပြင်တပ်များထိုးစစ်ဆင်မှုအောင်မြင်ရန် ခက်ခဲမည့်နေရာများသို့ စစ်ဆင်ရေးအရှိန်အဟုန်မြင့်တိုက်ခိုက်ပေးနိုင်စွမ်း စသည့်အားသာချက်များ ပိုင်ဆိုင်ထားကြောင်း အမှတ်(၅) တပ်တော်မှူး (V Corps Commanding General) ဒုတိယဗိုလ်ချုပ်ကြီး John Kolasheski က ပြောကြားခဲ့သည်။

**US Army Announces HIMARS Interoperability Project for European Allies ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မြန်မာတစ်နိုင်ငံလုံးတွင် တိုင်းရင်းဆေးရုံ ၄၉ ရုံဖွင့်လှစ်၍ အများပြည်သူ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေ



**နေပြည်တော် မတ် ၉**

မြန်မာတစ်နိုင်ငံလုံးတွင် တိုင်းရင်းဆေးရုံ ၄၉ ရုံဖွင့်လှစ်၍ အများပြည်သူ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနေကြောင်း ကျန်းမာရေးဝန်ကြီးဌာနသတင်းများအရ သိရသည်။

ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ တိုင်းရင်းဆေးပညာဦးစီးဌာနသည် အများပြည်သူ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုင်းရင်းဆေးပညာရပ်များဖြင့် ဝန်ဆောင်မှု ပေးနိုင်ရေးအတွက် မြန်မာနိုင်ငံရှိ မြို့ကြီး ၄၉ မြို့တွင် တိုင်းရင်းဆေးရုံ ၄၉ ရုံဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါတိုင်းရင်းဆေးရုံများကို ခုတင်(၁၀၀)တိုင်းရင်းဆေးရုံ၊ ခုတင်(၅၀)တိုင်းရင်းဆေးရုံ၊ (၂၅)ခုတင်တိုင်းရင်းဆေးရုံနှင့် (၁၆)ခုတင်တိုင်းရင်းဆေးရုံများအဖြစ် ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ရာ ခုတင်(၁၀၀) တိုင်းရင်းဆေးရုံများကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်စသည့် မြို့ကြီး သုံးမြို့တွင် သုံးရုံ၊ ခုတင်(၅၀)တိုင်းရင်းဆေးရုံများကို မြစ်ကြီးနား၊ မုံရွာ၊ မကွေး၊ အေးသာယာ၊ ပဲခူး၊ မော်လမြိုင်၊ လွိုင်ကော်၊ စစ်တွေ၊ ဘားအံ စသည့်မြို့ကြီး ကိုးမြို့တွင် ကိုးရုံ၊ (၂၅)ကုတင်တိုင်းရင်းဆေးရုံများကို ဘော်လခဲ၊ ရွှေဘို၊ ကလေး၊ မြိတ်၊ ပြည်၊ ပခုက္ကူ၊ ကျောက်ဆည်၊ ညောင်ဦး၊ ရမည်းသင်း၊ သထုံ၊ ကျိုင်းတုံ၊ လားရှိုး၊ လွိုင်လင် စသည့် မြို့ ၁၃ မြို့တွင် ၁၃ ရုံ၊ (၁၆)ခုတင် တိုင်းရင်းဆေးရုံများကို မိုးကောင်း၊ မန်စီ၊ ဒီးမော့ဆို၊ ဟားခါး၊ မင်းကွန်း၊ မြင်းမူ၊ ရေဦး၊ ကန့်ဘလူ၊ ထီးချိုင့်၊ ထားဝယ်၊ ရေတာရှည်၊ ညောင်လေးပင်၊ ဖြူး၊ ကြို့ပင်ကောက်၊ ပေါင်းတည်၊ ရေနံချောင်း၊ ပေါက်၊ မိုးကုတ်၊ ပျော်ဘွယ်၊ ထားဝယ်၊ မော်လမြိုင်ကျွန်း၊ ပုသိမ်၊ ကျုံပျော်၊ ကျေးသီးစသည့် မြို့ ၂၄ မြို့တွင် ၂၄ ရုံ စုစုပေါင်း တိုင်းရင်းဆေးရုံ ၄၉ ရုံဖွင့်လှစ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း အဆိုပါ တိုင်းရင်းဆေးရုံများတွင် လေဖြတ်၊ လေငန်းအပါအဝင် အရိုး၊ အကြော၊ အဆစ်ဆိုင်ရာရောဂါများ၊ အာရုံကြောရောဂါများနှင့် အရေပြားရောဂါများကို အများဆုံးလာရောက်ကုသမှုခံယူခဲ့ကြကြောင်း၊ ချောင်းဆိုးရောဂါနှင့် အခြားရောဂါများကိုလည်း လာရောက်ကုသမှုခံယူခဲ့ကြကြောင်း သိရသည်။ SKL

# မော်လိုက်မြို့နယ် ညောင်ဝန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မော်လိုက် မတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ညောင်ဝန်းကျေးရွာ၌ ငွေစာရင်းပုံစံများ ဖြည့်သွင်းထားရှိမှုနှင့် စီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေများကို မတ် ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လိုက်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်သန်းသန်းမြင့်၊ မော်လိုက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးပပထွန်း၊ စီမံကိန်း တာဝန်ခံတို့နှင့်အတူ ညောင်ဝန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် စာရင်းဇယားများ ဖြည့်သွင်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်စီမံကိန်းတာဝန်ခံနှင့် ကျေးရွာကော်မတီဝင်များက ရှင်းလင်းတင်ပြခဲ့ကြရာ ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။



ညောင်ဝန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ နဝမအကြိမ်မြောက် စီမံကိန်းရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၂၀ တို့ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၈၀ ထုတ်ချေးပေးထားကြောင်း မော်လိုက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ချစ်ဦးကို**

# မလှိုင်မြို့နယ် ငွေ့အိုင်ညီနောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မလှိုင် မတ် ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ငွေ့အိုင်ညီနောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဆဋ္ဌမအကြိမ်မြောက်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများကို တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဦးကျော်စိုးဝင်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၅၉ ဒသမ ၂ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံတို့၏ကြီးကြပ်မှုဖြင့် ကျေးရွာစီမံကိန်းကော်မတီဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆဋ္ဌမအကြိမ်အဖြစ် ငွေ့အိုင်ညီနောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၄ ဦးကို ငွေကျပ် ၄၅ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် ၇ သန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၆ ဒသမ ၄ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၁၂ ဦးကို ငွေကျပ် ၅၉ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်ခိုင်(မလှိုင်)**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၉-၃-၂၀၂၃**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၂၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၅၈၀၀၀ |
| **(ရွှဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဝီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **ဆေးဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၅၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၃၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၉၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၉၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၈၀ |
| **(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# ချောင်းဆုံမြို့နယ် ဒရယ်ကျေးရွာမှ တောင်စွန်းကျေးရွာသို့ ဆက်သွယ်မည့် ကလွီရွာရှောင်လမ်း ဖောက်လုပ်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေး



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦး တို့က ကလွီရွာရှောင်လမ်းဖောက်လုပ်မည့်အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မတ် ၉**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ဒရယ်ကျေးရွာမှ တောင်စွန်းကျေးရွာသို့ ဆက်သွယ်မည့် ၈၂၈၂ ပေရှိ ကလွီရွာရှောင်လမ်း မြေသားလမ်းနှင့် ကျောက်ရောမြေ၊ ဂဝံခင်းခြင်းလုပ်ငန်းဆောင်ရွက်မည့်နေရာသို့ ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးကရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

## မတ် ၉ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ

### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၉၅၀ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၄၃၈ ဦး |

**နေပြည်တော် မတ် ၉**

မတ် ၈ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၃၉၁၈ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် တစ်ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၉**

ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ရောက်ရှိနေသော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကုဆေးအဖွဲ့များက ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် တာဝန်ရှိသူများက ရမ်းဗြဲမြို့နယ် ကျောက်နီမော်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ခွဲစိတ်ကုသပြီးသော ဒေသခံပြည်သူများကို ဆေးရုံရေယာဉ်ပေါ်၌ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် မာန်အောင်မြို့သို့ရောက်ရှိရာ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။ အဆိုပါ နယ်လှည့်အထူးကုဆေးအဖွဲ့သည် မာန်အောင်မြို့နယ်ခန်းမ၌ အခြေပြု၍ မြို့နယ်အတွင်းရှိ ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၈၅၅ ဦးကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ ယနေ့တွင် ဆေးကုသမှုဆိုင်ရာရောဂါ ဦးရေ ၂၅၀၊ ခွဲစိတ်ရောဂါ ၄၁ ဦး၊ သားဖွားမီးယပ်ရောဂါ ၅၉ ဦး၊ ကလေးရောဂါ ၃၄ဦး၊ အရိုးရောဂါ ၁၀၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၄ ဦး၊ မျက်စိရောဂါ ဦးရေ ၂၅၀ နှင့် သွားနှင့်ခံတွင်းရောဂါ ၆၂ ဦးတို့ကိုလိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ခွဲစိတ်ကုသရန်လိုအပ်သူ အထွေထွေခွဲစိတ်လူနာ လေးဦး၊ မျက်စိခွဲစိတ်လူနာ ခြောက်ဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၇၉ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ် လူနာ ၃၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၇ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူတစ်ဦးကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ်မာန်အောင်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။


ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။


ကျန်းမာရေးဆောင်ရွက်ပေးမှု အပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-


"ကျွန်တော်တို့ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့ လာမယ်ဆိုတာသိလို့ ဒီမှာလာပြတာပါ။ အကုန်လုံးအဆင်ပြေတယ်။ သူတို့စမ်းသပ်ပေးတယ်။ ကုန်းမြေထိစပ်တဲ့နေရာမဟုတ်ဘူး။ သီးသန့်ကျွန်းလေးတစ်ခုဖြစ်နေတဲ့အခါ ကျန်းမာရေးနဲ့ပတ်သက်တဲ့ အများကြီးအခက်အခဲရှိတယ်။ ဒီမှာကလည်း ဆရာဝန်တွေလုံလောက်မှု မရှိတာကြောင့် တောင်ကုတ်၊ သံတွဲ၊ ရန်ကုန်တွေမှာသွားပြရတယ်။ တောင်ကုတ်ဆိုရင် မိုင် ၄၀ ကျော်သွားရတယ်။ အထူးသဖြင့် မိုးရာသီမှာဆိုရင် ပြည်သူတွေအနေနဲ့ တော်တော်လေးအခက်အခဲတွေကြုံတယ်။ အခုတောင် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့ လာမယ်ဆိုကတည်းက တချို့တွေက ဝမ်းပန်းတသာနဲ့ စောင့်မျှော်နေတာကြာပါပြီ။ ခွဲစိတ်ဖို့လိုတဲ့သူကျတော့လည်း ခွဲစိတ်ဖို့လိုသလို တပ်မတော်က ဆေးစစ်မှုကို လိုလေသေးမရှိ လုပ်ပေးတဲ့အတွက် အကုန်လုံးအဆင်ပြေတယ်။ နောက်လည်း ဒီထက်မက ဒီအရပ်ကိုလာနိုင်ပါစေလို့ လာလည်းလာပေးစေချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ဒေသက ဝေးလံခေါင်ပါးတဲ့ ဒေသသီးခြားကမ္ဘာလေးလိုဖြစ်နေတာ။ ကုန်းနှင့်ဆက်စပ်မှုမရှိတဲ့ မြို့နယ်တစ်ခု ဖြစ်တဲ့အတွက်ကြောင့် သွားရေးလာရေးကအစ အခက်အခဲရှိတယ်။ အခုလိုလာတဲ့အတွက်ကြောင့် အများပြည်သူတွေက အရမ်းဝမ်းသာတယ်။ လုပ်ငန်းကြီးအောင်နိုင်ဖို့အတွက် လမ်းညွှန်ပေးတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျန်းမာချမ်းသာပါစေလို့ အဘတို့က ဆုတောင်းပေးပါတယ်" ဟု ပြောသည်။

"တပ်မတော် ဆေးကုသရေးအဖွဲ့ မာန်အောင်မြို့ကို လာမယ်ဆိုလို့ ကျွန်တော်တို့ မာန်အောင်ကျွန်းသား၊ ကျွန်းသူတွေဟာ အကုန်လုံးဝမ်းသာနေတာကိုတွေ့ရပါတယ်။ ကျွန်တော်ကတော့ ဒီနေရာမှာ မျက်စိလာပြတဲ့ လူနာတစ်ယောက်ဖြစ်ပါတယ်။ ကျွန်တော့်မျက်စိက မျက်ကြည်လွှာနည်းနည်းမှုန်လို့ ကျွန်တော့်မျက်စိကို ဒီမှာလာပြရခြင်းဖြစ်ပါတယ်။ အခုလိုလာပြတဲ့အချိန်မှာလည်း သင်္ဘောပေါ်မှာ ကျွန်တော့်မျက်ကြည်လွှာကိုမြင်ပြီးတော့ ဆရာဝန်ကြီးတွေ၊ ပါရဂူကြီးတွေက တတ်သိပညာနှင့် အစွမ်းကုန်ကြိုးစားပြီးတော့မှ ယခုအခါ ကျွန်တော့်မျက်ကြည်လွှာကြည်လင်သွားပါတယ်။ ဖြစ်တာကနှစ်နှစ်လောက်ရှိပါပြီ။ ကျွန်တော်တစ်ခါမှ မပြဖူးပါဘူး။ အခုမှဒီမှာလာပြတာပါ။ အကုန်လုံးအဆင်ပြေပါတယ်။ လိုလေသေးမရှိပါဘူး။ ဒီမှာလုပ်တာ တပ်မတော်ဆေးကုသရေးအဖွဲ့က လိုလေသေးမရှိ ကျွန်တော်တို့တွေကို သူနာပြုတွေကော အကုန်လုံးလုပ်ပေးပါတယ်။ ဒါကြောင့် တကယ့်ကိုကောင်းတဲ့ စေတနာကောင်းတဲ့ ဆရာ၊ ဆရာမတွေဖြစ်တဲ့အတွက်ကြောင့် တခြားလူတွေလည်း အချိန်အားလျော်စွာ လာရောက်ပြသကြဖို့ ကျွန်တော့်အနေနဲ့ ဖိတ်ခေါ်အပ်ပါတယ်။ ကျွန်တော်တို့က တခြားနေရာမှာသွားပြမယ်ဆိုရင် ကုန်ကျစရိတ်ကများမယ်။ နောက်ပြီး ကျွန်တော်တို့ မာန်အောင်မြို့နယ်က ရေကြောင်းနဲ့သွားရတဲ့အတွက်ကြောင့် သွားရလာရလမ်းစရိတ်တွေအခက်အခဲကြုံပါတယ်။ အခုကဒီမှာလာပြီးတော့ ကုသပေးတဲ့အတွက် အင်မတန်အဆင်ပြေပါတယ်။ ကုန်ကျစရိတ်ဘာမှမရှိပါဘူး။ လိုလေသေးမရှိ စားစရိတ်ကအစ အကုန်လုံးကိုအဆင်ပြေပါတယ်။ အခုလိုလာရောက်ကုသပေးတဲ့အတွက် ကျန်းမာရေးစောင့်ရှောက်ပေးတဲ့ ဆရာတွေ၊ ဆရာမတွေ၊ သူနာပြုတွေကို ကျွန်တော်တို့ မာန်အောင်မြို့သူ၊ မြို့သား အားလုံးရဲ့ကိုယ်စား အထူးပဲကျေးဇူးတင်ရှိပါကြောင်း ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။ ယခုလိုပဲခဏခဏမာန်အောင်မြို့ကို လာရောက်ဖို့ကိုလည်း မာန်အောင်သူ၊ မာန်အောင်သားတွေရဲ့ကိုယ်စား ဖိတ်ခေါ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ အတိုင်းမသိ ဝမ်းသာပီတိဖြစ်မိပါတယ်။ ဒါကြောင့် ကျွန်တော်တို့မာန်အောင်ကျွန်းကို လာရောက်ပြီးတော့ ယခုလိုပစ္စည်း၊ ဆေးဝါးပစ္စည်းစုံစုံလင်လင်နဲ့ စီမံဆောင်ရွက်ပေးတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုလည်း အထူးပဲကျေးဇူးတင်ရှိပါတယ်။ နောက်ပြီးတော့ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ရဲ့ မိသားစုကိုလည်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့လည်း ကျွန်တော်တို့ မာန်အောင်မြို့သူ၊ မြို့သားများရဲ့ကိုယ်စား ဆုတောင်းမေတ္တာပို့သအပ်ပါတယ်" ဟု ပြောသည်။

"ကျွန်တော်တို့မြို့ကို တပ်မတော် ဆေးကုသရေးအဖွဲ့ လာရောက်တယ်လို့ ကြားသိရတော့ တော်တော်လေးကို ကျွန်တော်တို့ ဝမ်းသာပီတိဖြစ်ရပါတယ်။ ကြုံရတာပေါ့ မိုးရာသီရောက်ရင် အတော်လေးကိုအခက်အခဲဖြစ်တယ်။ ကုန်းလမ်းက သွားမရတော့ ရေလမ်းကို ကျွန်တော်တို့ အားထားနေရတယ်။ ကျွန်တော်တို့ကတော့ ဘာပဲဖြစ်ဖြစ် ဒီနေရာမှာ နှစ်စဉ်နှစ်တိုင်းကို တစ်နှစ်ကို တစ်ခေါက်လောက် ပုံမှန်လာရောက် ဆေးကုသစေချင်တယ်။ တတ်နိုင်တဲ့သူကတော့ ဘာမှပြဿနာမရှိဘူး။ မတတ်နိုင်တဲ့လူတွေအတွက်ကတော့ အဆင်ပြေတာပေါ့။ ဒီကျွန်းဒေသကို ရောက်ဖို့ဆိုတာ တော်တော်လေးကိုမလွယ်ဘူးလေ။ အခုရောက်လာတဲ့အဖွဲ့တွေက ကျွန်တော်တို့ကို တော်တော်လေးကိုဂရုစိုက်ကြပါတယ်" ဟု ပြောသည်။







# မြစ်ကြီးနားမြို့ တန့်ယန်းမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၉**

တပ်မတော်အနေဖြင့် ပြည်သူများ၏ ကျန်းမာရေးမြှင့်တင်မှုကဏ္ဍတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက မြို့နယ် ကျေးရွာများအထိ သွားရောက်၍ ဒေသခံ တိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လူမျိုး၊ ဘာသာ၊ အချိန်၊ နေရာမရွေးဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ သစ္စာဝါဒီဘုန်းတော်ကြီးကျောင်း၌ သံဃာတော် ၂၄ ပါးကိုလည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ တန့်ယန်းမြို့နယ် လုံပုံးကျေးရွာအုပ်စု လွယ်လွှမ့်ကျေးရွာရှိ လွယ်လွှမ့်ပရိယတ္တိစာသင်ကျောင်း၌ သံဃာတော်များနှင့် ဒေသခံပြည်သူစုစုပေါင်း ၃၁၂ ဦးကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ကျောက်မဲလေးကျေးရွာရှိ သန္တိသုခဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူ ၂၄၉ ဦးတို့ကို လည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှနယ်မြေခံဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ သွားရောက်ဆောင်ရွက်ပေးကြသည်။

နယ်မြေခံ ဆေးကုသရေးအဖွဲ့များက သံဃာတော်များနှင့် ဒေသခံပြည်သူများအားသွေးတိုးရောဂါ၊ အရိုးအကြောရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊သွားနှင့်ခံတွင်းရောဂါ၊ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က ပြင်ဦးလွင်မြို့နယ်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဒုတိယနေ့အဖြစ် အင်္ဂလိပ်စာဘာသာရပ် ဆက်လက်ဖြေဆို

**နေပြည်တော် မတ် ၉**

၂၀၂၂-၂၀၂၃ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၈ရက်တွင် စတင်ကျင်းပလျက်ရှိရာ ယနေ့တွင် ဒုတိယနေ့အဖြစ် အင်္ဂလိပ်စာဘာသာရပ်ကို တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးရှိ အခြေခံပညာ အထက်တန်းကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

ဦးစွာစာမေးပွဲဖြေဆိုခြင်းမပြုမီ ဆရာ၊ ဆရာမများက ကျောင်းသား ၊ကျောင်းသူများကို စာမေးပွဲဖြေဆိုခွင့်ကတ်များမှန်မမှန် စစ်ဆေးခြင်းများနှင့်လိုအပ်သည့် စစ်ဆေးမှုများကို စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ကြသည်။ ယင်းသို့ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့်အပြင်များ၌သက်ဆိုင်ရာလုံခြုံရေးအဖွဲ့ဝင်များ၊ကျန်းမာရေးဝန်ထမ်းများ၊မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက စနစ်တကျစောင့်ကြပ်ကြည့်ရှုပေးလျက်ရှိသည်။





ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ငါးခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၈၅၈ ခု စာစစ်ဌာနစုစုပေါင်း ၈၆၃ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၁၇၉၈၄၃ ရှိပြီး စာမေးပွဲဒုတိယနေ့အင်္ဂလိပ်စာဘာသာရပ်လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၆၁၆၈၀ ရှိကာ ဖြေဆိုသူရာခိုင်နှုန်း ၈၉ ဒသမ ၉၀ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှသိရသည်။

ထိုသို့ ကျောင်းသား၊ကျောင်းသူများ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။





တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့တွင် ကျောင်းသား၊ ကျောင်းသူများ အင်္ဂလိပ်စာဘာသာရပ်ဖြေဆိုနေမှုကို တွေ့ရစဉ်။

# ဝက်လက်မြို့နယ် ရုံးသာကျေးရွာအနီး ဝက်လက်-ရုံးသာကျေးရွာသွား ကားလမ်းရှိ သံကူသစ်သားတံတားကို PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး

**နေပြည်တော် မတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ရုံးသာကျေးရွာအနီး ဝက်လက်-ရုံးသာကျေးရွာသွား ကားလမ်းရှိ သံကူသစ်သားတံတားကို PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၈ ရက် နံနက် ၁၁ နာရီ ၁၀ မိနစ်ခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ရုံးသာကျေးရွာအနီး ဝက်လက်-ရုံးသာကျေးရွာသွား မြေသားကားလမ်းရှိ သံကူသစ်သားတံတား၊ ပြွန်ကြီးတံတား(ဒေသအခေါ်)ကို PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သဖြင့် တံတား တစ်စင်းလုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပြီး မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ သွားလာ၍မရကြောင်း သိရသည်။

ထိုသို့အကြမ်းဖက်သမားများ၏ ဖျက်ဆီးမှုကြောင့် ပျက်စီးသွားသည့် တံတားကို တာဝန်ရှိသူများက ပြန်လည်ပြင်ဆင်နိုင်ရေးဆောင်ရွက်လျက်ရှိပြီး အများပြည်သူဖြတ်သန်းသွားလာ အသုံးပြုလျက်ရှိသည့် တံတားကို မီးရှို့ဖျက်ဆီးခဲ့သည့်အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# Cookie မုန့်များတွင် ဆေးခြောက်များထည့်၍ရောင်းချသည့် တရားခံများ ဖမ်းဆီးရမိ





၂၀၂၃ ခုနှစ် မတ် ၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်၌ Cookie မုန့်များတွင် ဆေးခြောက်များထည့်သွင်း၍ရောင်းချသည့် တရားခံများ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် မတ် ၉**

လူငယ်လူရွယ်များနှင့် ကျောင်းသား၊ ကျောင်းသူများသည် လူသားအရင်းအမြစ်၏ အဓိကမဏ္ဍိုင်တစ်ခုဖြစ်ပြီး နိုင်ငံ့အနာဂတ်အတွက် အလွန်အရေးပါသည့် မျိုးဆက်သစ်ကြယ်ပွင့်လေးများဖြစ်သည်။ သို့ဖြစ်၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းနေမှုကိုမလိုလားသည့်အကြမ်းဖက်အုပ်စုများသည် နိုင်ငံ၏မျိုးဆက်သစ်လူငယ်များကို လမ်းမှားရောက်စေပြီး လူ့စွမ်းအားအရင်းအမြစ်များ ... လူညွှန့်တုံးစေရန်အတွက် လူငယ်လူရွယ်များနှင့် ကျောင်းသား၊ ကျောင်းသူများကို အဓိကပစ်မှတ်ထားကာ မူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းချမှုများပြုလုပ်လာကြသည်။ လူငယ်ထုအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုများကြောင့် မိသားစုတွင် စီးပွားရေး၊ လူမှုရေးအခက်အခဲများဖြစ်ပေါ်စေပြီး နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်လာနိုင်သည်။ သို့ဖြစ်၍ နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့်ထိန်းချုပ်ရေးဆိုင်ရာ မူဝါဒများချမှတ်ကာ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်၍ တားဆီးကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကိုအရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

မတ် ၈ ရက် ညနေပိုင်းတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးကို လိုလားသည့် ပြည်သူများ၏ သတင်းပေးပို့ချက်အရ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ်(၇)ရပ်ကွက် (၁၆)လမ်း တိုက်အမှတ်(၁၂၆) ရှစ်လွှာရှိ တိုက်ခန်းကို ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ **ထက်ရာဇာနာခိုး** ၂၄ နှစ်ကို ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ထွက်ဆိုချက်အရ လမ်းမတော်မြို့နယ် အမှတ်(၁၀)ရပ်ကွက် ဗဟိုရ်စည်အိမ်ရာဝင်း တိုက်အမှတ်(၄၀) သုံးလွှာရှိ အခန်း (၁၄)တွင် **ဇော်လင်းနောင်** ၂၁ နှစ်တို့ကို ဆေးခြောက်အမှုန့် ၁၀၉ ဂရမ်၊ ဆေးခြောက် ထည့်သွင်းပြုလုပ်ထားသည့် Cookie မုန့် အခု ၅၀ ၊ ဆေးခြောက်ရှူရာတွင်အသုံးပြုသည့် ဆေးဂေါက်တံ တစ်ခုတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ၎င်းတို့သည်တရားမဝင်ပေါင်းသင်းနေထိုင်သူများဖြစ်ပြီး Cookie မုန့်များအတွင်း ဆေးခြောက်များကို ထည့်သွင်းပြုလုပ်ကာ Online မှတစ်ဆင့် ရောင်းချခဲ့ကြောင်း၊ဆေးခြောက်ထည့်သွင်းမှု အနည်း၊ အများပေါ်မူတည်၍ Cookie မုန့်တစ်ခုလျှင် ၆၀၀၀ ကျပ်မှ ၁၀၀၀၀ ကျပ်ထိ ရောင်းချကြောင်း၊ ဆေးခြောက်များကို Online မှတစ်ဆင့် မြဝတီဘက်သို့မှာယူ၍ ခရီးသည်တင်ယာဉ်များဖြင့် သယ်ဆောင်ရယူခဲ့ကြောင်း၊ ၎င်းတို့ရောင်းချသည့် Cookie မုန့်များကို လူကြိုက်များစေရန်နှင့် လူငယ်လူရွယ်များ၊ကျောင်းသား၊ကျောင်းသူများမူးယစ်ဆေးဝါးသုံးစွဲလာစေရန်ရည်ရွယ်၍ ရက်စက်ယုတ်မာသည့် အကြံဖြင့် Cookie မုန့်များအတွင်း ဆေးခြောက်များကို ထည့်သွင်းပြုလုပ်ကာ ရောင်းချခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

အဆိုပါ Cookie မုန့်များကို ဝယ်ယူစားသုံးသူများအနေဖြင့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာများကို များစွာပျက်စီးစေနိုင်ပြီး စတင်စားသုံးစဉ် ခွန်အားများ တိုးပွားလာကာအိပ်ချင်စိတ်များပြေပျောက်သည်ဟု မှားယွင်းစွာထင်မြင်နေသော်လည်း နောက်ပိုင်းတွင် စားချင်စိတ်နည်းပါးလာပြီး ကိုယ်အလေးချိန်ကျဆင်းလာခြင်း၊ကြွက်သားတောင့်တင်းလာခြင်း၊ အသက်ရှူမြန်လာခြင်း၊အာရုံစူးစိုက်မှုနည်းလာခြင်း၊မှတ်ဉာဏ်ယိုယွင်းလာခြင်း၊ စိတ်တိုဒေါသထွက်ခြင်းများဖြစ်ပေါ်လာသည့်အပြင် စားသုံးသည့်ကာလကြာလာသည်နှင့်အမျှ နောက်ထပ်မစားရလျှင်မနေနိုင်အောင် စိတ်ရောဂါကိုယ်ပါစွဲလမ်းမှုကိုဖြစ်ပေါ်လာပြီး စိတ်ချောက်ချားခြင်း၊ စိတ်ဂနာမငြိမ်ဖြစ်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ ဖျားနာလာခြင်း၊ ဦးနှောက်အတွင်း သွေးယိုခြင်း၊ အသက်ရှူကျပ်လာခြင်း၊ နှလုံးခုန်ရပ်ခြင်းများဖြစ်လာကာ နောက်ဆုံး ရုတ်တရက်သေဆုံးသည်အထိ ဆိုးကျိုးများကို ခံစားရသည်။

သို့ဖြစ်၍ မိမိကိုယ်ကျိုးစီးပွားအတွက် လူငယ်လူရွယ်များကို လမ်းမှားသို့ရောက်ရှိစေရေးရည်ရွယ်ချက်ဖြင့် Cookie မုန့်များအတွင်း ဆေးခြောက်များကို ထည့်သွင်းပြုလုပ်ကာရောင်းချခဲ့သည့် တရားခံများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးပြဿနာသည် လူသားမျိုးနွယ်စုတစ်ရပ်လုံးကို ခြိမ်းခြောက်နေသည့် ပြဿနာတစ်ရပ်ဖြစ်သည်နှင့်အညီ နိုင်ငံသားအားလုံးမှ ကိုယ်စီတာဝန်ရှိစွာနှင့် ပူးပေါင်း ပါဝင်ဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ညောင်ဝင်းမြောက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွင်းမှ PDF အမည်ခံ အကြမ်းဖက်သမားများ သိုဝှက်သိမ်းဆည်းထားသည့် လက်နက်၊ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၉**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ညောင်ဝင်းမြောက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွင်းမှ PDFအမည်ခံ အကြမ်းဖက်သမားများ သိုဝှက်သိမ်းဆည်းထားသည့် လက်နက်၊ခဲယမ်းများနှင့်ဆက်စပ်ပစ္စည်းများသိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပေါက်မြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယနေ့နံနက် ၉ နာရီ ၃၅ မိနစ်ခန့်တွင် ညောင်ဝင်းမြောက်ကျေးရွာ၏ မြောက်ဘက် မီတာ ၃၀၀ ခန့်အကွာသို့ အရောက်၌ PDF အမည်ခံအကြမ်းဖက်သမားများက ကျေးရွာစာသင်ကျောင်းအနီးတစ်ဝိုက်မှ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိန်းထိန်းသိမ်းသိမ်းဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် ကျေးရွာ၏ အနောက်တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ၎င်းနေရာတစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ကျေးရွာရှိအခြေခံပညာမူလတန်းကျောင်းအတွင်းမှ အကြမ်းဖက်သမားများ သိုဝှက်သိမ်းဆည်းထားသည့် လက်လုပ်သေနတ် ၁၀ လက်၊ လက်လုပ်မိုင်း ၁၄ လုံး၊ လက်လုပ်ကျည်အိမ် သုံးခု၊ ကျည်မျိုးစုံ ၈၈ တောင့်၊ လက်လုပ်ဗုံးသီး ၁၈ လုံး၊ ဝရိန်စက် တစ်လုံး၊ကျောက်ဖြတ်စက် တစ်လုံး၊လွှန်စက် တစ်လုံး၊ ဒီတိုနေတာ သုံးခု၊ ဆိုင်ကယ်မျိုးစုံ ခြောက်စီးနှင့် ဆက်စပ်ပစ္စည်းများ၊ ဆီ ၁၀ ပီပါနှင့် ဆန် ခြောက်အိတ်တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အထက်ပါဖြစ်စဉ်မှကလေးငယ်များပညာသင်ကြားရာ စာသင်ကျောင်း၌ လက်နက်၊ ခဲယမ်းများနှင့်ဆက်စပ်ပစ္စည်းများ သိုဝှက်သိမ်းဆည်းထားသည့်အကြမ်းဖက်သမားများကိုအမြန်ဆုံးဖမ်းဆီးရမိရေး၊ဒေသခံပြည်သူများ အေးချမ်းတည်ငြိမ်စွာ နေထိုင်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့များကနယ်မြေလုံခြုံရေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့်သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ ခဲယမ်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။





PDF အမည်ခံ အကြမ်းဖက်သမားများ သိုဝှက်သိမ်းဆည်းထားသည့် လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိမှုမှတ်တမ်းဓာတ်ပုံ။

# ရွှေကူမြို့နယ် မိုးစစ်ကျေးရွာအတွင်းသို့ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးဖြင့် ရမ်းသန်းပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ နှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် မတ် ၉**

ကချင်ပြည်နယ် ရွှေကူမြို့နယ် မိုးစစ်ကျေးရွာအတွင်းသို့ KIA အဖွဲ့နှင့်PDFအမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးဖြင့် ရမ်းသန်းပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ နှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၈ ရက် နံနက် ၉ နာရီခွဲခန့်တွင် ကချင်ပြည်နယ် ရွှေကူမြို့နယ် မိုးစစ်ကျေးရွာအတွင်းသို့ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးဖြင့် ရမ်းသန်းပစ်ခတ်ခဲ့သည် လက်နက်ကြီး ဗုံးသီးမှာ ကျေးရွာအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် အဆိုပါ ကျေးရွာနေ ဒေါ်စန်းငွေး ၅၀ နှစ်နှင့် ဒေါ်မော်မော်အေး ၄၆ နှစ်တို့တွင် လက်နက်ကြီး ဗုံးသီးစထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ဆေးကုသနိုင်ရေး ရွှေကူမြို့နယ်ပြည်သူ့ဆေးရုံသို့ပို့ဆောင်ထားရှိကြောင်း သိရသည်။

ထိုသို့ စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့အရပ်သားပြည်သူများနေထိုင်လျက်ရှိသော ကျေးရွာအတွင်းသို့ လက်နက်ကြီးဖြင့် ရမ်းသန်းပစ်ခတ်ခဲ့သည့် အကြမ်းဖက်သမားများကိုဖော်ထုတ်ဖမ်းဆီးနိုင်ရေးလုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်မှုတိုက်ဖျက်ရေးနည်းဥပဒေများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပြည်ထဲရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၂၃၉/၂၀၂၃)**

**၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်**

**(၂၀၂၃ ခုနှစ်၊ မတ်လ ၁ ရက်)**

ပြည်ထဲရေးဝန်ကြီးဌာနသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၇၂၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို **အကြမ်းဖက်မှုတိုက်ဖျက်ရေးနည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသောစကားရပ်များသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေ** ဆိုသည်မှာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဆိုသည်။

(ခ) **လေယာဉ်မှူး(Commander)** ဆိုသည်မှာ လေယာဉ်ပျံသန်းချိန်တွင် ဘေးကင်းရေးနှင့် လေယာဉ်ပျံသန်းရာတွင် ကွပ်ကဲမောင်းနှင်ရေးတို့အတွက် တာဝန်ပေးခြင်းခံရသည့် လေယာဉ်မှူးကြီး သို့မဟုတ် တွဲဖက်လေယာဉ်မှူးကိုသော်လည်းကောင်း၊ ထိုသူမဆောင်ရွက်နိုင်လျှင် လေယာဉ်ကို ကွပ်ကဲမောင်းနှင်သည့် လေယာဉ်မောင်းသူ (Pilot) ကိုသော် လည်းကောင်း ဆိုသည်။

(ဂ) **ကောင်စစ်ဝန်** ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံက ခန့်အပ်တာဝန်ပေးထားသည့် ကောင်စစ်ဝန်ကို ဆိုသည်။ ယင်းစကားရပ်တွင် ကောင်စစ်ဝန်ချုပ်လည်း ပါဝင်သည်။

(ဃ) **တိုကျိုကွန်ဗင်းရှင်း (Tokyo Convention)** ဆိုသည်မှာ ၁၉၆၃ ခုနှစ်တွင် လက်မှတ်ရေးထိုးချုပ်ဆိုသည့် လေယာဉ်ပေါ်တွင် ကျူးလွန်သောပြစ်မှုများနှင့် အခြားပြုလုပ်မှုများဆိုင်ရာ ကွန်ဗင်းရှင်းကို ဆိုသည်။

(င) **လေယာဉ်ပျံသန်းချိန်** ဆိုရာတွင် အောက်ပါကာလတစ်ခုခုပါဝင်သည် -

(၁) လေယာဉ်ထွက်ခွာရန် လေယာဉ်တံခါး ပိတ်လိုက်သည့်အချိန်မှစ၍ လေယာဉ်လှုပ်ရှားမှု သို့မဟုတ် ပျံသန်းမှုပြီးနောက် ခရီးသည်များဆင်းသက်ရန် လေယာဉ်တံခါးဖွင့်သည့် အချိန်အတွင်းကာလ၊

(၂) လေယာဉ်တံခါးပိတ်ပြီးနောက် လေယာဉ်မှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်အရ လေယာဉ်ပေါ်ရှိသူများနှင့် ပစ္စည်းများအား ဘေးအန္တရာယ်ကျရောက်နိုင်သဖြင့် လေယာဉ်ပေါ်မှ ဆင်းသက်ရန် လေယာဉ်တံခါးဖွင့်သည့် အချိန်အတွင်းကာလ သို့မဟုတ် လေယာဉ်ကို အမှုဆင်းသက်ခိုင်းသည့်ကိစ္စတွင် လေယာဉ်ပေါ်ရှိသူများနှင့် ပစ္စည်းများကိုလေယာဉ်မှူးက ရဲအရာရှိသို့မဟုတ် အခွင့်အာဏာပိုင်တို့ထံ လွှဲပြောင်းပေးသည့် အချိန်မတိုင်မီအထိကာလ၊

(၃) အကြောင်းတစ်စုံတစ်ရာကြောင့် နိုင်ငံတစ်ခုခု၏ ပိုင်နက်တွင်မရှိသည့် ပင်လယ်ရေပြင်ပေါ်တွင်ဖြစ်စေ၊ ကုန်းပေါ်တွင်ဖြစ်စေ ဆင်းသက်နေရသည့်အချိန်ကာလ။

(စ) **စာချုပ်ဝင်နိုင်ငံ** ဆိုသည်မှာ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ်လက်ခံထားသော အကြမ်းဖက်မှုဆိုင်ရာ ကွန်ဗင်းရှင်းတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်သော အခြားနိုင်ငံတစ်ခုခုကို ဆိုသည်။

(ဆ) **အကြမ်းဖက်အုပ်စုဝင်** ဆိုသည်မှာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)ပါ အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်မှု၊ ကျူးလွန်ရန်အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှုကျူးလွန်သည့် အကြမ်းဖက်အုပ်စု၏ အဖွဲ့ဝင်တစ်ဦးဦးကို ဆိုသည်။

(ဇ) **ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့** ဆိုသည်မှာ ငွေကြေးခဝါချမှုများအား စုံစမ်းထောက်လှမ်းဖော်ထုတ်ရန် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ ဖွဲ့စည်းသည့်အဖွဲ့ကို ဆိုသည်။

(ဈ) **ကြားဖြတ်ဖမ်းယူခြင်း** ဆိုသည်မှာ သူတစ်ဦးဦးက ကြိုးဖြင့်ဖြစ်စေ၊ ကြိုးမဲ့ဖြစ်စေ အီလက်ထရောနစ် သို့မဟုတ် ဆက်သွယ်ရေးပစ္စည်းကိရိယာတစ်ခုခုကို အသုံးပြု၍ နှုတ်ဖြင့်ဆက်သွယ်ပြောကြားခြင်း၊ အခြားတစ်နည်းနည်းဖြင့် သတင်းအချက်အလက်ပေးပို့ခြင်း၊ ဖမ်းယူခြင်း၊ ဆက်သွယ်ခြင်းကို ကြားမှဖြတ်၍ယူခြင်း သို့မဟုတ် နားထောင်ခြင်းကို ဆိုသည်။

(ည) **လုပ်ငန်းကော်မတီ** ဆိုသည်မှာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် ဤနည်းဥပဒေများအရ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ ဗဟိုအဖွဲ့ကဖွဲ့စည်းသော လုပ်ငန်းကော်မတီတစ်ခုခုကို ဆိုသည်။

(ဋ) **လုပ်ငန်းအဖွဲ့** ဆိုသည်မှာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် ဤနည်းဥပဒေများအရ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ ဗဟိုအဖွဲ့ကဖွဲ့စည်းသော လုပ်ငန်းအဖွဲ့တစ်ခုခုကို ဆိုသည်။

(ဌ) **သံတမန်** ဆိုသည်မှာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဇ)တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် အပြည်ပြည်ဆိုင်ရာအကာအကွယ်ပေးရမည့် ပုဂ္ဂိုလ်ဆိုသည့် စကားရပ်တွင်ပါဝင်သည့် သံတမန်အဖွဲ့အစည်းနှင့် သက်ဆိုင်သည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါပုဂ္ဂိုလ်များပါဝင်သည်-

(၁) သံတမန်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းအပိုဒ် ၁ ပါ သံတမန်အဖွဲ့ဝင်များ (Members of the mission)နှင့် သံတမန်အဖွဲ့အမှုထမ်းစုတွင် ပါဝင်သူများ (Members of the staff of the mission)၊

(၂) ယင်းကွန်ဗင်းရှင်းအပိုဒ် ၄၀ ပါ နိုင်ငံတော်သို့ တတိယနိုင်ငံအဖြစ် ဝင်ရောက်ဖြတ်သန်းသည့် တော်ဝင်နိုင်ငံကူးလက်မှတ်၊ သံတမန်နိုင်ငံကူးလက်မှတ်နှင့် အထူးနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသည့် သံတမန်ကိုယ်စားလှယ်များ။

(ဍ) **ရေကြောင်းကာကွယ်ရေးလက်နက်ကိုင်တပ်ဖွဲ့** ဆိုသည်မှာ တပ်မတော်(ရေ)၊ မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့နှင့် ရေကြောင်းရဲတပ်ဖွဲ့တို့ကို ဆိုသည်။

(ဎ) **ဗဟိုအဖွဲ့ရုံး** ဆိုသည်မှာ ဗဟိုအဖွဲ့နှင့် ဥပဒေအရ ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီများနှင့် အဖွဲ့များ၏လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန် ပြည်ထဲရေးဝန်ကြီးဌာနက ဖွဲ့စည်းသည့်ရုံးကို ဆိုသည်။

(ဏ) **ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့်တာဝန်ခံများ** ဆိုသည်မှာ အကြမ်းဖက်အုပ်စုအဖြစ် အမည်စာရင်းတင်သွင်းခြင်းခံရသည့်အုပ်စု သို့မဟုတ် အဖွဲ့အစည်းတွင် တစ်နည်းနည်းဖြင့် ပါဝင်လှုပ်ရှားခြင်း၊ ဆက်သွယ်ပေါင်းစည်းခြင်းပြုသည့် အဖွဲ့အစည်းနှင့်တာဝန်ယူ၍ ဆောင်ရွက်သည့် တာဝန်ခံများကို ဆိုသည်။

**အခန်း (၂)**

**လုပ်ငန်းကော်မတီများနှင့် လုပ်ငန်းအဖွဲ့များဖွဲ့စည်းခြင်းနှင့်**

**လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း**

၃။ ဗဟိုအဖွဲ့သည် -

(က) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပါ မိမိအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်အလို့ငှာ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ် သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးတစ်ဦးဦးက ဦးဆောင်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှ သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် အောက်ပါလုပ်ငန်းကော်မတီများကို ဖွဲ့စည်းရမည်-

(၁) အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ၊

(၂) အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေးလုပ်ငန်းကော်မတီ၊

(၃) ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်ဆိုင်ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကော်မတီ၊

(၄) ရေကြောင်းပို့ဆောင်ရေးနှင့် ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံများအား အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကော်မတီ၊

(၅) အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ၊

(၆) အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ၊

(၇) အခြားလိုအပ်သော လုပ်ငန်းကော်မတီများ။

(ခ) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပါ မိမိအဖွဲ့နှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်အလို့ငှာ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးနှင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် အောက်ပါလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းရမည်-

(၁) အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရေးလုပ်ငန်းအဖွဲ့၊

(၂) အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးလုပ်ငန်းအဖွဲ့၊

(၃) အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေးဆိုင်ရာ ရန်ပုံငွေကြီးကြပ်ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့၊

(၄) အကြမ်းဖက်ခံရသူများအား ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းအဖွဲ့၊

(၅) ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများနှင့် အကြမ်းဖက်မှုများအား တိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့၊

(၆) အခြားလိုအပ်သော လုပ်ငန်းအဖွဲ့များ။

(ဂ) နည်းဥပဒေခွဲ (က)နှင့် (ခ)တို့အရ ဖွဲ့စည်းသောလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၄။ (က) ဗဟိုအဖွဲ့သည် နည်းဥပဒေ ၃ အရ ဖွဲ့စည်းသောလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များအား အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် ဤနည်းဥပဒေများတွင် သတ်မှတ်ထားသော လုပ်ငန်းတာဝန်များအပြင် လိုအပ်သော အခြားလုပ်ငန်းတာဝန်များကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ပေးရမည်။

(ခ) နည်းဥပဒေ ၃ အရ ဖွဲ့စည်းသောလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် ဤနည်းဥပဒေများတွင် သတ်မှတ်ထားသော လုပ်ငန်းတာဝန်များအပြင် နည်းဥပဒေခွဲ(က)အရ သတ်မှတ်ပေးသော လုပ်ငန်းတာဝန်များကို ဗဟိုအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း(၃)**

**အကြမ်းဖက်သမားနှင့် အကြမ်းဖက်အုပ်စုများဖြစ်ကြောင်း**

**ကြေညာချက်ထုတ်ပြန်ခြင်းနှင့် ရုပ်သိမ်းခြင်း**

၅။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် ကိုယ်တိုင်ရရှိသော ခိုင်လုံသည့် သတင်းအချက်အလက်အရဖြစ်စေ၊ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့၏ တင်ပြချက်အရဖြစ်စေ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၂ အရ စီရင်ပိုင်ခွင့်ရှိသော နေရာဒေသများတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)ပါ အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်မှု၊ ကျူးလွန်ရန်အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုတစ်ခုခုကို ကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှုကျူးလွန်သည့် အကြမ်းဖက်သမားတစ်ဦးချင်းအဖြစ် အမည်စာရင်းတင်သွင်းထုတ်ပြန်ကြေညာချက်ကို ပုံစံ(က)ဖြင့်ဖြစ်စေ၊ အကြမ်းဖက်အုပ်စုအဖြစ် အမည်စာရင်းတင်သွင်းထုတ်ပြန်ကြေညာချက်ကို ပုံစံ(ခ)ဖြင့်ဖြစ်စေ၊ ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများစာရင်းကို ပုံစံ(ဂ)ဖြင့်ဖြစ်စေ ပူးတွဲပြီး ထုတ်ပြန်ကြေညာနိုင်ရေးအတွက် အောက်ပါသတင်းအချက်အလက်နှင့် အထောက်အထားများဖော်ပြ၍ ဗဟိုအဖွဲ့သို့ တင်ပြရမည်-

(က) အကြမ်းဖက်မှုကျူးလွန်သည့်ဖြစ်စဉ်အကျဉ်းချုပ်နှင့် ကျူးလွန်သည့်ပြစ်မှု၏ ချမှတ်နိုင်သည့် အမြင့်ဆုံးပြစ်ဒဏ်၊

(ခ) အကြမ်းဖက်မှုနှင့်စပ်လျဉ်းသည့် ဖော်ထုတ်ရရှိသည့် သတင်းအချက်အလက်နှင့် အထောက်အထားများ၊

စာမျက်နှာ ၂၃ သို့

**စာမျက်နှာ ၂၂ မှအဆက်**

(ဂ) ဖော်ထုတ်ရရှိသည့် အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအမည်၊ အကြမ်းဖက်အုပ်စုဝင်အသီးသီး၏ အမည်နှင့် နေရပ်လိပ်စာများ၊ ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်အမှတ်နှင့် အီးမေးလ်လိပ်စာ(သိရှိလျှင်)၊

(ဃ) အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စု၏ ကိုယ်ရေးရာဇဝင်၊

(င) အကြမ်းဖက်မှုနှင့် ဆက်နွှယ်သော ပြည်တွင်း၊ ပြည်ပအကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စု (ရှိလျှင်)၊

(စ) အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာရန် လိုအပ်သည့် အကြောင်းရင်း၊

(ဆ) သတ်မှတ်ကြေညာရန်လိုအပ်သည့် အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုပိုင် ငွေကြေးနှင့် ပစ္စည်းများတည်ရှိသည့်နေရာနှင့် အသေးစိတ်အထောက်အထားများ(ရှိလျှင်)၊

(ဇ) အကြမ်းဖက်မှုကို အားပေးကူညီမှု၊ ငွေကြေးထောက်ပံ့မှုများနှင့်စပ်လျဉ်းသည့်အချက်အလက်များ၊

(ဈ) တွေ့ရှိချက်နှင့် သုံးသပ်တင်ပြချက်။

၆။ ပြည်ပနိုင်ငံတစ်နိုင်ငံသည် မိမိနိုင်ငံတွင် အကြမ်းဖက်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်ပြီးနောက် နိုင်ငံတော်အတွင်းရောက်ရှိနေသော အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စု၊ အမည် သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများစာရင်းကို မြန်မာနိုင်ငံတွင် ထုတ်ပြန်ကြေညာပေးစေလိုပါက သတ်မှတ်ထားသည့် ပုံစံ(က)၊ ပုံစံ(ခ)နှင့်ပုံစံ(ဂ)တို့ကို ပူးတွဲ၍ နည်းဥပဒေ ၅ ပါ သတင်းအချက်အလက်နှင့် အထောက်အထားများအပြင် အောက်ပါတို့ကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ၊ ယင်းဘာသာနှစ်ရပ်လုံးဖြင့်ဖြစ်စေ ဖော်ပြ၍ သံတမန်လမ်းကြောင်းအတိုင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဗဟိုအဖွဲ့သို့လည်းကောင်း၊ စာချုပ်ဝင်နိုင်ငံဖြစ်ပါက ဗဟိုအဖွဲ့ရုံးသို့လည်းကောင်း ပေးပို့ တောင်းဆိုနိုင်သည်-

(က) ပြည်ပနိုင်ငံတွင် အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ် ကြေညာထားမှုအခြေအနေ၊

(ခ) အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်ထားမှုအခြေအနေ၊

(ဂ) တောင်းဆိုသည့်နိုင်ငံ၏ အာဏာပိုင်အဖွဲ့အစည်း သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်အမည်နှင့် ဆက်သွယ်ရမည့် လိပ်စာ၊ ဖုန်း၊ ဖက်စ်အမှတ်နှင့် အီးမေးလ်လိပ်စာ။

၇။ နိုင်ငံခြားရေးဝန်ကြီးဌာန သို့မဟုတ် ဗဟိုအဖွဲ့ရုံးသည် နည်းဥပဒေ ၆ အရ ပြည်ပနိုင်ငံတစ်နိုင်ငံ၏ တောင်းဆိုချက်ကို လက်ခံရရှိပါက တောင်းဆိုစာနှင့်အတူ ပူးတွဲပေးပို့သည့် ပုံစံ(က)၊ ပုံစံ(ခ)နှင့် ပုံစံ(ဂ) တို့ကို ဗဟိုအဖွဲ့သို့ ချက်ချင်းအကြောင်းကြား၍ ပေးပို့ရမည်။

၈။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီသည် ဗဟိုအဖွဲ့၏ သဘောတူညီချက်ဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် သက်ဆိုင်ရာပြည်ပနိုင်ငံကို ခြေကုပ်စခန်းအဖြစ် အသုံးပြု၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၂ အရ စီရင်ပိုင်ခွင့်ရှိသော နေရာဒေသအတွင်းသို့ ဝင်ရောက်ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ခ) ပါ အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်မှု၊ ကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုတစ်ခုခုကို ကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု ကျူးလွန်သည့် အကြမ်းဖက်သမားတစ်ဦးချင်း အမည်စာရင်းကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုအမည်စာရင်းကိုဖြစ်စေ၊ ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများစာရင်းကိုဖြစ်စေ သက်ဆိုင်ရာ ပြည်ပနိုင်ငံ၏အာဏာပိုင်က ကြေညာချက်ထုတ်ပြန်ပေးရန် တောင်းဆိုနိုင်ရေးအတွက် သတ်မှတ်ထားသည့် ပုံစံ(က)၊ ပုံစံ(ခ)နှင့် ပုံစံ(ဂ)တို့ကို ပူးတွဲ၍ နည်းဥပဒေ ၅ နှင့် ၆ တို့ပါ သတင်းအချက်အလက်နှင့် အထောက်အထားများဖော်ပြပြီး ဗဟိုအဖွဲ့ရုံးသို့သော်လည်းကောင်း၊ သံတမန်လမ်းကြောင်းအရ ပေးပို့နိုင်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနသို့သော်လည်းကောင်း ပေးပို့ရမည်။

၉။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၂ ပါ စီရင်ပိုင်ခွင့်ရှိသော နေရာဒေသအတွင်း အကြမ်းဖက်မှုများ ကျူးလွန်ခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်အတွင်းရှိသောသူတစ်ဦးချင်းကို အကြမ်းဖက်သမားအဖြစ်လည်းကောင်း၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စုတစ်ခုခုကို အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ်လည်းကောင်း ကုလသမဂ္ဂလုံခြုံရေး ကောင်စီ၏ ဆုံးဖြတ်ချက်ချမှတ်၍ ကြေညာကြောင်းသိရှိသည့်အခါ နိုင်ငံခြားရေးဝန်ကြီးဌာန သို့မဟုတ် ဗဟိုအဖွဲ့ရုံးသည် ယင်းဆုံးဖြတ်ချက်ကို ဗဟိုအဖွဲ့နှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီသို့ ချက်ချင်းအကြောင်းကြားရမည်။

၁၀။ ဗဟိုအဖွဲ့သည် -

(က) ကုလသမဂ္ဂလုံခြုံရေးကောင်စီက အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ် သတ်မှတ်ကြေညာထားသည့် နိုင်ငံတော်အတွင်းရှိသောသူတစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်း၊ အသင်းအဖွဲ့နှင့် အုပ်စုတစ်ခုခုမှာ အကြမ်းဖက်မှုကျူးလွန်သည့်အတွက် နိုင်ငံတော်နှင့် အများပြည်သူကို ဘေးအန္တရာယ်ကျရောက်နိုင်သည့် အခြေအနေရှိပါက ထိုသို့သတ်မှတ်ကြေညာထားသူတစ်ဦးချင်းနှင့် အုပ်စုတို့ကို အကြမ်းဖက်သမားနှင့် အကြမ်းဖက်အုပ်စုအဖြစ် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (င)အရ အပ်နှင်းသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အမိန့်ကြော်ငြာစာဖြင့် ကြေညာချက်ထုတ်ပြန်ရမည်။ ထိုကြေညာချက်ကို သတင်းစာ၊ ဂျာနယ်စသည့် စာစောင်များနှင့် ရေဒီယို၊ ရုပ်မြင်သံကြားအပါအဝင် သတင်းမီဒီယာတို့မှ အများပြည်သူသိရှိရန် အသိပေးကြော်ငြာရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ ထုတ်ပြန်ကြေညာသည့် အကြမ်းဖက်သမားတစ်ဦးချင်းနှင့်အကြမ်းဖက်အုပ်စုများကိုလည်းကောင်း၊ ယင်းတို့ကိုအားပေးကူညီသူများနှင့် တစ်နည်းနည်းဖြင့် ငွေကြေးထောက်ပံ့သော ပြည်ပနိုင်ငံများမှ အကြမ်းဖက်အဖွဲ့အစည်းများကိုလည်းကောင်း လိုအပ်သလိုအရေးယူဆောင်ရွက်ပေးရေးအတွက် သက်ဆိုင်ရာ ပြည်ပနိုင်ငံ၏အာဏာပိုင်သို့ အကြောင်းကြားရမည့်အပြင် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့သို့လည်း ဆောလျင်စွာ အကြောင်းကြားရမည်။

၁၁။ ဗဟိုအဖွဲ့သည်-

(က) နည်းဥပဒေ ၅ အရ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ၏ တင်ပြချက်ကိုဖြစ်စေ၊ နည်းဥပဒေ ၆ အရ ပြည်ပနိုင်ငံတစ်ခုခု၏ တောင်းဆိုချက်ကို ဖြစ်စေ စိစစ်ပြီး ဖော်ထုတ်ရရှိသည့် သတင်းအချက်အလက်နှင့် အထောက်အထားများအရ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၂ ပါ စီရင်ပိုင်ခွင့်ရှိသောနေရာဒေသအတွင်း အကြမ်းဖက်မှုများ ကျူးလွန်ကြောင်းတွေ့ရှိရပြီး နိုင်ငံတော်နှင့် အများပြည်သူကို ဘေးအန္တရာယ်ကျရောက်နိုင်သည့် အခြေအနေရှိသဖြင့် တားဆီးနှိမ်နင်းပြီး အရေးယူရန် ပေါ်ပေါက်သည့်အခါ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ၁၉၉၉ ခုနှစ်၊ ဆုံးဖြတ်ချက်အမှတ် ၁၂၆၇၊ ၂၀၀၁ ခုနှစ်၊ ဆုံးဖြတ်ချက်အမှတ် ၁၃၆၈၊ အမှတ် ၁၃၇၃ နှင့် အမှတ် ၁၃၇၇၊ ၂၀၀၃ ခုနှစ်၊ ဆုံးဖြတ်ချက်အမှတ် ၁၅၁၆၊ ၂၀၁၁ ခုနှစ်၊ ဆုံးဖြတ်ချက်အမှတ် ၁၉၈၉၊ ၂၀၁၅ ခုနှစ်၊ ဆုံးဖြတ်ချက်အမှတ် ၂၂၅၃၊ ၂၀၁၇ ခုနှစ်၊ ဆုံးဖြတ်ချက်အမှတ် ၂၃၄၇၊ အမှတ် ၂၃၆၈ နှင့် အမှတ် ၂၃၉၆၊ ၂၀၁၉ ခုနှစ်၊ ဆုံးဖြတ်ချက်အမှတ် ၂၄၆၂ နှင့်ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ဆက်စပ်သော ဆုံးဖြတ်ချက်များနှင့်အညီ အကြမ်းဖက်မှုများအား ထိရောက်စွာတားဆီးကာကွယ်ရေး၊ နှိမ်နင်းရေးနှင့် အရေးယူရေး တို့အတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ခ) ပါ အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်မှု၊ ကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှု တစ်ခုခုကိုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု ကျူးလွန်သည့် အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု၊ သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများ အဖြစ် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (င) အရ အပ်နှင်းသော လုပ်ပိုင်ခွင့် များကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် ကြေညာချက်ကို အမိန့်ကြော်ငြာစာထုတ်ပြန်ရမည်။ ထိုကြေညာချက်ကို အများပြည်သူသိရှိရန် သတင်းစာ၊ ဂျာနယ် စသည့် စာစောင်များနှင့် ရေဒီယို၊ ရုပ်မြင်သံကြားအပါအဝင် သတင်းမီဒီယာတို့မှ အသိပေး ကြော်ငြာရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ် ထုတ်ပြန်ကြေညာချက်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရေးအတွက် ကုလသမဂ္ဂ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ အမှုဆောင်ညွှန်ကြားရေးမှူးရုံး (Counter Terrorism Committee Executive Directorate-CTED) သို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သံတမန်လမ်းကြောင်းအရသော်လည်းကောင်း၊ ဗဟိုအဖွဲ့ရုံးသို့သော်လည်းကောင်း ပေးပို့နိုင်ရန် အကြောင်းကြားရမည်။

(ဂ) နည်းဥပဒေခွဲ(က)အရ ထုတ်ပြန်ကြေညာသည့် အကြမ်းဖက်သမားတစ်ဦးချင်းနှင့် အကြမ်းဖက်အုပ်စုများကို အားပေးကူညီသူများနှင့် တစ်နည်းနည်းဖြင့် ငွေကြေးထောက်ပံ့သူများမှာ ပြည်ပနိုင်ငံများမှ အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်နွှယ်ပတ်သက်မှုများရှိပါက ထိုသူများနှင့် အဖွဲ့အစည်းများကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးရေးအတွက် သက်ဆိုင်ရာပြည်ပနိုင်ငံ၏အာဏာပိုင်သို့ အကြောင်းကြားရမည့်အပြင် အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့သို့လည်း ဆောလျင်စွာ အကြောင်းကြားရမည်။

(ဃ) မိမိနိုင်ငံမှထုတ်ပြန်ကြေညာထားသည့် အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အုပ်စုများကို ကုလသမဂ္ဂနှင့် နိုင်ငံတကာအကြမ်းဖက်မှုတိုက်ဖျက်ရေး အဖွဲ့အစည်းများထံသို့ အချက်အလက်ပေးပို့ရမည်ဖြစ်ပြီး ဖြစ်နိုင်သမျှ အရေးယူရမည်။

၁၂။ နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဗဟိုအဖွဲ့က နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ(က)အရ အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့်အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ် အမိန့်ကြော်ငြာစာဖြင့် ကြေညာချက်ထုတ်ပြန်ပြီးနောက် ဗဟိုအဖွဲ့၏အကြောင်းကြားချက်အရ အဆိုပါ အကြမ်းဖက်သမားနှင့် အကြမ်းဖက်အုပ်စုများအား အရေးယူပိတ်ဆို့မှုဆောင်ရွက်နိုင်ရန်အတွက် ကုလသမဂ္ဂ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ အမှုဆောင်ညွှန်ကြားရေးမှူးရုံး (Counter Terrorism Committee Executive Directorate-CTED) သို့ ကနဦး အကြောင်းကြားရမည်။ ထို့နောက် အရေးယူသည့်စာရင်း (Sanction List)သို့ တရားဝင်ထည့်သွင်းနိုင်ရန် လိုအပ်သည့် အချက်အလက် အပြည့်အစုံကို ကုလသမဂ္ဂ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ အမှုဆောင်ညွှန်ကြားရေးမှူးရုံး(CTED)၏ သတ်မှတ်ချက်များနှင့်အညီ အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီက ကုလသမဂ္ဂ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ အမှုဆောင်ညွှန်ကြားရေးမှူးရုံး (CTED)သို့ ပေးပို့အကြောင်းကြားရမည်။

၁၃။ ကုလသမဂ္ဂလုံခြုံရေးကောင်စီက နိုင်ငံတော်အတွင်းရှိသောသူတစ်ဦးဦးကို အကြမ်းဖက်သမားအဖြစ်လည်းကောင်း၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စုတစ်ခုခုကို အကြမ်းဖက်အုပ်စုအဖြစ်လည်းကောင်း၊ ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ်လည်းကောင်း သတ်မှတ်ကြေညာထားပြီးနောက် ပြောင်းလဲလာသည့် အခြေအနေအရ အကြမ်းဖက်သမား၊ ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ်မှ ပြန်လည်ရုပ်သိမ်းသည့်အခါ ထိုအကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများမှာ နိုင်ငံတော်နှင့် အများပြည်သူကို ဘေးအန္တရာယ်ပြုနိုင်သည့် အခြေအနေမရှိတော့ပါက နည်းဥပဒေ ၁၀ အရ အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့်အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ် ထုတ်ပြန်ကြေညာထားချက်ကို ဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းသောလုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ပြန်လည်ရုပ်သိမ်းနိုင်သည်။

၁၄။ (က) အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် နည်းဥပဒေ ၁၁ အရ အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ် ကြေညာထားခြင်းခံရသည့် ပုဂ္ဂိုလ်၊ အုပ်စု သို့မဟုတ် အဖွဲ့အစည်းက အကြမ်းဖက်လုပ်ရပ်များကို မည်သည့်အခါမျှ ပြုလုပ်ခြင်းမရှိသဖြင့် သို့မဟုတ် ယခင်က ပြုလုပ်မိခဲ့သော်လည်း ဆက်လက်၍ ပြုလုပ်တော့ခြင်းမရှိသဖြင့် ၎င်းတို့အား အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်း နှင့်တာဝန်ခံများအဖြစ် ဗဟိုအဖွဲ့က ကြေညာထားခြင်းကို ပြန်လည်သုံးသပ်ပြီး ရုပ်သိမ်းပေးရန် ခိုင်လုံသောအထောက်အထားများဖြင့် ဗဟိုအဖွဲ့သို့ တင်ပြရမည်။

**စာမျက်နှာ ၂၄ သို့**

စာမျက်နှာ ၂၃ မှအဆက်

(ခ) ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့်အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ် သတ်မှတ်ကြေညာထားခြင်းခံရသည့် ပုဂ္ဂိုလ်၊ အုပ်စု သို့မဟုတ် အဖွဲ့အစည်းက ထိုသို့ကြေညာထားခြင်းကို ပြန်လည်သုံးသပ်ပြီး ရုပ်သိမ်းပေးရန် ခိုင်လုံသောအထောက်အထားများဖြင့် တင်ပြချက်အပေါ် ဗဟိုအဖွဲ့သည် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ၏ စုံစမ်းထောက်လှမ်း၍ တင်ပြချက်ကို စိစစ်သုံးသပ်ပြီး ပြန်လည်ရုပ်သိမ်းသင့် မသင့် သဘောထားမှတ်ချက်ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သံတမန်လမ်းကြောင်းအရဖြစ်စေ၊ ဗဟိုအဖွဲ့ရုံးမှ တစ်ဆင့်ဖြစ်စေ ကုလသမဂ္ဂ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ အမှုဆောင်ညွှန်ကြားရေးမှူးရုံး (Counter Terrorism Committee Executive Directorate –CTED)သို့ တင်ပြရမည်။

၁၅။ ဗဟိုအဖွဲ့သည် အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ် ကြေညာထားခြင်းခံရသည့် ပုဂ္ဂိုလ်၊ အုပ်စု သို့မဟုတ် အဖွဲ့အစည်းနှင့် ပတ်သက်၍ နည်းဥပဒေ ၁၄၊ နည်းဥပဒေခွဲ (က)အရ တင်ပြချက်ကို စိစစ်ပြီး–

(က) ထိုအကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများမှာ နိုင်ငံတော်နှင့် အများပြည်သူကို ဘေးအန္တရာယ်ပြုနိုင်သည့် အခြေအနေ ရှိ မရှိနှင့် အကြမ်းဖက်မှုများ ဆက်လက်ကျူးလွန်ဖွယ်ရာ ရှိ မရှိ တို့ကို စုံစမ်းထောက်လှမ်းပြီး တင်ပြစေရန် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီကို တာဝန်ပေးရမည်။

(ခ) အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ၏ စုံစမ်းထောက်လှမ်းတင်ပြချက်အရ ထိုအကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုနှင့် အဖွဲ့အစည်းတို့မှာ နိုင်ငံတော်နှင့် အများပြည်သူကို ဘေးအန္တရာယ်ပြုနိုင်သည့် အခြေအနေမရှိတော့ကြောင်းနှင့် အကြမ်းဖက်မှုများ ဆက်လက်ကျူးလွန်ဖွယ်ရာမရှိကြောင်း တွေ့ရှိသည့်အခါ ၎င်းတို့အား အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု၊ သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ် ကြေညာထားခြင်းကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းသောလုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ပြန်လည်ရုပ်သိမ်းနိုင်သည်။

## အခန်း (၄)
## အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများပိုင် ငွေကြေးနှင့် ပစ္စည်းများကို ထိန်းချုပ်ခြင်း

၁၆။ ဗဟိုအဖွဲ့သည် –

(က) နည်းဥပဒေ ၁၀ နှင့် ၁၁ တို့အရ ကြေညာချက်ထုတ်ပြန်ထားသည့် အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများပိုင် ငွေကြေးနှင့် ပစ္စည်းများကို တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ပြောင်းလဲခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်းနှင့် အသွင်ပြောင်းလဲခြင်းတို့ မပြုလုပ်နိုင်ရန် ထိန်းချုပ်မိန့် ထုတ်ပြန်ရမည်။ ထို့ပြင် အဆိုပါငွေကြေးနှင့် ပစ္စည်းများကို ငွေကြေးဝန်ဆောင်မှု၊ ငွေကြေးလွှဲပြောင်းမှုတို့ကို မည်သူမျှမပြုလုပ်ရန် တားမြစ်ချက်ထုတ်ပြန်ရမည်။

(ခ) ကြေညာချက်ထုတ်ပြန်ထားသည့် အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု၊ သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့်တာဝန်ခံများအား ထိရောက်စွာ တားဆီးကာကွယ်ရေး၊ နှိမ်နင်းရေး၊ အရေးယူရေးနှင့် ၎င်းတို့ပိုင် ငွေကြေးနှင့်ပစ္စည်းများကို စုံစမ်းစစ်ဆေးရေး၊ ရှာဖွေဖော်ထုတ်ရေးနှင့် သိမ်းဆည်းရေးတို့အတွက် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီကို တာဝန်ပေးရမည်။

၁၇။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် ဗဟိုအဖွဲ့က နည်းဥပဒေ ၁၆၊ နည်းဥပဒေခွဲ(ခ)အရ တာဝန်ပေးအပ်လာသည့်အခါ ကြေညာချက်ထုတ်ပြန်ထားသည့် အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများပိုင် ငွေကြေးနှင့် ပစ္စည်းများကို စုံစမ်းစစ်ဆေးခြင်း၊ စုံစမ်းထောက်လှမ်းခြင်း၊ ရှာဖွေဖော်ထုတ်ခြင်း၊ သိမ်းဆည်းခြင်းနှင့် အရေးယူခြင်းတို့ပြုရန် သက်ဆိုင်ရာ တပ်ဖွဲ့ဝင်များအား တာဝန်ပေးအပ်ရမည်။

၁၈။ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း ကိစ္စရပ်အတွက် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းခြင်းနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၅)
## မြို့ပြလေကြောင်း ပျံသန်းရေးနှင့် လေဆိပ်တို့ကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ ပြုလုပ်မှုများကို တားဆီးနှိမ်နင်းခြင်းနှင့် တိုက်ဖျက်ခြင်း

၁၉။ တိုကျိုကွန်ဗင်းရှင်းအပိုဒ် ၁ ပါ ပြဋ္ဌာန်းချက်နှင့်အညီ လေယာဉ်ဝန်ဆောင်မှုပေးချိန် လေယာဉ်ပေါ်၌ သူတစ်ဦးဦးက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (က)တွင် သတ်မှတ်ထားသော ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်မှုနှင့်စပ်လျဉ်း၍ မည်သူမဆို လေယာဉ်ဝန်ဆောင်မှုပေးချိန် မြို့ပြလေကြောင်းပျံသန်းရေးနှင့် လေဆိပ်တို့ကို ဘေးအန္တရာယ်ဖြစ်စေရန်အလို့ငှာ တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြစ်မှုတစ်ခုခုကို တမင်ကျူးလွန်လျှင် ဥပဒေအရ ပြစ်မှုမြောက်သည်။

၂၀။ (က) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၇ ပါ လေယာဉ်ပေါ်တွင် ကျူးလွန်သည့် အကြမ်းဖက်မှုများကို ယင်းဥပဒေပုဒ်မ ၆၀ ပါ တရားခံအား ပြည်ပသို့ လွှဲပြောင်းပေးသည့်ကိစ္စနှင့် ပြစ်မှုများတွင် အပြန်အလှန်အကူအညီပေးရန်ကိစ္စများတွင် နိုင်ငံရေးပြစ်မှု၊ ယင်းနှင့်ဆက်နွှယ်သည့် ပြစ်မှု သို့မဟုတ် နိုင်ငံရေးရည်ရွယ်ချက်အတွက် ကျူးလွန်သည့်ပြစ်မှုဖြစ်သည်ဟု မှတ်ယူခြင်း၊ ငြင်းပယ်ခြင်း မပြုရ။

(ခ) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၇၊ ၈၊ ၉ နှင့် ၁၀ တို့ပါ မြို့ပြလေကြောင်းပျံသန်းရေးနှင့် လေဆိပ်တို့ကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်သည့် အကြမ်းဖက်မှုတစ်ခုခုသည်–

(၁) စစ်ရေးကိစ္စအတွက် အသုံးပြုသည့် လေယာဉ်တွင်ဖြစ်စေ၊ အကောက်ခွန်ကောက်ခံရန် ကိစ္စအတွက် အသုံးပြုသည့် လေယာဉ်တွင်ဖြစ်စေ၊ လုံခြုံရေးနှင့် ရဲလုပ်ငန်းကိစ္စအတွက် အသုံးပြုသည့် လေယာဉ်တွင်ဖြစ်စေ ကျူးလွန်ခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။ သို့ရာတွင် ယင်းလေယာဉ်တစ်စီးစီးက ဖော်ပြပါကိစ္စအတွက် မဟုတ်ဘဲ အကြမ်းဖက်မှုအတွက် အသုံးပြုခြင်းသော်လည်းကောင်း၊ ပြည်သူများအား သယ်ယူပို့ဆောင်ပေးသည့် ဝန်ဆောင်မှုပေးချိန်တွင် ကျူးလွန်ခြင်းသော်လည်းကောင်း ဖြစ်ပါက အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။

(၂) နိုင်ငံတော်တွင် တည်ဆဲလေယာဉ်အက်ဥပဒေအရ မှတ်ပုံတင်ထားသော လေယာဉ်ပေါ်တွင် ကျူးလွန်ခြင်းဖြစ်ပါက မည်သည့်နေရာတွင်ရှိစေကာမူ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၂ အရ ထိုပြစ်မှုကျူးလွန်သူကို စီရင်ပိုင်ခွင့်ရှိစေရမည်။

၂၁။ နိုင်ငံတော်၏ လေဆိပ်တစ်ခုခုမှ ပြည်ပသို့ ပျံသန်းထွက်ခွာသည့်လေယာဉ် သို့မဟုတ် နိုင်ငံတော်၏ လေဆိပ်တစ်ခုခုသို့ ဆင်းသက်မည့်လေယာဉ်၏ လေယာဉ်မှူးသည် လေယာဉ်ဝန်ဆောင်မှုပေးချိန်နှင့် လေယာဉ်ပျံသန်းချိန်တို့တွင် လေယာဉ်ကိုဖြစ်စေ၊ လေယာဉ်ပေါ်ရှိ လူနှင့် ပစ္စည်းများကိုဖြစ်စေ ဘေးအန္တရာယ်ဖြစ်စေမည်ဟု ထင်မြင်သည့်အခါ သို့မဟုတ် လေယာဉ်ပေါ်တွင် စည်းကမ်းတကျရှိမှုကို ပျက်ပြားစေသည့်အခါတွင် ဘေးကင်းလုံခြုံမှုရှိစေရန်နှင့် စည်းကမ်းတကျရှိစေရန်အလို့ငှာ ကျူးလွန်သူကို လေယာဉ်ပေါ်မှ ဆင်းစေခြင်း သို့မဟုတ် ကိုယ်တိုင်ရှာဖွေဖမ်းဆီးထိန်းသိမ်းခြင်း သို့မဟုတ် ရှာဖွေဖမ်းဆီးထိန်းသိမ်းရန် လေယာဉ်အမှုထမ်းများနှင့် ခရီးသည်များကို အကူအညီတောင်းခံခြင်း ပြုနိုင်သည်။

၂၂။ လေယာဉ်အမှုထမ်းများသည် နည်းဥပဒေ ၂၁ ပါ အကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်သည့်အတွက် လေယာဉ်မှူးက အကူအညီတောင်းခံသည့်အခါဖြစ်စေ၊ ကိုယ်တိုင်တွေ့မြင်သိရှိသည့်အခါဖြစ်စေ ထိုသို့ ကျူးလွန်သူကို ရှာဖွေဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်းတို့ ပြုနိုင်သည်။

၂၃။ လေယာဉ်မှူးနှင့် လေယာဉ်အမှုထမ်းတို့သည် နည်းဥပဒေ ၂၁ နှင့်၂၂ တို့အရ ဆောင်ရွက်ရာတွင် ကျူးလွန်သူမှာ အမျိုးသမီးဖြစ်ပါက ရှာဖွေဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းတို့ပြုရာတွင် ဖြစ်နိုင်သမျှ အမျိုးသမီးများ၏ အကူအညီဖြင့် ဆောင်ရွက်နိုင်သည်။

၂၄။ (က) လေယာဉ်မှူးသည်–

(၁) နည်းဥပဒေ ၂၁ နှင့် ၂၂ တို့အရ ဖမ်းဆီးထိန်းသိမ်းထားသူများကို နိုင်ငံတော်တွင် လေယာဉ်ဆင်းသက်သည့်အခါ သက်ဆိုင်ရာရဲအရာရှိထံသို့ဖြစ်စေ၊ လူဝင်မှု ကြီးကြပ်ရေးအရာရှိထံသို့ဖြစ်စေ လွှဲအပ်နိုင်သည်။ အကယ်၍ စာချုပ်ဝင်နိုင်ငံတစ်ခုခုတွင် လေယာဉ်ဆင်းသက်ခြင်းဖြစ်လျှင် ထိုနိုင်ငံ၏ ရဲအရာရှိ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးအရာရှိ တာဝန်ထမ်းဆောင်သော အရာရှိထံသို့ လွှဲအပ်နိုင်သည်။

(၂) နည်းဥပဒေ ၂၁ နှင့် ၂၂ တို့ပါ ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်သည့်ကိစ္စနှင့် အရေးယူဆောင်ရွက်မှုများကိုလည်းကောင်း၊ လေယာဉ်ကို အပိုင်စီးသည့်အခြေအနေကို လည်းကောင်း လေယာဉ်မဆင်းသက်မီ သက်ဆိုင်ရာနိုင်ငံ၏ မြို့ပြလေကြောင်းဆိုင်ရာ တာဝန်ရှိသူထံ ဖြစ်နိုင်သမျှ ချက်ချင်း အကြောင်းကြားရမည်။

(ခ) နည်းဥပဒေခွဲ(က)၊ နည်းဥပဒေခွဲငယ် (၁)အရ လွှဲအပ်၍ လက်ခံရရှိသော ရဲအရာရှိ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးအရာရှိ တာဝန်ထမ်းဆောင်သော အရာရှိသည် နည်းဥပဒေ ၂၁ နှင့် ၂၂ တို့ပါ ပြုလုပ်မှုတစ်ခုခုကျူးလွန်သူကို လေယာဉ်မှ ထွက်ခွာခိုင်းသည့်ကိစ္စတွင် ထိုသူနှင့် သက်ဆိုင်သည့် နိုင်ငံ၏ အခွင့်အာဏာပိုင်ထံသို့ဖြစ်စေ၊ သံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး သို့ဖြစ်စေ အကြောင်းကြားနိုင်ရန် ဆက်လက်ဆောင်ရွက်ရမည်။

၂၅။ (က) ပြည်ပနိုင်ငံတစ်ခုခုတွင်ရှိသော နိုင်ငံတော်၏ သံရုံးနှင့် ကောင်စစ်ဝန်ရုံးတို့သည် နိုင်ငံတော်တွင် မှတ်ပုံတင်ထားသော မြို့ပြလေကြောင်းပျံသန်းရေးလေယာဉ်နှင့် စပ်လျဉ်း၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၇၊ ၈၊ ၉ နှင့် ၁၀ တို့ပါ မြို့ပြလေကြောင်းပျံသန်းရေးနှင့် လေဆိပ်တို့ကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်သည့် အကြမ်းဖက်မှုများဖြစ်ပွားကြောင်းရရှိသည့် အောက်ဖော်ပြပါ သတင်းအချက်အလက်ကို နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ချက်ချင်း သတင်းပို့ရမည် –

(၁) ကျူးလွန်သည့် ပြစ်မှုဖြစ်ပွားပုံနှင့် အကျဉ်းချုပ်၊

(၂) အကြမ်းဖက်သမားနှင့် အကြမ်းဖက်အုပ်စု ကိုယ်ရေးအချက်အလက်များ (သိရှိလျှင်)၊

(၃) လေယာဉ်မှူးနှင့် လေယာဉ်ဝန်ထမ်းများက အရေးယူဆောင်ရွက်မှုများနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေ။

(ခ) နိုင်ငံခြားရေးဝန်ကြီးဌာနသည် နည်းဥပဒေခွဲ(က)အရ ရရှိသည့်သတင်းအချက်အလက်ကို အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေးလုပ်ငန်းကော်မတီသို့ ချက်ချင်းအကြောင်းကြားရမည်။

၂၆။ နိုင်ငံတော်အတွင်းရှိ လေဆိပ်တစ်ခုခု၏ မြို့ပြလေကြောင်းဆိုင်ရာ တာဝန်ရှိသူသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၀ ပါ မြို့ပြလေကြောင်းပျံသန်းရေးကို ဝန်ဆောင်မှုပေးနေသော လေဆိပ်အား ဥပဒေနှင့်မညီဘဲ အတင်းအဓမ္မအကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ သတင်းအချက်အလက်ကို အမျိုးသားမြို့ပြလေကြောင်း လုံခြုံရေးလုပ်ငန်းကော်မတီသို့ ချက်ချင်းအကြောင်းကြားရမည် –

(က) ကျူးလွန်သည့် ပြစ်မှုဖြစ်ပွားပုံနှင့် အကျဉ်းချုပ်၊

(ခ) အကြမ်းဖက်သမားနှင့် အကြမ်းဖက်အုပ်စုကိုယ်ရေးအချက်အလက်များ (သိရှိလျှင်)၊

(ဂ) လေယာဉ်မှူးနှင့် လေယာဉ်ဝန်ထမ်းများက အရေးယူဆောင်ရွက်မှုများနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေ။

၂၇။ အမျိုးသားမြို့ပြလေကြောင်း လုံခြုံရေးလုပ်ငန်းကော်မတီသည် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၇၊ ၈၊ ၉ နှင့် ၁၀ တို့ပါ မြို့ပြလေကြောင်းပျံသန်းရေးနှင့် လေဆိပ်တို့ကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်သည့် အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ ရရှိသော သတင်းအချက်အလက်များကို ဗဟိုအဖွဲ့သို့ တင်ပြရမည်။

၂၈။ အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေးလုပ်ငန်းကော်မတီသည်–

(က) အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်က အတည်ပြုပြဋ္ဌာန်းသည့် ၁၉၄၄ ခုနှစ်၊ ချီကာဂိုကွန်ဗင်းရှင်းအပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအား ဥပဒေမဲ့အဖျက်အမှောင့် ပြုလုပ်မှုများအား ကာကွယ်ရေးအတွက် လုံခြုံမှုဆိုင်ရာ နောက်ဆက်တွဲ အမှတ် ၁၇ (ICAO Annex 17: Security– Safeguarding International Civil Aviation Against Acts of Unlawful Interference) ပြဋ္ဌာန်းချက်တို့နှင့်အညီ မြို့ပြလေကြောင်းနှင့် လေဆိပ်များ လုံခြုံရေးဆိုင်ရာအစီအစဉ်များကို ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်မှုကို ကြီးကြပ်ရမည်။

ဆက်လက်ဖော်ပြပါမည်

## ဖိလစ်ပိုင်နိုင်ငံ မင်ဒိုရိုစီရင်စုရှိ ပိုလာကမ်းခြေတွင် ရေနံယိုစိမ့်ကာ ရေထုညစ်ညမ်းမှုဖြစ်ပေါ်နေ



**မနီလာ မတ် ၉**

ဖိလစ်ပိုင်နိုင်ငံ မင်ဒိုရိုစီရင်စုရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းအတွက် အဓိကအကျဆုံးဖြစ်သည့် ပိုလာကမ်းခြေတွင် ရေနံယိုစိမ့်ကာ ရေထုညစ်ညမ်းမှုများဖြစ်ပေါ်နေကြောင်း မင်ဒိုရိုအာဏာပိုင်အဖွဲ့အစည်းကထုတ်ပြန်ခဲ့သည်ဟု TOE သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

နိုင်ငံခြားသားခရီးသွားများလာရောက်လည်ပတ်မှုနှုန်း မြင့်မားသည့် ပိုလာကမ်းခြေသည် ကမ္ဘာ့အဆင့်ရှိသည့် ကမ်းခြေဖြစ်ပြီး ရေနံယိုစိမ့်မှု ဖြစ်ပေါ်နေခြင်းကြောင့် နိုင်ငံခြားသားခရီးသွားများ လာရောက်လည်ပတ်ခြင်းကို ယာယီတားမြစ်ထားကြောင်း၊ ကမ်းခြေရှိ ရေဧရိယာအတွင်းရေနံယိုစိမ့်မှုကိုရှင်းလင်းပြီးမှသာ ကမ်းခြေသို့ လာရောက်လည်ပတ်ခြင်းကို ပြန်လည်ခွင့်ပြုသွားမည်ဖြစ်ပြီး ပိုလာကမ်းခြေရှိ ဟိုတယ်များကိုလည်း ဧည့်သည်လက်ခံခြင်းကို ယာယီတားမြစ်ထားကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

"ပိုလာကမ်းခြေမှာရေနံယိုစိမ့်မှုတွေဖြစ်ပေါ်ခဲ့တဲ့အတွက် ရေထုညစ်ညမ်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ ရေထုညစ်ညမ်းမှုတွေဖြစ်ပေါ်နေတဲ့အတွက် ဟိုတယ်တွေကို ယာယီပိတ်ထားရပါတယ်။ နွေရာသီအတွက် ဟိုတယ်တွေမှာ Booking တွေ ပြည့်နေပေမဲ့လဲ ရေဧရိယာအတွင်း ရေနံယိုစိမ့်မှုဖြစ်ပေါ်ခဲ့တဲ့အတွက် Booking အားလုံးကို Cancel လုပ်ဖို့ ညွှန်ကြားထားရပါတယ်။ ရေနံယိုစိမ့်မှုကို ရှင်းလင်းပေးဖို့အတွက် တာဝန်ရှိသူတွေ စီစဉ်နေပါတယ်။ ဒါပေမဲ့လဲ အချိန်ကာလတစ်ခုထိ စောင့်ဆိုင်းသွားရဖွယ်ရှိနေတယ်။ ရေနံယိုစိမ့်မှုကြောင့် ဟိုတယ်နဲ့ခရီးသွားလာရေးလုပ်ငန်းတွေအတွက်တော့ အခက်အခဲတွေနဲ့ရင်ဆိုင်ရဖွယ်ရှိနေပါတယ်"ဟု ပိုလာကမ်းခြေအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ပိုလာကမ်းခြေတွင် စက်မှုဝန်ကြီးဌာနအတွက် လိုအပ်သောရေနံများကိုတင်ဆောင်လာစဉ် ရေနံယိုစိမ့်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရေနံယိုစိမ့်မှုသည် ဖေဖော်ဝါရီလကတည်းက ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး ရှင်းလင်းရေးလုပ်ငန်းများကို ယနေ့ထိဆောင်ရွက်နိုင်ခြင်းမရှိသေးကြောင်း ပိုလာကမ်းခြေအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။ **ခိုင်းဆက်**

## ပလတ်စတစ်အမှုန်အမွှားများကြောင့် ပင်လယ်သမုဒ္ဒရာညစ်ညမ်းမှု မကြုံစဖူးတိုးလာ

**ဝါရှင်တန် မတ် ၉**

အမေရိကန်နိုင်ငံအခြေစိုက် 5 Gyres Institute မှ သိပ္ပံပညာရှင်များ၏ အတ္တလန္တိတ်သမုဒ္ဒရာ၊ ပစိဖိတ်သမုဒ္ဒရာ၊ အိန္ဒိယသမုဒ္ဒရာနှင့် မြေထဲပင်လယ်တို့တွင် စုဆောင်းထားသော လေ့လာတွေ့ရှိမှုများအရ ကမ္ဘာ့သမုဒ္ဒရာများအတွင်း ပလတ်စတစ်ညစ်ညမ်းမှုသည် ၂၀၀၅ ခုနှစ်မှစ၍ မကြုံစဖူးအလျင်အမြန်တိုးလာကြောင်း အဆိုပါInstitute က ထုတ်ပြန်သော အချက်အလက်များကိုကိုးကား၍ CNN သတင်းဌာနက မတ် ၈ ရက်တွင် ရေးသားဖော်ပြထားသည်။

5 Gyres Institute မှ သိပ္ပံပညာရှင်များ၏ လေ့လာမှုသစ်တစ်ခုအရ ထရီလီယံ ၁၇၀ ခန့်ရှိသော ပလတ်စတစ်အမှုန်အမွှားများကြောင့် ကမ္ဘာ့သမုဒ္ဒရာများကို ညစ်ညမ်းစေလျက်ရှိကြောင်း၊ အဆိုပါအဖွဲ့အနေဖြင့် လေ့လာမှုများကို အတ္တလန္တိတ်သမုဒ္ဒရာ၊ ပစိဖိတ်သမုဒ္ဒရာ၊ အိန္ဒိယသမုဒ္ဒရာနှင့် မြေထဲပင်လယ်တို့တွင် ၁၉၇၉ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း လေ့လာခဲ့ရာမှ ရရှိသောစံနမူနာအချက်အလက် ၁၂၀၀၀ ခန့်မှ လေ့လာသိရှိခဲ့ခြင်းဖြစ်ကြောင်း အဆိုပါသိပ္ပံအဖွဲ့အစည်း၏ သုတေသနနှင့် ဆန်းသစ်တီထွင်မှုဒါရိုက်တာ Lisa Erdle က ပြောကြားခဲ့သည်။



သမုဒ္ဒရာများအတွင်း ပလတ်စတစ်ညစ်ညမ်းမှုမှာ ၂၀၀၅ ခုနှစ်နောက်ပိုင်း မကြုံစဖူးလျင်မြန်စွာ တိုးလာကြောင်းနှင့် ယခင်မျှော်မှန်းထားသည်ထက် များစွာမြင့်မားလျက်ရှိပြီး အရေးတယူဖြေရှင်းဆောင်ရွက်ခြင်းမပြုပါက လာမည့် ၂၀၄၀ ပြည့်နှစ်တွင် ၂ ဒသမ ၆ ဆခန့်တိုးလာနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

လွန်ခဲ့သော နှစ်အနည်းငယ်မှစ၍ ပလတ်စတစ်ထုတ်လုပ်မှုများ မြင့်တက်လာခဲ့ပြီး နှစ်စဉ်ကမ္ဘာ့ပလတ်စတစ်၏ ကိုးရာခိုင်နှုန်းခန့်သာ ပြန်လည်သုံးစွဲနိုင်ရာ ကျန်ပလတ်စတစ် အများအပြားသည် သမုဒ္ဒရာအတွင်းသို့ နည်းမျိုးစုံဖြင့် ရောက်ရှိလျက်ရှိကာ ပျက်စီးသွားခြင်းမရှိဘဲ သေးငယ်သောအပိုင်းအစများအဖြစ်ပြိုကွဲသွားပြီးနောက် ပင်လယ်သမုဒ္ဒရာကို ညစ်ညမ်းမှုဖြစ်စေကြောင်း သိရသည်။ AZH

## ကြေးနီထုတ်လုပ်သည့်ကုမ္ပဏီများက ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးစီမံချက်များရေးဆွဲနေ

**ဝါရှင်တန် မတ် ၉**

ကမ္ဘာ့နိုင်ငံအသီးသီးမှ ကြေးနီထုတ်လုပ်သည့် ကုမ္ပဏီကြီးများသည် ၂၀၅၀ ပြည့်နှစ်အရောက်တွင် ၎င်းတို့လုပ်ငန်းများမှ ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့လျှော့ချနိုင်ရေးအတွက် စီမံချက်များရေးဆွဲနေကြောင်း အမေရိကန်နိုင်ငံ နယူးယောက်မြို့အခြေစိုက် International Copper Association (ICA) က ထုတ်ပြန်သွားခဲ့သည်ဟု SBS သတင်းဌာနက မတ် ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ကမ္ဘာ့နိုင်ငံအသီးသီးမှ ကြေးနီထုတ်လုပ်မှု အကြီးစားကုမ္ပဏီကြီးများကို ICA က ၂၀၅၀ ပြည့်နှစ်အရောက်တွင် ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ ရောက်ရှိစေရေးအတွက် ၎င်းတို့ရေးဆွဲထားသည့် စီမံချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန် ကြိုတင်သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

ICA က ကြေးနီထုတ်လုပ်မှု အကြီးစားကုမ္ပဏီကြီးများနှင့် လက်တွဲကာ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးစီမံချက်များကို အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး စီမံချက်အရ ၂၀၃၀ ပြည့်နှစ်တွင် ကြေးနီထုတ်လုပ်မှုကဏ္ဍမှ ကာဗွန်ထုတ်လွှတ်မှုပမာဏ ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းလျှော့ကျရေး၊ ၂၀၄၀ ပြည့်နှစ်အရောက်တွင် ၇၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းထိ လျှော့ကျလာစေရေး၊ ၂၀၅၀ ပြည့်နှစ်အရောက်တွင် ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ ရောက်ရှိရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်သည်။

ICA ၏ စီမံချက်ကို လိုက်နာအကောင်အထည်ဖော်သွားမည့် ကုမ္ပဏီများမှာ ဩစတြေးလျနိုင်ငံအခြေစိုက် BHP Group၊ ချီလီနိုင်ငံအခြေစိုက် Codelco Group၊ Glencore Group၊ Freeport-McMoRan၊ ဂျပန်အခြေစိုက် Nippon Mining & Metals Corporation၊ ပိုလန်နိုင်ငံအခြေစိုက် KGHM ကုမ္ပဏီတို့ဖြစ်ပြီး ကြေးနီအဓိကထုတ်လုပ်သည့် ကုမ္ပဏီကြီးများ ပါဝင်နေသော်လည်း တရုတ်နိုင်ငံအခြေစိုက် ကြေးနီအဓိက ထုတ်လုပ်သည့် ကုမ္ပဏီကြီးများ ပါဝင်ခြင်းမရှိသေးကြောင်း ICA က ထုတ်ပြန်ခဲ့သည်။

**ခိုင်းဆက်**

## အန်နာဘရာပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်

**အဘူဂျာ မတ် ၉**

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(UNICEF)သည် နိုင်ဂျီးရီးယားနိုင်ငံ အန်နာဘရာပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ပြည်နယ်အစိုးရနှင့် ပူးပေါင်း၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ်ကျန်းမာရေးဝန်ကြီးဌာနက မတ် ၈ ရက်တွင် ထုတ်ပြန်ခဲ့သည်ဟု Daily Post Nigeria သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

ယခင်နှစ်က ရေကြီးရေလျှံမှုများကြောင့် ရေဘေးဒုက္ခခံစားနေရသော နိုင်ဂျီးရီးယားနိုင်ငံ အန်နာဘရာပြည်နယ်အတွင်းရှိ ဧရိယာ ၁၀ ခုတွင် သုံးလကြာ ဆေးဘက်ဆိုင်ရာ အသိပညာပေးမှုလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မတ် ၈ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ်ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာ Obianuju Okoye က ပြောကြားခဲ့သည်။

ပြည်နယ်အတွင်းရှိ အဓိကရေဘေးသင့်ခဲ့သော ဒေသ ၁၀ ခုရှိ ရပ်ကွက်အသီးသီးတွင် ဆေးဝါးကုသပေးခြင်း၊ ဆေးဝါးများဖြန့်ဝေပေးခြင်းတို့ကို အချက်အချာကျသောနေရာများတွင် ကျန်းမာရေးဌာန ၂၀ ခုဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း ၎င်းကပြောကြားခဲ့သည်။

အဆိုပါအစီအစဉ်ကို UNICEF က အပြည့်အဝပံ့ပိုးပေးထားပြီး ပြည်နယ်အစိုးရက ကျန်းမာရေးဝန်ထမ်းအင်အားဖြည့်တင်းပေးထားကြောင်းနှင့် အဆိုပါဒေသများအတွင်းရှိ HIV ရောဂါဝေဒနာရှင်များနှင့် အမျိုးသမီးများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အဓိကရှာဖွေ ကုသပေးလျက်ရှိသည့်အပြင် အခြားရောဂါရှာဖွေကုသပေးခြင်းလုပ်ငန်းများလည်း ပါဝင်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် UNICEF အနေဖြင့် ပြီးခဲ့သည့်နှစ်နှောင်းပိုင်းမှစ၍ ရေကြီးမှုဒဏ်ခံခဲ့ရသော ဒေသများသို့ ကွင်းဆင်းလေ့လာခဲ့ပြီး ရေဘေးသင့်ပြည်သူများအတွက် ဆေးဝါးကုသရေး၊ ရေပေးဝေရေးလုပ်ငန်းများနှင့် အိမ်သုံးပစ္စည်းများ ပံ့ပိုးကူညီပေးမည့်နည်းလမ်းများကို လမ်းညွှန်မြေပုံများရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ AZH

## ဥရောပတိုက်၏သမိုင်းတစ်လျှောက် အပူချိန်ဒုတိယအမြင့်မားဆုံးဆောင်းရာသီဖြင့် ရင်ဆိုင်နေရ

**ဘရပ်ဆဲလ် မတ် ၉**

ဘယ်လ်ဂျီယံနိုင်ငံတွင် အခြေစိုက်သည့် ဥရောပသမဂ္ဂအဖွဲ့အစည်းမှ သုတေသီများက ဥရောပတိုက်၏ ဆောင်းရာသီအပူချိန်မှာ မြင့်တက်လျက်ရှိနေပြီး သမိုင်းတစ်လျှောက် အပူချိန် ဒုတိယအမြင့်မားဆုံးသော ဆောင်းရာသီဖြင့် ရင်ဆိုင်နေရကြောင်း ထုတ်ပြန်ခဲ့သည်ဟု Euro News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ဥရောပတိုက်အတွင်း ရာသီဥတုဖောက်ပြန်မှုနှုန်း မြင့်မားနေခြင်းကြောင့် ဆောင်းရာသီအတွင်း ပုံမှန်မဟုတ်သည့် အပူချိန်မြင့်တက်မှုဖြင့် ရင်ဆိုင်နေရကြောင်း၊ ယခုနှစ်ဆောင်းရာသီတွင် ဖြစ်ပေါ်နေသောအပူချိန်သည် ပုံမှန်ဖြစ်ပေါ်လေ့ရှိသည့် အပူချိန်ပမာဏထက် ၁ ဒသမ ၄ ဒီဂရီစင်တီဂရိတ်ထိမြင့်တက်နေပြီး ဥရောပသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာအဖွဲ့အစည်း၏ မှတ်တမ်းများအရ အပူချိန် ဒုတိယအမြင့်ဆုံးဆောင်းရာသီအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

"ဥရောပတိုက်ရဲ့ ဆောင်းရာသီဟာ ပုံမှန်မဟုတ်တဲ့ ဆောင်းရာသီဖြစ်ပေါ်နေပါတယ်။ ရာသီဥတုဖောက်ပြန်ပြီး ကမ္ဘာမြေကြီးပူနွေးမှုမြင့်မားလာတဲ့အတွက် အပူချိန်မြင့်မားတဲ့ ဆောင်းရာသီဖြစ်လာတယ်။ လူသားတွေရဲ့လုပ်ဆောင်မှုကြောင့် ရာသီဥတုဖောက်ပြန်လာတာလဲဖြစ်ပါတယ်။ ရေခဲပြင်တွေမှာ အပူချိန်မြင့်တက်မှုကြောင့် ရေခဲပြင်အရည်ပျော်ကျမှုတွေဖြစ်ပေါ်နေတယ်။ အန္တာတိကရေခဲပြင်တွေ အရည်ပျော်မှုနှုန်းမြင့်မားလာရင် ဆိုးရွားတဲ့ရေကြီးရေလျှံမှုတွေလဲ ဖြစ်ပေါ်လာနိုင်ပါတယ်"ဟု ဥရောပသမဂ္ဂအဖွဲ့အစည်းမှ ရာသီဥတုပြောင်းလဲမှုဆိုင်ရာအဖွဲ့အစည်း၏ ဒုတိယညွှန်ကြားရေးမှူးဖြစ်သူ ဆာမန်သာက ပြောကြားခဲ့သည်။

အပူချိန်မြင့်မားသည့် ဆောင်းရာသီဖြစ်လာရခြင်းမှာ ပြီးခဲ့သည့် ဒီဇင်ဘာလနှင့် ဇန်နဝါရီလအတွင်း အပူလှိုင်းဖြတ်သန်းမှုများ ဖြစ်ပေါ်ခဲ့ပြီး ဆီးနှင်းကျဆင်းမှုနှုန်း နည်းပါးခြင်းကြောင့်ဖြစ်ကြောင်း၊ ဥရောပတိုက်၏ အရှေ့ဘက်ပိုင်းနှင့်မြောက်ဘက်ပိုင်းနိုင်ငံများတွင် အပူချိန်အမြင့်ဆုံး မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း ဥရောပသမဂ္ဂအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။ **ခိုင်းဆက်**

**ခရီးသွားဆောင်းပါး**

# ကိုးကန့်ဒေသ မူးယစ်ဆေးဝါးပပျောက်ရေးပြတိုက်နှင့် ရှေ့မြင်ကွင်းများ

လောက်ကိုင်မြို့ကို ရောက်ရှိနေစဉ်အတွင်း ကိုးကန့်ရိုးရာနှစ်သစ်ကူးပွဲတော်ကို အိမ်ရှင်ကျောင်းသားမိဘ မိသားစုနှင့်အတူ ပါဝင်ဆင်နွှဲခဲ့ရပါတယ်။ နှစ်သစ်ကူးပွဲတော်ဆိုတာ ထွေထွေထူးထူးမဟုတ်ဘဲ မနက်စောစောမှာ ဝက်တွေ၊ ကြက်တွေကို နတ်ပူဇော်ပြီး အိမ်ကိုရောက်တာနဲ့ ပျော်ပျော်ပါးပါး၊ စုစုဝေးဝေး ချက်ပြုတ်စားသောက်ကြတာပါ။ အိမ်ရှင် မိသားစုက နှစ်သစ်ကူးပွဲတော်နေ့မှာ ဝက်နှစ်ကောင်နဲ့ ကြက်လေးကောင်ကို ပူဇော်ကြတယ်။ ဝက်တစ်ကောင်နဲ့ ကြက်ဖ၊ ကြက်မ ကြက်တစ်စုံကို မနက်စောစော ၆ နာရီကတည်းက မြို့အပြင်မှာရှိတဲ့ ရိုးရာအဆောက်အအုံကြီးအတွင်းမှာ သွားရောက်ပူဇော်ခဲ့ကြပြီး နောက်ထပ်ဝက်တစ်ကောင်နဲ့ ကြက်တစ်စုံကို အိမ်မှာရှိတဲ့ မြန်မာအခေါ် ဘုရားစင်ရှေ့မှာ ပူဇော်လိုက်ကြတယ်။

ချက်ပြုတ်အပြီး မိမိတို့ကို ဧည့်ခံကျွေးမွေးတဲ့ ဟင်းလျာတွေက စုံလင်ပါတယ်။ ဟင်းတွေက ကြက်သားဟင်း၊ ဝက်သားဟင်းတွေသာဖြစ်နေပေမဲ့ ကြက်သားကြော်၊ ကြက်အချိုချက်၊ အချဉ်ချက်၊ ကြက်သားသုပ်တွေအပြင် ကြက်စတူးဆိုတာလဲပါတယ်။ ဝက်သားဟင်းတွေထဲမှာ ဝက်သားပြားကြော်၊ ဝက်ခေါက်အစိုသုပ်၊ သုံးထပ်သားနှစ်ပြန်ချက်နဲ့အတူ ထူးထူးခြားခြား စားကောင်းနေတဲ့ ဟင်းလျာတစ်မျိုးပါဝင်နေတယ်။ ဘာဟင်းလဲလို့မေးကြည့်တော့ ကျောင်းသားမိဘဖြစ်သူက မြန်မာလိုမပြောတတ်တာကြောင့် လက်တစ်တောင်လောက်အရှည် ထင်းချောင်းလိုလို ပစ္စည်းတစ်ခုကို ယူလာပြတယ်။ သူယူလာပြတဲ့ပစ္စည်းကိုကြည့်လိုက်ပြီး စရိုဆိုတာကို ချက်ချင်းသိလိုက်တယ်။ စရိုဆိုတာ စရိုပင်က သစ်ကိုင်းချောင်းတစ်ခုပါ။ ပုံသဏ္ဍာန်က သနပ်ခါးပင်၊ သနပ်ခါးကိုင်းလို အပွေးထူပါတယ်။ အရိုးကို စားသောက်ရတာမဟုတ်ဘဲ အပွေးကိုခြစ်ပြီး စားသောက်ရတာပါ။ အရသာက ချဉ်လဲချဉ်၊ စပ်လဲစပ်ပြီး ရှမ်းတိုင်းရင်းသားတွေ၊ တရုတ်လူမျိုးတွေအများဆုံး စားသုံးလေ့ရှိကြတယ်။

တစ်ခါက ရှမ်းတိုင်းရင်းသူ စတင်ချက်ကျွေးတဲ့ ဟင်းက ကုလားပဲဟင်းရည်ပါ။ ကုလားပဲဟင်းရည်ထဲကို စရို ရိုးတွေရေစင်စင်ဆေးပြီး ထုထောင်းထည့်လိုက်တယ်။ နဂိုအချိုဓာတ်ရှိတဲ့ ကုလားပဲဟင်းရည်က စရိုမှာရှိတဲ့ အချဉ်ဓာတ်၊ အစပ်ဓာတ်တွေနဲ့ပေါင်းစပ်သွားပြီး စားလို့ပိုကောင်းသွားခဲ့တယ်။ နောက်တစ်ခါ စရိုပွေးတွေကို ခြစ်ယူပြီးတောက်တောက်စဉ်းထားတဲ့ ကြက်သား၊ ဝက်သားတွေနဲ့ သမအောင်နယ်ပြီးမှ ကြော်ချက်ကျွေးတယ်။ အခု ကိုးကန့်ရိုးရာနှစ်သစ်ကူးပွဲတော်မှာလဲ ဝက်သားကို စရိုပွေးနဲ့ကြော်ထားတဲ့ ဟင်းကို စားသောက်ရတာပါ။ ထမင်းလဲစားသောက်ပြီး မနက်အိပ်ရာကိုလဲ စောစောထထားရတာကြောင့် ကိုယ့်အခန်းကိုဝင်ပြီး ခဏနားနေတုန်း ဝက်သားကင်စားရအောင်ဆိုပြီးလာခေါ်လို့ အခန်းထဲကနေ ထွက်ခဲ့ရပြန်တယ်။ ဆား၊ ဆနွင်းနယ်ပြီး မိုးပြဒယ်အိုးတွေနဲ့ အပြည့်ရှိနေတဲ့ ဝက်သားတွေကို မီးသွေးမီးဖိုကြီးပေါ်မှာ ချက်ချင်းကင်၊ ချက်ချင်းစားသောက်ကြရတယ်။ တစ်ပန်းကန်ပြီး တစ်ပန်းကန် လာချပေးနေတဲ့ ဝက်သားကင်တွေကို အချဉ်ရည်နဲ့ တို့စားနေရင်း ဗိုက်ဝသွားပြီဖြစ်လို့ ကိုယ့်အခန်းရှိရာကို ပြန်လာခဲ့ကြပေမဲ့ မကြာခင်မှာ ကျောင်းသား တစ်ယောက်က "ဆရာ ဝက်သားကင်စားရအောင်" ဆိုပြီး ထပ်မံခေါ်ဆိုနေတာကြောင့် လောက်ကိုင်မြို့ထဲ သွားရောက်လည်ပတ်ကြရအောင်ဆိုပြီး ခရီးဖော်တွေစုဝေးတိုင်ပင်လိုက်ကြရတယ်။

အိမ်ရှင်ကျောင်းသားမိဘက နေ့လယ်အားတဲ့အချိန်မှာ လေ့လာလည်ပတ်စရာရှိတဲ့နေရာတွေကို လိုက်လံပို့ဆောင်ပေးပါ့မယ်လို့ ပြောဆိုထားပေမဲ့ ဝက်သားကင်တွေမစားနိုင်တော့တာကြောင့် လောက်ကိုင်မြို့တွင်းကို ထွက်လာခဲ့ကြတယ်။ အဓိကအားဖြင့် အလာခရီးညတုန်းက လှလှပပခွံ့ခွံ့ညားညားမြင်တွေ့ခဲ့ရတဲ့နေရာတွေကို သွားရောက်ကြမှာမို့ ကားကို လာလမ်းအတိုင်း မောင်းလာခဲ့လိုက်တယ်။ ညတုန်းက မြင်တွေ့ခဲ့ရတဲ့ အဝိုင်းပတ်ကြီးတွေကို တစ်ခုပြီးတစ်ခု ကျော်ဖြတ်လာရင်း မြို့တွင်းတစ်နေရာကို ရောက်လာကြတယ်။ အဆင့်မြင့်မိုးမျှော်တိုက်ကြီးတွေ၊ ဟိုတယ်၊ မိုတယ်ကြီးတွေရှိတဲ့နေရာပါ။ မိုးမျှော်တိုက်ကြီးတွေ၊ အဆောက်အအုံကြီးတွေက လှပကြီးကျယ်ခမ်းနားကြသလို နေရာတိုင်းမှာ အများအပြားရှိနေကြတာကြောင့် ကားကိုတစ်နေရာမှာရပ်ခဲ့ပြီး လမ်းလျှောက်လေ့လာလည်ပတ် ဓာတ်ပုံတွေရိုက်ကြဖို့ ဆုံးဖြတ်လိုက်ကြတယ်။

ဒါပေမဲ့ လောက်ကိုင်မြို့မှာ ကားရပ်မယ်ဆိုရင် ရပ်ချင်တဲ့နေရာတိုင်းမှာ ကြုံသလိုအလွယ်တကူ စည်းကမ်းမဲ့ရပ်လို့မရပါဘူး။ ကိုးကန့်ရဲတွေ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်တွေက ချက်ချင်းရောက်လာပြီး ဒဏ်ငွေဆောင်ခိုင်းလေ့ရှိနေတယ်။ ပေးဆောင်ရတဲ့ဒဏ်ငွေကလဲ နည်းနည်းနောနောမဟုတ်ဘဲ အမှုတစ်ခုကို တရုတ်ယွမ်ငွေ ၅၀၀၀ ဖြစ်နေတာကြောင့် မြန်မာကျပ်ငွေနဲ့ တွက်ကြည့်မယ်ဆိုရင် ယနေ့ပေါက်စျေးနဲ့ သိန်း ၂၀ လောက်ရှိနေတယ်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေကို မဖောက်ဖျက်၊ မကျူးလွန်ရဲအောင် စီမံဆောင်ရွက်ထားတဲ့သဘောပါ။ ဒီလိုမှလုပ်မထားရင်လဲ လောက်ကိုင်မြို့မှာရှိတဲ့ ကားအရေအတွက်က အလွန်များပြားနေတာကြောင့် လမ်းတွေပေါ်မှာ သွားလာလို့မရနိုင်အောင် လမ်းပိတ်ဆို့မှုတွေဖြစ်ပေါ်သွားနိုင်ပါတယ်။ လောက်ကိုင်မြို့မှာ ခေတ်မီကားအကောင်းစားတစ်စီးကို တရုတ်ယွမ်ငွေ ၁၀၀၀၀၊ ၂၀၀၀၀ လောက်သာရှိနေပြီး အိမ်တစ်အိမ်မှာ အနည်းဆုံး ကားတစ်စီး၊ နှစ်စီးရှိနေကြတယ်။ ဒါပေမဲ့ ကားတွေက ကိုးကန့်လိုင်စင်တွေသာဖြစ်ပြီး ဒေသတွင်းမှာသာ မောင်းနှင်လို့ရကြပါတယ်။

ကားမောင်းလာရင်းနဲ့ တချို့လမ်းနေရာတွေမှာ ယာဉ်ထိန်းရဲတွေက ကားတွေကို ရပ်တန့်စစ်ဆေးနေတာတွေ၊ ဖမ်းဆီးနေတာတွေကိုလဲ တွေ့မြင်နေရတယ်။ လောက်ကိုင်မှာရှိတဲ့ရဲတွေ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်တွေက ကိုးကန့်တိုင်းရင်းသားတွေဖြစ်ကြပါတယ်။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်တာကြောင့် ဒီလို အရေးပါတဲ့အဖွဲ့အစည်းတွေကို သူတို့ရဲ့တိုင်းရင်းသားတွေနဲ့ ဖွဲ့စည်းထားကြတယ်။ တူညီဝတ်စုံ(ယူနီဖောင်း)တွေက မြန်မာနိုင်ငံအတွင်းမှာ ဝတ်ဆင်ကြတဲ့ပုံစံအတိုင်းဖြစ်ပြီး လက်မောင်းတံဆိပ်တွေသာကွာခြားသွားပါတယ်။ ဒါကြောင့် ဒါက ကိုးကန့်ရဲ၊ ကိုးကန့်ယာဉ်ထိန်းရဲဆိုပြီး အလွယ်တကူခွဲခြားနိုင်နေသလို ဒါက မြန်မာရဲ၊ မြန်မာယာဉ်ထိန်းရဲဆိုတာကိုလဲ သိသာထင်ရှားစွာ ခွဲခြားလို့ရနေတယ်။ ဒါပေမဲ့ ကိုးကန့်ရဲနဲ့ယာဉ်ထိန်းထပ်ဖွဲ့ဝင်တွေက မြန်မာစကားမပြောတတ်ကြပါဘူး။



လောက်ကိုင်မြို့တွင်းကို ကားမောင်းလာရင်းနဲ့ ကားတွေအများအပြား ရပ်ထားတဲ့နေရာလွတ်တစ်ခုမှာ ကားရပ်လိုက်ပြီး အနီးအနားက မြန်မာစကားတတ်တဲ့သူတစ်ယောက်ကိုလဲ ဒီနားမှာကားရပ်လို့ရလားဆိုပြီး သေချာအောင်မေးမြန်းလိုက်ရတယ်။ အဲဒီလူက ရပ်လို့ရပါတယ်ဆိုမှ ရဲရဲဝံ့ဝံ့ရပ်ထားလိုက်ရတယ်။ တကယ်လို့ ကားရပ်တဲ့နေရာမဟုတ်ရင် တရုတ်ယွမ်ငွေ ၅၀၀၀ ကို ဒဏ်ငွေအဖြစ် ပေးဆောင်ရမှာဖြစ်သလို မိမိတို့ခရီးဖော်တစ်ဖွဲ့လုံးမှာပါတဲ့ ငွေတွေကို စုပေါင်းလိုက်ရင်တောင် ယွမ်ငွေ ၅၀၀၀ မပြည့်တာကြောင့် သေချာအောင်မေးမြန်းရတာပါ။

ကားရပ်လိုက်တဲ့နေရာက မိုးမျှော်အဆောက်အအုံတွေ အများအပြားရှိပြီး ဓာတ်ပုံရိုက်ကြဖို့ကောင်းပါတယ်။ အဆောက်အအုံကြီးတစ်ခုစီတိုင်းမှာ စိတ်ကြိုက်ဓာတ်ပုံတွေရိုက်ကြပြီးမှ တစ်နေရာကနေ တစ်နေရာကို လမ်းလျှောက်လေ့လာကြည့်ရှုကြတယ်။ လမ်းလျှောက်သွားကြရင်း၊ ဓာတ်ပုံတွေရိုက်ကြရင်းနဲ့ ဈေးတစ်ခုကို ရောက်လာခဲ့ကြတယ်။ ဈေးက အလွန်ကြီးမားတဲ့ အဆောက်အအုံကြီးတစ်ခုအတွင်းမှာဖြစ်ပြီး ဝင်ပေါက်၊ ထွက်ပေါက်တိုင်းမှာ လုံခြုံရေးအစောင့်တွေရှိနေကြတယ်။ ဈေးထဲမှာ အဝတ်အထည်ပစ္စည်းတန်း၊ စာရေးကိရိယာပစ္စည်းတန်း၊ လျှပ်စစ်ပစ္စည်းတန်း၊ အိုးခွက်ပန်းကန်ပစ္စည်းတန်း၊ ဟင်းသီးဟင်းရွက်တန်း၊ သားငါးတန်း စသဖြင့် မျိုးစုံအောင်ရှိနေပေမဲ့ ဈေးဝယ်နေသူနှစ်ယောက် သုံးယောက်လောက်ကိုသာတွေ့မြင်နေရတယ်။ မိမိတို့အဖွဲ့ လေးယောက်ဝင်သွားတော့ ဈေးရောင်းနေကြသူတွေက "ဘာယူမလဲ၊ ဘာရှာသလဲ" သဘောမျိုးကို ကိုးကန့်ဘာသာစကားနဲ့မေးမြန်းကြတယ်။ မိမိတို့က ဘာမှလဲမယူ၊ ဘာမှလဲ မဝယ်ကြဘဲ လေ့လာကြည့်ရှုကြရင်း မှတ်တမ်းဓာတ်ပုံတွေကိုသာ ရိုက်ယူနေကြတာကြောင့် နောက်ထပ်ဘာမှမမေးကြတော့ပါဘူး။ ဒါ့ပြင် မိမိတို့ကိုလဲ လူထူးလူဆန်းတွေအဖြစ်နဲ့ ကြည့်ရှုကုန်ကြတယ်။

မိမိတို့ကလဲ လူထူးလူဆန်းတွေဖြစ်ရလောက်အောင် ကြက်သွန်ဖြူ၊ ကြက်သွန်နီတွေကိုင်ကြည့်ပြီး ဓာတ်ပုံရိုက်ကြ၊ အာလူးတွေကိုင်ပြီး ရယ်ရယ်မောမောနဲ့ ပြောဆိုဓာတ်ပုံရိုက်ကြနဲ့ ဈေးထဲကလူတွေရဲ့ စိတ်ဝင်စားခြင်းကို ခံကြရတယ်။ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူးတွေက မြန်မာနိုင်ငံအတွင်းမှာမရှိသေးတဲ့ ဧရာမအကြီးကြီးတွေပါ။ တရုတ်နိုင်ငံထွက် သီးနှံတွေဖြစ်ပြီး ဘယ်လိုအနံ့အရသာရှိမယ်ဆိုတာကိုတော့ မသိပါဘူး။ ဟင်းသီးဟင်းရွက်နဲ့ သားငါးဈေးတန်းမှာ စွန့်ပစ်အမှိုက်တွေ၊ ယင်ကောင်တွေမရှိဘဲ သန့်ရှင်းသပ်ရပ်နေတာကို တွေ့ရတယ်။ သားငါးရောင်းတဲ့ပုံစံကလဲ ခုတ်ထစ်ပြီးသားငါးတွေကို ပလတ်စတစ်အိတ်တွေနဲ့ အဆင်သင့်ထုပ်ပိုးထားပြီး အလေးချိန် ကီလိုဂရမ်အလိုက် သန့်သန့်ရှင်းရှင်း ရောင်းချနေတာကြောင့် ဈေးအတွင်းမှာ အနံ့အသက်ဆိုးတွေ၊ ယင်ကောင်တွေ မရှိကြတာပါ။ ဈေးတစ်ခုလုံး သပ်ရပ်သန့်ရှင်းနေပေမဲ့ လာရောက်ဝယ်ယူသူတွေမရှိတာကတော့ အံ့ဩစရာဖြစ်နေတယ်။

ဈေးအဆောက်အအုံထဲကနေ ထွက်လာခဲ့ကြပြီး ဈေးအရှေ့လမ်းတစ်ဖက်မှာရှိတဲ့ အဆင့်မြင့်အဆောက်အအုံကြီးတစ်ခုကိုတွေ့ရလို့ မှတ်တမ်းဓာတ်ပုံတွေရိုက်ကြဖို့ သွားရောက်ကြတဲ့အခါ "ကိုးကန့်ဒေသမူးယစ်ဆေးဝါးပပျောက်ရေးပြတိုက်"ဖြစ်ကြောင်း သိလိုက်ရတယ်။ မိမိတို့သွားရောက်ကြတဲ့ရက်က စနေ၊ တနင်္ဂနွေရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်ဖြစ်နေလို့ ပြတိုက်ကလဲ ပိတ်နေတာကြောင့် အထဲကို ဝင်ရောက်လေ့လာကြည့်ရှုခွင့် မရတော့ပါဘူး။ ဒါပေမဲ့ ပြတိုက်အရှေ့ကွင်းပြင်ကျယ်ကြီးမှာ အများအပြားစီတန်းနေတဲ့ လောင်းကစားဝိုင်းတွေကို လာရောက်ကစားနေသူတွေနဲ့အတူ စည်စည်ကားကားတွေ့မြင်နေရတယ်။

လောင်းကစားဝိုင်းတွေအားလုံးက ရောင်စုံရွက်ဖျင်တဲတွေ၊ စားပွဲတွေ၊ ကုလားထိုင်တွေနဲ့ပါ။ အမျိုးအစားတွေက ဖဲနဲ့ မြန်မာအခေါ် ဂလုံး ဂလုံးဆိုတဲ့ ကြက်၊ ငါး၊ ကျား၊ ပုစွန် စတဲ့အကောင်တွေကို လေးကောင်၊ ခြောက်ကောင်၊ ရှစ်ကောင်အကွက်တွေထဲကျအောင် အန်စာတုံးပုံသဏ္ဍာန်တုံးကြီးတစ်တုံးကို ကြိုးနဲ့ဆွဲချရတဲ့ ကစားနည်းဖြစ်ပါတယ်။ အပေါ်ကနေဆွဲချလို့ကျလာတဲ့ အန်စာတုံးကြီးက မိမိတို့ထိုးထားတဲ့ အကောင်တွေရဲ့ အကွက်ထဲရောက်ရင် အလျော်ရကြမှာပါ။ ဖဲနဲ့ ဂလုံးဂလုံးလောင်းကစားဝိုင်းတိုင်းမှာ ဒိုင်တွေရှိနေကြပြီး ဒိုင်တွေအားလုံးကလဲ တရုတ်၊ ကိုးကန့်၊ မြန်မာအမျိုးသမီးငယ် ချောချောတွေဖြစ်နေကြသလို လုပ်ငန်းအတွေ့အကြုံရင့် ကျွမ်းကျွမ်းကျင်ကျင်ဖြစ်နေကြကြောင်း မြင်တွေ့နေရတယ်။ အတွေ့အကြုံရင့်ကျက်နေတဲ့ ဒိုင်တွေရဲ့ကျွမ်းကျင်မှုကြောင့် ကစားပွဲတစ်ပွဲတစ်ပွဲက ဘာမှမကြာလိုက်ပါဘူး။ အလျော်အစားလုပ်နေကြရတဲ့ မြန်မာကျပ်ငွေတွေ၊ တရုတ်ယွမ်တွေကလဲ ဝိုင်းတွေထဲမှာ ပလူတွေပျံနေသလိုဖြစ်နေတော့တယ်။

လောင်းကစားဝိုင်းတွေမှာ လာရောက်ကစားနေကြသူတွေက ယောကျ်ား၊ မိန်းမ၊ လူမျိုးစုံ၊ အရွယ်စုံတွေ မြင်တွေ့နေရပေမဲ့ အားလုံးထဲမှာ အမျိုးသမီးငယ်တွေ ပိုမိုများပြားနေတယ်။ လက်ထဲမှာကိုင်ထားကြတဲ့ငွေတွေကလဲ အထပ်လိုက်ပါ။ စက္ကန့်ပိုင်း၊ မိနစ်ပိုင်းအတောအတွင်းမှာ သိန်းဆယ်ဂဏန်းနဲ့ချီပြီး ရှုံးနေကြသူတွေကိုလဲ မြင်တွေ့နေရတယ်။ လောင်းကစားဝိုင်းတွေမှာ အဓိကအသုံးပြုတာက တရုတ်ယွမ်ငွေဖြစ်နေတာကြောင့် တစ်လှည့်တစ်ပွဲကို တစ်ရာတန်ယွမ် ၁၀ ရွက်လောက် ချကစားနေသူတစ်ဦးက နှစ်ပွဲ၊ သုံးပွဲလောက်ရှုံးနေပြီဆိုရင် မြန်မာကျပ်ငွေနဲ့ သိန်းဆယ်ချီနေပါပြီ။ ဒါပေမဲ့ သူတို့ကတော့ ဣန္ဒြေမပျက်ခပ်ပြုံးပြုံး၊ ခပ်အေးအေးနဲ့ပါ။

ဖဲဝိုင်းနဲ့ ဂလုံးဂလုံးလောင်းကစားဝိုင်းတွေမှာ မိမိတို့ခရီးဖော်တွေက ဝင်ရောက်ကစားခြင်းမရှိကြဘဲ လေ့လာကြည့်ရှုကြရင်း၊ ဓာတ်ပုံရိုက်တာတွေ၊ တစ်ခါတစ်ရံ ဗီဒီယိုရိုက်ယူနေတာတွေကို လုပ်ဆောင်နေကြပေမဲ့ ဒိုင်တွေကရော၊ ကစားနေသူတွေကပါ ဘာမှမပြောမဆိုကြဘဲ ဂရုမစိုက်သလိုမြင်တွေ့နေရတာက ထူးခြားနေပါတယ်။ ကိုယ့်မြို့၊ ကိုယ့်ရွာထဲမှာ ဒီလိုသွားလုပ်ရင်တောင် အရိုက်ခံရနိုင်ပါတယ်။ သူတို့ကတော့ ဘာမှမဖြစ်သလို အေးအေးဆေးဆေးပါ။ ကိုးကန့်ဒေသ မူးယစ်ဆေးဝါးပပျောက်ရေးပြတိုက်ရှေ့မှာရှိတဲ့ လောင်းကစားဝိုင်းတွေကိုလေ့လာပြီးရင် နောက်ထပ်တွေ့မြင်ကျန်ရှိနေတဲ့စိတ်ဝင်စားဖွယ် နေရာတွေကို ဆက်လက်လေ့လာကြည့်ရှုလိုက်ပါအုံးမယ်။

**သက်နိုင်(ပြင်ဦးလွင်)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဖေဖော်ဝါရီလကုန်ထိ ပြည်ပသို့ သတ္တုနှင့် တွင်းထွက်ပစ္စည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၂၃၇ ဒသမ ၄၇ သန်း ရရှိထား



**နေပြည်တော် မတ် ၉**

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဖေဖော်ဝါရီလကုန်ထိ ပြည်ပသို့ သတ္တုနှင့် တွင်းထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၃၇ ဒသမ ၄၇ သန်းရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးနန္ဒထံမှ သိရသည်။

မြန်မာနိုင်ငံမှ သတ္တုနှင့် တွင်းထွက်ပစ္စည်းများကို ပြည်ပသို့ တင်ပို့ရာတွင် နိုင်ငံတော်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့က တင်ပို့နေပြီး ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဖေဖော်ဝါရီလကုန်ထိ နိုင်ငံတော်ကဏ္ဍက အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၄၃ သန်း၊ ပုဂ္ဂလိကကဏ္ဍက အမေရိကန်ဒေါ်လာ ၂၁၂ ဒသမ ဝ၄ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၃၇ ဒသမ ၄၇ သန်း ရရှိထားကြောင်း သိရသည်။

"ပြည်ပကို သတ္တုတင်ပို့ရာမှာ တရုတ်နိုင်ငံကို အဓိကတင်ပို့နေပါတယ်။ တင်ပို့နေတဲ့သတ္တုအမည်တွေကတော့ ခဲမဖြူ၊ အဖြိုက်နက်၊ ခနောက်စိမ်း၊ ကြေးနီ၊ ကြေးဝါတို့ဖြစ်ပါတယ်။ သတ္တုတင်ပို့ရာမှာ အများဆုံးတင်ပို့နေတဲ့ ခဲမဖြူနဲ့ အဖြိုက်နက်တွေကိုတော့ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတွေက အများဆုံးထုတ်လုပ်နေပြီး မန္တလေးတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးမှာလဲ ထုတ်လုပ်နေပါတယ်"ဟု ဦးနန္ဒက ပြောပြသည်။

ပြည်ပနိုင်ငံများသို့ မြန်မာနိုင်ငံမှ သတ္တုနှင့် တွင်းထွက်ပစ္စည်းများ တင်ပို့ရာတွင် ရွှေ၊ ကျောက်စိမ်း၊ ကျောက်မျက်ရတနာ၊ ပုလဲ၊ စိန်၊ ခဲ၊ ခဲမဖြူ၊ အဖြိုက်နက်၊ ငွေ၊ ကြေးနီ၊ သွပ်၊ ကျောက်မီးသွေးနှင့်အခြား တွင်းထွက်ပစ္စည်းအမျိုးမျိုးကိုတင်ပို့နေကြောင်း သိရသည်။ ASH

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့

# ချောက်မြို့နယ် နရွဲတောကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ချောက် မတ် ၉**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နရွဲတောကျေးရွာအုပ်စု နရွဲတောကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို မတ် ၈ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်နှင့် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက နရွဲတောကျေးရွာ၌ အကျယ် လေးလက်မ၊ အနက်ပေ ၉၀၀ စက်ရေတွင်းတူးဖော်ခြင်း၊ 15KW ဆိုလာစနစ်တပ်ဆင်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းနှင့် အကျယ် သုံးလက်မ၊ အရှည်ပေ ၅၃၀၀ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာရေကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ လုပ်ငန်းများ အချိန်မီ ပြီးစီးရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ချောက်မြို့နယ် နရွဲတောကျေးရွာ၌ အကျယ် လေးလက်မ၊ အနက်ပေ ၉၀၀ စက်ရေတွင်းတူးဖော်ခြင်း၊ 15KW ဆိုလာစနစ်တပ်ဆင်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့အုတ်ရေကန်တည်ဆောက်ခြင်းနှင့် အကျယ် သုံးလက်မ၊ အရှည်ပေ ၅၃၀၀ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို နိုင်ငံတော်ပံ့ပိုးရန်ပုံငွေကျပ် ၇၄ ဒသမ ၁၁ သန်း၊ ပြည်သူလူထုထည့်ဝင်ငွေကျပ် နှစ်သန်းဖြင့် တင်ဒါအောင်မြင်သည့် စွမ်းထက်ပြည့်ကုမ္ပဏီကတာဝန်ယူ၍ ဇန်နဝါရီလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်ထံမှ သိရသည်။

**နွဲ့ယဉ်**

# ၂၀၂၃ ခုနှစ်၊ (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုစာမူပြိုင်ပွဲတွင် ဆုရရှိသူများအမည်စာရင်း

**စစ်ချီသီချင်း**

၁။ **ရဲဝံ့ဇာနည် အောင်စစ်သည်** — ပထမဆု
အောင်ဇော်ဦး(ရဲတီးဝိုင်း)

၂။ **ဒီမိုကရေစီ နိုင်ငံသစ်ဆီ** — ဒုတိယဆု
ဒုတိယတပ်ကြပ်လှိုင်ဝင်းထွန်း

၃။ **အောင်လံရွှေ့သို့ချီ** — တတိယဆု
ဖုန်းမြင့်(MMC)

၄။ **နိုင်ငံ့တပ်မတော်ရွှေ့သို့ချီ** — စတုတ္ထဆု
ဇော်မျိုးထွန်း

၅။ **တပ်မတော်သားတို့တာဝန်** — ပဉ္စမဆု
မြင့်မိုးရှိန်ဦး(သဇင်)

**စစ်သည်တေးသီချင်း**

၁။ **ရွှေ့သို့ချီမည် ပန်းတိုင်ဆီ** — ပထမဆု
ဇာမဏီ

၂။ **တို့ရဲ့မြန်မာ့တပ်မတော်** — ဒုတိယဆု
ကျော်ဆွေအောင်

၃။ **တပ်မတော်နှင့်ပြည်သူ** — တတိယဆု
မြင့်မိုးရှိန်ဦး(သဇင်)

၄။ **ဒို့များဂုဏ်ရည် သမိုင်းတွင်မည်** — စတုတ္ထဆု
မြင့်မြတ်ဦး(မြဝတီ)

၅။ **အလွမ်းရက်နွေ အပြုံးပန်းဝေ** — ပဉ္စမဆု
ရှိန်မြင့်ထက်(ဝါးကြီးအိုင်)

**ကဗျာ(ဝါသနာရှင်)**

၁။ **သားကောင်းသွေးသစ် ထုဆစ်ပုံနှိုင်း သမိုင်းလက်ဆင့်ကမ်း ပြည်ချစ်ပန်း** — ပထမဆု
သက်ဝေ

၂။ **သမိုင်းထင်ပေါ် တပ်မတော်** — ဒုတိယဆု
လုလင်(မှော်ဝန်းမြေ)

၃။ **ဖိုးမောင်တမ်းချင်း** — တတိယဆု
အန်ကယ်ပညာ

၄။ **နေသို့ထွန်းသည့်မော်ကွန်းလွှာ** — စတုတ္ထဆု
ရှိန်မြင့်ထက်(ဝါးကြီးအိုင်)

၅။ **ပန်းမွှေးသုံးထွေ ကြည်း၊ ရေ၊ လေ** — ပဉ္စမဆု
သဥ္ဇာညိုသင်း(လားရှိုး)

၆။ **နိုင်ငံ့အုတ်မြစ် မဏ္ဍိုင်အစစ် မျိုးချစ်ပြည်သူ့တပ်မတော်** — အထူးဆု(၁)
ကျော့ဝင်း(မိုးညှင်း)

၇။ **မရှိုင်းတဲ့သမိုင်း** — အထူးဆု(၂)
ရဲမွန်ကျော်

၈။ **သူရဲကောင်းများအစဉ်ထွန်းကားရာ သားကောင်းတို့ပျော် တပ်မတော်** — အထူးဆု(၃)
သောင်းဌေး(တောင်တွင်း)

**ကဗျာ(အလွတ်တန်း)**

၁။ **သူရဲကောင်းသစ္စာ** — ပထမဆု
ပုလောစိုးနံ့သာ

၂။ **တပ်မတော်ဟူသည်** — ဒုတိယဆု
မြတ်ထွဏ်းနောင်

၃။ **ကောင်းမြတ်စွမ်းရည် သန္နေတည်သည့် မြန်ပြည်မျက်ရှုပြည်သူ့တပ်မတော်** — တတိယဆု
ညောင်ရွှေခင်မောင်မြ

၄။ **မင်္ဂလာအဆင့်ဆင့်မြင့်မြတ်သောတပ်မတော်** — စတုတ္ထဆု
အမောင်

၅။ **မြင့်မြတ်ရွှေပြည်အောင်လံတည်၍ အောင်စည်အောင်နိမိတ် အောင်ရိပ်ထွန်းပေါ် အောင်တပ်မတော်** — ပဉ္စမဆု
ဘုန်းမောင်ဝင်း(ဖျာပုံ)

**ဝတ္ထုတို**

၁။ **သစ္စာစစ်သွေး လွှယ်လင်လေးမော်ကွန်း** — ပထမဆု
တက္ကသိုလ်မြမဥ္ဇူ

၂။ **မြင့်မြတ်သောဂုဏ်ဒြပ်တို့ လွှမ်းပတ်ဖွဲ့တည်ရာ** — ဒုတိယဆု
နေဇင်(ပေါက်ခေါင်း)

၃။ **ပီတိလွှမ်းတဲ့နှလုံးသား** — တတိယဆု
နိုင်ဆွေ(ခရမ်း)

၄။ **ဂုဏ်ယူနေပါ ဖေဖေ** — စတုတ္ထဆု
ပင်မြင့်စံ(ရွှေဘို)

၅။ **ရေထက်ပို၍ချိုပါသည်** — ပဉ္စမဆု
မျိုးမြင့်ရန်နောင်

၆။ **ရဲရေးရောက်သော်** — အထူးဆု(၁)
ယိမ်းနွဲ့လှိုင်

၇။ **မြူတိမ်ကင်းလို့ ဝင်းပစေ** — အထူးဆု(၂)
အမောင်

၈။ **သားကောင်းရင်ခွင်** — အထူးဆု(၃)
မသန်းလွင်(ဟဲဟိုး)

**ဝတ္ထုရှည်**

၁။ **ငါတို့သည် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ သစ္စာကို စောင့်သိရိုသေပါမည်** — ပထမဆု
ရဲဘော်ထွန်းထွန်း(တနိုင်း)

၂။ **နေတစ်စင်း လတစ်စင်းရဲ့ကောင်းကင်** — ဒုတိယဆု
နွေကုံကော်(မြို့လှ)

၃။ **နှလုံးသားကမ္ပည်းထက်က အနုညာတတို့၏ ပါဒလေးများ** — တတိယဆု
မောင်မောင်လွင်(ရွှေဘိုသား)

၄။ **တောပျော်ငှက်တို့ အိမ်အပြန်** — စတုတ္ထဆု
မောင်လူစိမ်း(ကျုံပျော်)

၅။ **နှစ်နှစ်ကာကာ ချစ်ခဲ့ရပါသည်** — ပဉ္စမဆု
သန်းဝင်းထွန်း(ဆွာ)

**ဆုပေးပွဲအခမ်းအနားကျင်းပမည့်အစီအစဉ်**

-ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေ့ရက် ၂၇-၃-၂၀၂၃ ရက် (တနင်္လာနေ့)။

**မှတ်ချက်။** ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေရာနှင့်အချိန်တို့ကို ထပ်မံအသိပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၃၆-၃၀၅၁၆၊ ၀၃၆-၃၀၅၁၈ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ချောင်းဆုံမြို့နယ် ဒရယ်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး



**ချောင်းဆုံ မတ် ၉**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဒရယ်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဦးကျော်ဇောအောင်၊ ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမော်၊ ဇေယျာကျော်ကုမ္ပဏီမှ တာဝန်ရှိသူများက CBR တိုင်းတာရေးတာဝန်ခံအင်ဂျင်နီယာများနှင့်အတူ ဒရယ်ကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ လမ်းအရည်အသွေးကောင်းမွန်မှုရှိ၊ မရှိကို မြေသားသိပ်သည်းမှုခံနိုင်အား(CBR) တိုင်းတာရေးကိရိယာဖြင့်စစ်ဆေးပြီး မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ)က လမ်းရေရှည်တည်တံ့ရေးထိန်းသိမ်းကြရန် မှာကြားသည်။

အဆိုပါ ဒရယ်ကျေးရွာ ကုန်ထုတ်လမ်း အရှည်ပေ ၈၅၀၀၊ အကျယ် ၁၈ ပေ၊ အမြင့် သုံးပေ ကိုးလက်မ ခင်းခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၂၁၂ ဒသမ ၉၅၇ သန်းဖြင့် ဇေယျာကျော်ကုမ္ပဏီက ၂၀၂၂ ခုနှစ် စက်တင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်မှုကြောင့် ကျေးရွာရှိအိမ်ခြေ ၄၆၇ အိမ်၊ လူဦးရေ ၃၁၁၀ တို့၏ စိုက်ပျိုးမြေဧက ၂၅၀၀ကျော်မှ ထုတ်ကုန်၊ ထွက်ကုန်များကို ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ အချိန်မီသယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**အေးမြတ်**

## လွိုင်လင်မြို့နယ် ဟိုနမ့်(နောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လွိုင်လင် မတ် ၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်နောက်ကျေးရွာအုပ်စု ဟိုနမ့်(နောက်)ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်အိသီရိနွယ်က ဟိုနမ့်(ရှေ့)ကျေးရွာ၊ ဟိုနမ့်(နောက်)ကျေးရွာနှင့် နမ့်ဟူးကျေးရွာတို့ရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ(နည်းပညာ) ဒေါ်အိသီရိနွယ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၂၄ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဟိုနမ့်(ရှေ့)ကျေးရွာ၊ ဟိုနမ့်(နောက်)ကျေးရွာနှင့် နမ့်ဟူးကျေးရွာတို့ရှိ စိုက်ပျိုးရေး၊မွေးမြူရေး၊ အရောင်းဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၃ ဦးကို သတ္တမအကြိမ်အဖြစ် စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၂၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်နိုင်**

# စနေနေ့ညမှာကစားမဲ့ ပွဲစဉ်တွေထဲက ကစားသမားစုဖွဲ့မှုနဲ့ တိုက်စစ်ထက်မြက်နေတဲ့ ချဲလ်ဆီး၊ လိုက်ပ်ဇစ်၊ နာပိုလီအသင်းတို့ကို အားပေးရမှာပါ

M L




လက်ရှိဥရောပအမှတ်ပေးပြိုင်ပွဲတွေဟာ ပွဲစဉ်(၂၅)ကျော်လာတာကြောင့် တန်းဆင်းဇုန်ထဲရှန်းနေရတဲ့ အသင်းငယ်တွေအတွက် ရမှတ်မဆုံးရှုံးဖို့ ကြိုးစားလာတာဖြစ်ပါတယ်။ ဒါကြောင့် အသင်းငယ်တွေဟာလဲ အသင်းကြီးတွေကို ပြန်လည်အနိုင်ယူနေသလို အသင်းကြီးတွေကလဲ ဥရောပပြိုင်ပွဲတွေနဲ့ ပွဲဆက်တွေများနေတာကြောင့် မထင်မှတ်တဲ့ရလဒ်တွေ ထွက်ပေါ်နေတာကိုသတိပြုရမှာပါ။ အခုကာလဟာ ဒဏ်ရာရပွဲပယ်ကစားသမားများတဲ့ ကာလဖြစ်တာကြောင့် ကစားသမားစုဖွဲ့မှုအားကောင်းတဲ့အသင်းတွေဟာ ရလဒ်တွေကောင်းနေတာကိုတွေ့ရမှာပါ။ ဒါကြောင့် စနေနေ့ညမှာ ကစားမဲ့ပွဲစဉ်တွေမှာလဲ အရန်ကစားသမားအင်အားကောင်းမွန်ပြီး တိုက်စစ်ပိုင်းထက်မြက်နေတဲ့ အသင်းတွေကိုပဲ အားပေးရမှာဖြစ်ပါတယ်။

### ချဲလ်ဆီးအသင်းကို ရွေးချယ်ရမှာပါ

စနေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ လက်စတာနဲ့ ချဲလ်ဆီးအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ လက်စတာအသင်းဟာ အခုရာသီမှာ ကစားသမားဖြည့်တင်းမှု သိပ်မလုပ်ခဲ့သလို ခံစစ်ပိုင်းက ကစားသမားအများစု ဒဏ်ရာပြဿနာကြုံခဲ့ရလို့ ခြေစွမ်းပိုင်းကျဆင်းသွားခဲ့တာကိုတွေ့ရမှာပါ။ ဒ့ါပြင် သူတို့အသင်းတိုက်စစ်ကို အဓိကမောင်းနှင်နေတဲ့ မက်ဒီဆင်လဲ ကြံ့ခိုင်မှုမပြည့်ဝတဲ့ ပွဲတိုင်းပါဝင်နိုင်ခြင်းမရှိတာကြောင့် တိုက်စစ်ပိုင်းဂိုးရဖို့ ရှန်းကန်နေရပါတယ်။ လက်စတာဟာ ဖေဖော်ဝါရီ ၁၁ ရက်က ကစားခဲ့တဲ့ စပါးအသင်းနဲ့ အိမ်ကွင်းပွဲစဉ်ကို လေးဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့ပြီးနောက်ပိုင်း ပြိုင်ပွဲစုံလေးပွဲဆက်နိုင်ပွဲမရခဲ့သလို ခံစစ်ပိုင်းက ပွဲတိုင်းပေးဂိုးရှိခဲ့တာဖြစ်ပါတယ်။ အဓိကကတော့ ဗဟိုခံစစ်ပိုင်းက စကောက်တာနဲ့ ဖေးယက်စ်တို့ဟာ အမှားများနေသလို တောင်ပံခံစစ်ကစားသမားတွေကလဲ တိုက်စစ်လိုက်ပါလွန်းတဲ့ ကစားပုံကြောင့် ပေးဂိုးတွေများနေတယ်လို့ ဆိုရမှာပါ။ လက်ရှိ အမှတ်ပေးပွဲ ၂၅ ပွဲအပြီးမှာတော့ ခုနစ်ပွဲနိုင်၊ သုံးပွဲသရေ၊ ၁၅ ပွဲရှုံးရလဒ်နဲ့ ၂၄ မှတ်ပဲရခဲ့တာကြောင့် အဆင့်(၁၅)နေရာမှာ ရောက်ရှိခဲ့ပြီး တန်းဆင်းဇုန်နဲ့ ရမှတ်နှစ်မှတ်ပဲကွာဟနေတာကို တွေ့ရမှာပါ။ ဒ့ါပြင် ချဲလ်ဆီးအသင်းနဲ့ နောက်ဆုံးတွေ့ဆုံမှု လေးကြိမ်မှာလဲ တစ်ကြိမ်မှနိုင်ပွဲမရခဲ့ပါဘူး။

ချဲလ်ဆီးအသင်းဟာ ၂၀၂၃ ခုနှစ်အတွင်း နိုင်ပွဲသုံးပွဲပဲရခဲ့ပေမဲ့ ဖိုဖန်နာ၊ ရီစီဂျိမ်းနဲ့ ဘန်ချီဝဲလ်တို့ ပြန်လည်ပါဝင်လာပြီးနောက်ပိုင်းမှာတော့ ခြေစွမ်းပိုင်းတိုးတက်လာတာကိုတွေ့ရမှာပါ။ ဒါကြောင့် ခံစစ်ပိုင်းတည်ငြိမ်လာတဲ့ ချဲလ်ဆီးဟာ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ လိဒ်အသင်းကို တစ်ဂိုးဂိုးမရှိ၊ ဒေါ့မွန်အသင်းကို နှစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရခဲ့ပါတယ်။ နည်းပြဂရာဟမ်ပေါ်တာကလဲ ဘန်ချီဝဲလ်၊ ရီစီဂျိမ်းတို့ပါဝင်လာပြီးနောက်ပိုင်း ၃-၄-၃ ကစားကွက်ကို ပြောင်းလဲအသုံးပြုခဲ့ပြီး ရီစီဂျိမ်းနဲ့ ဘန်ချီဝဲလ်တို့ကို ခံစစ်၊တိုက်စစ်လိုက်ပါကစားခိုင်းတာကြောင့် ကစားကွက်ပိုင်းကို လိုသလိုပုံဖော်နိုင်ခဲ့တာကို သတိပြုရမှာပါ။ ဒါကြောင့် ဘွန်ဒက်လီဂါမှာ နောက်ဆုံး ၁၀ ပွဲဆက်ရှုံးပွဲမရှိသေးတဲ့ ဒေါ့မွန်ကို ဂိုးပြတ်အနိုင်ကစားခဲ့ပြီး ချန်ပီယံလိဂ်ကွာတားအဆင့်ကို တက်ရောက်နိုင်ခဲ့တာလဲဖြစ်ပါတယ်။ ဒ့ါပြင် ချဲလ်ဆီးအသင်းဟာ နောက်ဆုံးနှစ်ပွဲဆက်နိုင်ပွဲပြန်ရခဲ့ပြီး ယုံကြည်မှု ပိုရှိလာတာကြောင့် လက်စတာလို ကစားကွက်ပိုင်း အားနည်းချက်ရှိနေတဲ့အသင်းကို နိုင်ပွဲရှာဖို့မခက်နိုင်ပါဘူး။ လက်ရှိမှာတော့ ၂၅ ပွဲအပြီး ရမှတ် ၃၄ မှတ်နဲ့ အဆင့်(၉)ရောက်နေတာကြောင့် ဥရောပဝင်ခွင့်ရဖို့ဆိုရင် အခုလိုပွဲစဉ်တွေကို နိုင်ပွဲရှာဖွေရမှာပါ။ ဒါကြောင့် တွေ့ဆုံမှုအစဉ်အလာနဲ့ ကစားသမားစုဖွဲ့မှုသာလွန်နေတဲ့ ချဲလ်ဆီးအသင်း အဝေးကွင်းဖြစ်ပေမဲ့လဲ ဂျာအိုဖီးလစ်၊ စတားလင်း၊ ကိုင်ဟာဗက်တို့လို လျင်မြန်မှုအားကောင်းတဲ့ တိုက်စစ်ကို လက်စတာအသင်း ခံစစ်ပိုင်းထိန်းချုပ်ဖို့မဖြစ်နိုင်လို့ ချဲလ်ဆီးကိုပဲရွေးချယ်ရမှာပါ။

**လက်စတာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လက်စတာ | ၄ | - | ၁ | စပါး |
| မန်ယူ | ၃ | - | ၀ | လက်စတာ |
| လက်စတာ | ၀ | - | ၁ | အာဆင်နယ် |
| လက်စတာ | ၁ | - | ၂ | ဘလက်ဘန်း |
| ဆောက်သမ်တန် | ၁ | - | ၀ | လက်စတာ |

**ချဲလ်ဆီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဒေါ့မွန် | ၁ | - | ၀ | ချဲလ်ဆီး |
| ချဲလ်ဆီး | ၀ | - | ၁ | ဆောက်သမ်တန် |
| စပါး | ၂ | - | ၀ | ချဲလ်ဆီး |
| ချဲလ်ဆီး | ၁ | - | ၀ | လိဒ် |
| ချဲလ်ဆီး | ၂ | - | ၀ | ဒေါ့မွန် |

### လိုက်ပ်ဇစ်အသင်းနဲ့လက်တွဲရမှာပါ

စနေနေ့ညမှာကစားမဲ့ ဘွန်ဒက်လီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ လိုက်ပ်ဇစ်နဲ့ ဂလာဘတ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ လိုက်ပ်ဇစ်အသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ ဒေါ့မွန်နဲ့ ပွဲကျပ်ကစားခဲ့ရပြီး နှစ်ဂိုးတစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာကြောင့် အခုအိမ်ကွင်းပွဲစဉ်ဟာ ဥရောပဝင်ခွင့်သေချာဖို့ နိုင်ပွဲရှာဖွေရမှာပါ။ လက်ရှိနည်းပြ မားကိုစ်ရို့စ်ကတော့ တိုက်စစ်ပိုင်းမှာ အန်ကူကူ၊ အန်ဒရီဆေးဗားတို့ ကြံ့ခိုင်မှုမပြည့်ဝသေးတာကြောင့် ဖောစဘက်စ်၊ ပေါ်လူဆင်၊ တီမိုဝါနာတို့ကိုပဲ အားထားနေရပြီး ရလဒ်ကောင်းအောင် ကြိုးစားနေတာကိုတွေ့ရမှာပါ။ အထူးသဖြင့် ခံစစ်ပိုင်းက ဂါဗာဒီယို၊ အော်ဘန်တို့လို ခြေစွမ်းပြကစားသမားတွေကို ပိုင်ဆိုင်ထားတာကြောင့် အမှတ်ပေးပြိုင်ပွဲအိမ်ကွင်းပွဲစဉ် ၁၁ ပွဲမှာ ၁၀ ဂိုးပဲခွင့်ပြုခဲ့ရတာကိုတွေ့ရမှာပါ။ အခုပွဲစဉ်မှာတော့ ဂိုးသွင်းအများဆုံးကစားသမားဖြစ်တဲ့ အန်ကူကူပါဝင်နိုင်ဖို့ မသေချာပေမဲ့ သူ့နေရာကိုဖြည့်ဆည်းနိုင်တဲ့ တိုက်စစ်မှူးတွေရှိနေတာကြောင့် တိုက်စစ်ပိုင်းကျဆင်းသွားမှာ မဟုတ်သလို အဝေးကွင်းပေးဂိုးများနေတဲ့ ဂလာဘတ်ခံစစ်ပိုင်းကိုတော့ ဖြတ်ကျော်နိုင်မှာ သေချာပါတယ်။

နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာတစ်ပွဲနိုင်၊ နှစ်ပွဲရှုံး၊ နှစ်ပွဲသရေရလဒ်ထွက်ပေါ်ထားတဲ့ ဂလာဘတ်အသင်းဟာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘဲ ခံစစ်ပိုင်းကလဲ ပေးဂိုးများနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ဇန်နဝါရီလအပြောင်းအရွှေ့မှာလဲ အသင်းရဲ့ လက်စွမ်းပြဂိုးသမားဆွန်မာကို ဘိုင်ယန်မြူးနစ်ကိုရောင်းချခဲ့ပြီး မောင့်ပယ်လီဂိုးသမား အိုမလင်းနဲ့ အစားထိုးခဲ့ရာမှာ လက်ရှိအချိန်ထိ Clean Sheet နှစ်ကြိမ်ပဲရခဲ့တာဖြစ်ပါတယ်။ တိုက်စစ်အားသန်တဲ့ ဂလာဘတ်အသင်းဟာ နည်းပြဖာကီလက်ထက်မှာလဲ တိုက်စစ်အသားပေးကစားနေတာကြောင့် တန်ပြန်တိုက်စစ်ကောင်းတဲ့ အသင်းတွေနဲ့ဆို ထိန်းချုပ်နိုင်ခြင်းမရှိဘဲ ရလဒ်ပိုင်းဆိုးရွားခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ တိုက်စစ်မှူးသူရမ် ခြေစွမ်းကျဆင်းနေတာကြောင့် သူ့အပေါ်မှီခိုနေရတဲ့အသင်းအတွက် ရလဒ်ကောင်းဖို့ ရှန်းကန်နေရတာဖြစ်ပါတယ်။ အခုပွဲစဉ်မှာလဲ ခံစစ်ကရမ်မီ အနီကတ်ပြစ်ဒဏ်ကြောင့် ပါဝင်နိုင်မှာမဟုတ်သလို ဂိုးသမားနှစ်ယောက်စလုံး ဒဏ်ရာရနေတာကြောင့်လဲ ခံစစ်ပိုင်းအားနည်းချက်ရှိနေမှာဖြစ်ပြီး ဟန့်တားနိုင်မှာမဟုတ်လို့ အိမ်ရှင်လိုက်ပ်ဇစ်နဲ့ပဲလက်တွဲရမှာပါ။

**လိုက်ပ်ဇစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လိုက်ပ်ဇစ် | ၁ | - | ၂ | ယူနီယံဘာလင် |
| ဝုဖ်ဘတ် | ၀ | - | ၃ | လိုက်ပ်ဇစ် |
| လိုက်ပ်ဇစ် | ၁ | - | ၁ | မန်စီးတီး |
| လိုက်ပ်ဇစ် | ၂ | - | ၁ | ဖရန့်ဖတ် |
| ဒေါ့မွန် | ၂ | - | ၁ | လိုက်ပ်ဇစ် |

**ဂလာဘတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂလာဘတ် | ၀ | - | ၀ | ရှော်လ်ကေး |
| ဟာသာဘာလင် | ၄ | - | ၁ | ဂလာဘတ် |
| ဂလာဘတ် | ၃ | - | ၂ | ဘိုင်ယန်မြူးနစ် |
| မိန့်ဇ် | ၄ | - | ၀ | ဂလာဘတ် |
| ဂလာဘတ် | ၀ | - | ၀ | ဖရိုင်းဘတ် |

### နာပိုလီအသင်းကို အားပေးရမှာပါ

စနေနေ့ညမှာကစားမဲ့ စီးရီးအေပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ နာပိုလီနဲ့ အတ္တလန်တာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အမှတ်ပေးဇယားကိုဦးဆောင်နေတဲ့ နာပိုလီဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ လာဇီယိုကို မထင်မှတ်ဘဲ ရှုံးခဲ့တာကြောင့် ရမှတ်လျော့နည်းခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အမှတ်ပေးပြိုင်ပွဲ ၂၅ ပွဲအပြီးမှာ ၂၁ ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်နဲ့ ရမှတ် ၆၅ မှတ်ထိရရှိခဲ့တာကြောင့် ဒုတိယနေရာက အင်တာမီလန်ကို ၁၅ မှတ်ထိ ဖြတ်တောက်နိုင်ခဲ့ပြီး ဆုဖလားရဖို့ သေချာသလောက်ရှိနေတာဖြစ်ပါတယ်။ ဒါပေမဲ့ ရာသီပိတ်သိမ်းဖို့ ၁၃ ပွဲ ကျန်ရှိသေးတာကြောင့် လာမဲ့ပွဲစဉ်တွေကို အမှားလုပ်လို့ မရသလို အသင်းကြီးတွေနဲ့ဆို ရလဒ်ကောင်းဖို့ ကြိုးစားရမှာဖြစ်ပါတယ်။ နာပိုလီအသင်းဟာ နည်းပြစပယ်လက်တီလက်ထက်မှာ အသင်းလိုက်ကစားအားကောင်းလာသလို အသစ်ခေါ်ယူထားတဲ့ ကစားသမားအားလုံးကလဲ ခြေစွမ်းပြသနိုင်ခဲ့တာကြောင့် ဥရောပအကောင်းဆုံးအသင်းကြီးတွေထဲမှာပါဝင်ခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိသူတို့အသင်းတိုက်စစ်ကိုတော့ အိုစီမန်က ဦးဆောင်နေပြီး သွင်းဂိုး ၁၉ ဂိုးနဲ့ စီးရီးအေရဲ့ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နေတာကိုတွေ့ရမှာပါ။

အတ္တလန်တာအသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ ဂိုးသွင်းနှုန်းကျဆင်းခဲ့တာကြောင့် ရလဒ်ဆိုးရွားခဲ့ပြီး ငါးပွဲမှာတစ်ပွဲပဲ အနိုင်ရခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ဇန်နဝါရီလအတွင်းမှာ ဂျူဗင်၊ အင်တာမီလန်တို့နဲ့ ပွဲကျပ်တွေ ကစားပြီးနောက်ပိုင်း ခြေစွမ်းပိုင်းကျဆင်းသွားတာကိုတွေ့ရမှာပါ။ လက်ရှိသူတို့အသင်းနည်းပြကတော့ နောက်တန်းသုံးယောက်ထားပြီး ကစားကွက်ပိုင်းအမျိုးမျိုးပြောင်းလဲနေပေမဲ့ တိုက်စစ်အားကောင်းတဲ့ အသင်းတွေကို အမြဲတမ်းဂိုးပေးနေရတာကိုတွေ့ရမှာပါ။ အခုပွဲစဉ်မှာတော့ တိုက်စစ်မှူး ဇာပါတာ၊ ခံစစ်ကပါလိုမီနို၊ ဟိတ်ဘိုရီတို့ ပါဝင်နိုင်မှာ မဟုတ်လို့ ကစားအားကျဆင်းသွားနိုင်တာကြောင့် စီးရီးအေရဲ့ အကောင်းဆုံးတိုက်စစ်အတွဲကို ပိုင်ဆိုင်ထားတဲ့ နာပိုလီကိုပွဲချိန်ပြည့်တားဆီးနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ချန်ပီယံဆုရယူဖို့ နိုင်ပွဲရှာဖွေရမဲ့ နာပိုလီကိုပဲ အားပေးရမှာပါ။

**နာပိုလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နာပိုလီ | ၃ | - | ၀ | ခရီမိုနန်စီ |
| ဆက်ဆူအိုလို | ၀ | - | ၂ | နာပိုလီ |
| ဖရန့်ဖတ် | ၀ | - | ၂ | နာပိုလီ |
| အမ်ပိုလီ | ၀ | - | ၂ | နာပိုလီ |
| နာပိုလီ | ၀ | - | ၂ | လာဇီယို |

**အတ္တလန်တာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆက်ဆူအိုလို | ၁ | - | ၀ | အတ္တလန်တာ |
| လာဇီယို | ၀ | - | ၂ | အတ္တလန်တာ |
| အတ္တလန်တာ | ၁ | - | ၂ | လက်ချီ |
| အေစီမီလန် | ၂ | - | ၀ | အတ္တလန်တာ |
| အတ္တလန်တာ | ၀ | - | ၀ | အူဒီးနီးစ် |

# မြန်မာနှင့် အာဆီယံဒေသတွင်းနိုင်ငံများကြား ယခုဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလကုန်ထိ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၃၀၈ ဘီလီယံဖိုး ဆောင်ရွက်နိုင်ခဲ့



**နေပြည်တော် မတ် ၉**

မြန်မာနှင့်အာဆီယံဒေသတွင်း နိုင်ငံများကြား ယခုဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလကုန်ထိ ကာလအတွင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၃၀၈ ဘီလီယံဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ကုန်သွယ်မှုမူဝါဒဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သွယ်ထံမှ သိရသည်။

မြန်မာနှင့်အာဆီယံဒေသတွင်း နိုင်ငံများကြား ယခုဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလထိ ကာလအတွင်း မြန်မာနိုင်ငံမှ အာဆီယံဒေသတွင်း နိုင်ငံများသို့ ပို့ကုန်ပမာဏ ၃ ဒသမ ၅၃၈ ဘီလီယံတန်ဖိုးရှိကုန်ပစ္စည်းများကို တင်ပို့ခဲ့ပြီး အာဆီယံဒေသတွင်း နိုင်ငံများမှ မြန်မာနိုင်ငံသို့ ကုန်ပစ္စည်းများ တင်သွင်းခဲ့မှုမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၇၇ ဘီလီယံတန်ဖိုးရှိကြောင်း သိရသည်။

"အာဆီယံဒေသတွင်း နိုင်ငံတွေထဲမှာ မြန်မာနိုင်ငံရဲ့အဓိကကုန်သွယ်ဖက်နိုင်ငံတွေကတော့ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှားနဲ့ ဗီယက်နမ်နိုင်ငံတွေဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အာဆီယံဒေသတွင်းရှိ နိုင်ငံတွေကို ရေထွက်ကုန်တွေ၊ စိုက်ပျိုးရေးထွက်ကုန်တွေနဲ့ သတ္တုကုန်ပစ္စည်းတွေကို အဓိကထား တင်ပို့လျက်ရှိပြီးတော့ အာဆီယံဒေသတွင်း နိုင်ငံတွေကနေ စက်မှုကုန်ကြမ်း၊ စက်သုံးဆီ၊ စားသုံးဆီနဲ့ စားသောက်ကုန်တွေကို အဓိကပြန်လည်တင်သွင်းလျက်ရှိပါတယ်"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သွယ်က ပြောပြသည်။

အာဆီယံဒေသသည် မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံးပြုလုပ်လျက်ရှိနေသော နိုင်ငံများထဲတွင် ထိပ်ဆုံးတွင်ရှိနေပြီး မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံးပြုလုပ်နေသော နိုင်ငံများထဲတွင် ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သည် ထိပ်ဆုံးနိုင်ငံများအဖြစ် တည်ရှိနေကြောင်း သိရသည်။

ASH

# ပွင့်ဖြူမြို့နယ် ဖလံကျင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပွင့်ဖြူ မတ် ၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ဖလံကျင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ တတိယအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက် ၉ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဝေမာမာအောင်က ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေမည့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များအနေဖြင့် မိမိရပ်ရွာရှိ ဒေသခံပြည်သူများ တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုး လုပ်ငန်းများဖော်ဆောင်ရာ၌ ရန်ပုံငွေလေလွင့်ဆုံးရှုံးမှုမဖြစ်စေအောင် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၂ ဒသမ ၃ သန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ဖလံကျင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၂ ဦးကို ငွေကျပ် ၁၃ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၃ ဦးကို ငွေကျပ် ၁၀ ဒသမ ၃ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၃ ဒသမ ၆ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၄ ဒသမ ၉ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၂၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၂ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

**ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်**






## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ နိုင်ငံရေး
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။
- (ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

၂။ စီးပွားရေး
- (က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- (ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- (ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။
- (ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ လူမှုရေး
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- (ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။
- (ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ မိမိတို့နိုင်ငံရှိ စီးပွားရေးလုပ်ငန်းများတွင် ဘက်ပေါင်းစုံမှ အထောက်အကူပြုသည့်လုပ်ငန်းမှာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းပင်ဖြစ်...

❖ ပြည်တွင်းပြည်ပခရီးသွားလာမှုများကြောင့် ဒေသတွင်းရောင်းဝယ်ဖောက်ကားမှုများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လည်ပတ်နိုင်ခြင်းကြောင့် လည်ပတ်သုံးစွဲငွေများတိုးမြှင့်လာမည်ဖြစ်...

❖ ပြည်ပခရီးသွားများ ဝင်ရောက်ခြင်းကြောင့် နိုင်ငံခြားဝင်ငွေများ ပိုမိုရရှိလာနိုင်မည်ဖြစ်...

❖ ထို့ကြောင့် ကမ္ဘာလှည့်ခရီးသွားများဝင်ရောက်မှုရှိစေရေး နိုင်ငံတော်အနေဖြင့် စီမံဆောင်ရွက်လျက်ရှိ...

❖ ပြည်တွင်းပြည်ပခရီးသွားလာမှုများမြှင့်တင်ဆောင်ရွက်နိုင်မည်ဆိုပါက စီးပွားရေးအရ များစွာတိုးတက်ပြောင်းလဲလာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင်ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၈/၂၀၂၂)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊NUG၊PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့အဖြစ် အင်္ဂလိပ်စာဘာသာရပ် ဆက်လက်ဖြေဆို

စာမျက်နှာ - ၂၀

တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်) ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

စာမျက်နှာ - ၁၁

## မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၄)တွင် မြဝတီအက်ဖ်စီအသင်းက ရောဝတီယူနိုက်တက်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိ

ရန်ကုန် မတ် ၉

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၄)အဖြစ် ယနေ့ညနေပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မြဝတီအက်ဖ်စီအသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အပြန်အလှန်သွင်းဂိုးများဖြင့် မြဝတီအက်ဖ်စီအသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်းသိရသည်။

အဆိုပါပွဲစဉ်၌ ပွဲစကတည်းက နှစ်သင်းလုံး ခြေစွမ်းပိုင်းကွာခြားမှုမရှိဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့်

စာမျက်နှာ ၁၆ ကော်လံ ၁ ☆




မြဝတီအက်ဖ်စီအသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။



အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563